မုံရွေးစာအုပ်တိုက်

သူရေး၍ သူကြိုက်သောဝတ္ထုတိုများ

မြင့်သန်း

မုံရွေးစာအုပ်တိုက်

အမှတ် ၃၄၂၊ မြေညီထပ်၊

ကမ်းနားလမ်းနှင့် ၃၂ လမ်းထောင့်

လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၂၄၃၇၇၂

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၁၆၈/၉၇(၄)]

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၈၉/ ၉၇ (၈)]

မျက်နှာဖုံးပန်းချီ

စိုးနိုင်

....

ပုံနှိပ်ခြင်း

ပထမအကြိမ်

အုပ်ရေ - ၁၀၀၀

....

ထုတ်ဝေခြင်း

၁၉၉၇၊ နိုဝင်ဘာ

....

ကွန်ပျူတာစာစီ

ရတနာ

....

စာအုပ်ချုပ်

ကိုမြင့်

ထုတ်ဝေသူ - ဦးမြင့်သန်း (၀၁၅၀)၊ အသိုင်းအဝိုင်းစာပေ အမှတ်- ၃၅၊ ဇွဲဆုံရပ်ကွက်၊

ကမ္ဘာ့အေး၊ ရန်ကုန်။

ပုံနှိပ်သူ - ဒေါ်ရှုခင် (၀၅၄၄၉)၊ ဝင်းလိုက်မိတ် အမှတ် ၃၅၂၊ စရည်းပင်လမ်း၊ သုဝဏ္ဏ၊
ရန်ကုန်

သျှောင်တစောင်းနှင့်
ဦးမှူ၏သား
မောင်သိမ်း ဖတ်ဖို့ ...

အမှာ

(၁)

ကျွန်တော်သည် ဝတ္ထုတိုကို ဝတ္ထုရှည်ထက် ပို၍ သာယာတတ်ပါသည်။ ဤနေရာတွင် ကျွန်တော်နှင့် အားလုံး တစ်သဘောတည်းဖြစ်ရန် မမျှော်လင့်ထားပါ။ ထို့ပြင်၊ ဝတ္ထုရှည်ကို ကျွန်တော် သဘောမတွေ့ဟု ဆိုလိုသည် မဟုတ်ကြောင်းလည်း တင်ကူး၍ ပြောထားပါရစေ။ ဝတ္ထုတိုသည် လည်းကောင်း၊ ဝတ္ထုရှည်သည် လည်းကောင်း အနုပညာပစ္စည်း တစ်စုံတစ်ရာဟု ကျွန်တော် မြင်ပါသည်။ အသိပညာ တစ်စုံတစ်ရာကို ပေးနိုင်သည်ချည်း ဖြစ်ကြပါသည်။ သို့ရာတွင် ဝတ္ထုအတိုသည် လည်းကောင်း၊ အရှည်သည် လည်းကောင်း၊ အသိပညာ ဖြန့်ဖြူးရေးလက်နက်သာ ဖြစ်သည်ဟူ၍ကား ပုံသေမှတ်ယူထားရန် မသင့်ပါ။ ဝတ္ထုသည် အနုပညာပစ္စည်း တစ်စုံတစ်ရာလည်း ဖြစ်သည့်အတွက် အနုပညာရှင်၏ ဖန်တီးမှုတစ်ရပ် ဖြစ်သည်ကိုလည်း လက်ခံထားရပါမည်။ အနုပညာရှင်က ဖန်တီးသော ပစ္စည်းတစ်စုံတစ်ရာတိုင်းသည် အသိပညာ ဖြန့်ဖြူးရန်အတွက် ကြားခံပစ္စည်းဖြစ်သည် ဟူ၍လည်း အမြဲတစေ လက်ခံထား၍လည်း မဖြစ်ပါ။ အကြောင်းမှာ အနုပညာ ဖန်တီးမှုတိုင်းတွင် ရည်ရွယ်ရင်း အကြောင်းတစ်စုံတစ်ရာ ပါရှိခဲ့ သော်လည်း ထိုရည်ရွယ်ရင်း အကြောင်းတစ်စုံတစ်ရာတိုင်းသည် အသိပညာ ဖြန့်ဖြူးရေးကိုသာ ရည်ရွယ်ထားသည် မဟုတ်ကြပါ။ ဤနေရာတွင် "ကျောင်းဆရာတိုင်းသည် ဝတ္ထုရေးဆရာများ မဟုတ်ကြသကဲ့သို့၊ ဝတ္ထုရေးဆရာတိုင်းသည် ကျောင်းဆရာများ မဟုတ်သည်ကို သတိပြုကြစေလိုပါသည်။"

ဝတ္ထုကိုလည်းကောင်း၊ အနုပညာပစ္စည်း တစ်စုံတစ်ရာကို လည်းကောင်း ဖန်တီးရန်အတွက် အသိပညာ လိုပါသည်။ ဤနေရာတွင်လည်း အသိပညာကို ကျောင်းသင်ပညာနှင့် ရောထွေးမပစ်စေလိုပါ။ ကျောင်းသင်ပညာတို့သည် ပညာရပ်များ ဖြစ်သော်လည်း အသိပညာစစ် တစ်စုံတစ်ရာ ဖြစ်ကောင်းမှ ဖြစ်ပါမည်။ ဖြန့်ဖြူးရန်အတွက် လည်းကောင်း၊ သုံးစွဲရန်အတွက် လည်းကောင်း တန်ဖိုးများစွာ ရှိကောင်းမည် ဖြစ်သော်လည်း၊ ဖန်တီးမှုအတွက် အရာဝင်ကောင်းမှ ဝင်ပါမည်။ ဝတ္ထုရေးသူအတွက် ဖြစ်စေ၊ အနုပညာဖန်တီးသူအတွက် ဖြစ်စေ၊ ဖန်တီးမှုမှာ ပိုမို အရေးကြီးလှပါသည်။ ဖန်တီးရန်အတွက် အသိပညာတစ်စုံတစ်ရာ လိုသည်မှာ ငြင်း၍ မဖြစ်ပါ။ သို့ရာတွင် အသိပညာသည် ဖန်တီးမှုအတွက် နည်းလမ်းသော် လည်းကောင်း၊ စည်းကမ်းသော် လည်းကောင်း မဟုတ်ပါ။ အသိပညာက ဖန်တီးပေးသည် မဟုတ်ပါ။ အသိပညာဖြင့် ဖန်တီးခြင်းသာ ဖြစ်ပါသည်။ အသိပညာအားဖြင့် ရေရာခြင်း မရှိခဲ့သော

စိတ်ကူးထည်များ၊ စိတ်ကူးပုံစံများကို အနုပညာပစ္စည်း တစ်ခုအဖြစ် ပြောင်းလဲခဲ့ခြင်း ဖြစ်ပါသည်။ ထိုအခါ အသိပညာသည် စွမ်းအင်၊ သြဇာအာဏာ ဖြစ်ခဲ့ရပါတော့သည်။

အနုပညာပစ္စည်းတို့တွင် စွမ်းအင်သြဇာအာဏာ ရှိပါသည်။ အသိပညာနှင့် သြဇာအာဏာတို့၏ အပြန်အလှန် ဆက်သွယ်မှုကို တွေ့ရတတ်ပါသည်။ အသိပညာဖြင့် ဖန်တီးထားခဲ့သော အနုပညာပစ္စည်းသည် အနုပညာရှင်၏ လက်မှ လွတ်ထွက်သွားပြီးနောက် အနုပညာကို တွေ့မြင်၊ သိရှိ၊ ခံစားသူတို့၏ လက်တွင်း၌ အဆုံးအဖြတ် တစ်စုံတစ်ရာကို ဖြစ်စေပါသည်။ သဘောထားတူညီခြင်း၊ မတူညီခြင်း၊ ကောင်းမကောင်း ဆုံးဖြတ်ခြင်း စသည်တို့ကို ဖြစ်ပေါ်လာစေရန် အနုပညာဖန်တီးသူ၏ အသိပညာ သြဇာအာဏာအဖြစ် ပြောင်းလဲလာခဲ့ခြင်း ကြောင့်သာ ဖြစ်ပါသည်။ ဤနေရာတွင် အသိပညာ၏ မှန်ကန်မှုကို ဆွေးနွေးသည် မဟုတ်ပါ။ အသိပညာ၏ အနေအထားကို ဆွေးနွေးသည်သာ ဖြစ်ပါသည်။ အသိပညာ၏ ပါဝင်ပတ်သက်မှုဖြင့် ဖန်တီးထားခဲ့သော အနုပညာပစ္စည်း တစ်စုံတစ်ရာတွင် အနုပညာရှင်၏ ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ထားခဲ့သော အသိပညာ ဖြန့်ဖြူးမှုအပိုင်း ပါဝင်နေခဲ့ခြင်းများ ရှိကောင်းရှိနေမည်။ သို့မဟုတ် ရှိကောင်းရှိနေခဲ့မည် ဖြစ်သော်လည်း၊ ပုံသေကားချပ် မှတ်ယူထား၍မရ။ အနုပညာပစ္စည်းတို့တွင် အမြဲတစေ ပါဝင်နေခဲ့သည်မှာ အနုပညာရှင်၏ စွမ်းအင်၊ သြဇာအာဏာသာ ဖြစ်ပါသည်။

အထက်ပါ ရေးသားချက်မှာ စင်စစ် "ဝတ္ထုတို/ရှည်တို့သည် အသိပညာ တစ်စုံတစ်ခုကို ပေးသည်" ဟူသော အမြင်/အဆိုကို ကျွန်တော့်အနေဖြင့် အကြွင်းမဲ့ လက်ခံမထားနိုင်ကြောင်း ရှင်းလင်းပြဆိုလိုခြင်းသာ ဖြစ်ပါသည်။ ခြွင်းချက်ဖြင့်သာ လက်ခံနိုင်ပါမည်။ ဆရာလုပ်သည်ဟူ၍ လည်းကောင်း၊ တစ်စုံတစ်ယောက်၏ အမြင်ကို ငြင်းဆိုသည် ဟူ၍လည်း ကောင်း မမှတ်ယူကြစေလိုပါ။

(၂)

အနုပညာရှင်တို့သည် သူတို့၏အလုပ်ကို သူတို့လုပ်ကြသည်သာ များပါသည်။ သူတို့က ဝါဒတစ်ရပ် ထူထောင်ရန် လည်းကောင်း၊ ခေတ်တစ်ခေတ် ထူထောင်ရန် လည်းကောင်း ကြိုးပမ်းကြသည် မဟုတ်။ သူတို့ ဖော်ထုတ်ချင်သော အနုပညာပစ္စည်းအား သူတို့၏ စနစ်တစ်ရပ်အတွင်းမှ ဖော်ထုတ်ကြခြင်း ဖြစ်ပါသည်။ စာပေ၊ ဂီတ... အစရှိသည့် အနုပညာအစုံစုံတို့အား သတ်မှတ်ပိုင်းခြားသည်မှာ အနုပညာသမိုင်းပညာရှင်များ၊ ရသပညာရှင်များ စသူတို့၏ အလုပ်တစ်ခု ဖြစ်ခဲ့ပါသည်။ အလားတူပင် အနုပညာရှင်များ တစ်စုံတစ်ရာ ထုတ်ဖော်ရာတွင် အနုပညာရှင်က ဝေဖန်ခံရရန် လည်းကောင်း၊ ဝေဖန်ခြင်းကို အံတုရန် လည်းကောင်း

ရည်ရွယ်၍ လုပ်ဆောင်ခဲ့သည် မဟုတ်။ အနုပညာရှင်က အနုပညာပစ္စည်း တစ်စုံတစ်ရာ ဖော်ထုတ်ခြင်းဖြင့် တံခါးကို ဖွင့်ပေးလိုက်သည်နှင့်သာ တူပါသည်။ အခြားသူများ ဝင်လိုဝင်၊ ထွက်လိုထွက် လုပ်နိုင်ကြရန်သာ ဖြစ်ပါသည်။

ဤတွင် ဝင်သူ၊ ထွက်သူများ၏ အရည်အချင်းက စကားပြော လာပါသည်။ ဝင်သူ၊ ထွက်သူတို့ ဂုဏ်ရည်တစ်ရပ်ဖြစ်သော လုပ်ပိုင်ခွင့်နှင့် သြဇာအာဏာသည် အရေးပါသော အချက်တစ်ရပ် ဖြစ်လာပါသည်။ ထိုသူတို့၏ ကျောင်းသင်ပညာအရည်အချင်း ဖြစ်စေ၊ အတွေ့အကြုံ အရည်အချင်းများစွာကို ဖြစ်စေ တည်မှီ၍ လူ့အဖွဲ့အစည်းက လက်ခံထားသော၊ သို့မဟုတ် လူ့အဖွဲ့အစည်းက လက်ခံနိုင်သော ဂုဏ်ရည်များ ရှိရပါသည်။ ဥပမာအဖြစ် စာချဘုန်းကြီးနှင့် သူ၏တပည့်များကို ပြချင်ပါသည်။ စာချဘုန်းကြီးတွင် ဂုဏ်ရည်တစ်ရပ်၊ အရည်အချင်းတစ်ရပ် ရှိရပါမည်။ သို့မှသာ စာချဘုန်းကြီး ဖြစ်နိုင်ပါသည်။ စာချဘုန်းကြီးတွင် ရှိနေသော အသိပညာသည် သူ၏သြဇာအာဏာကို ဖြစ်စေခဲ့သည်ကို မငြင်းဆိုနိုင်ပါ စာသင်သားတို့၏ "အကျိုးစီးပွား" အလို့ငှာ စာချဘုန်းကြီးက ကောင်းခြင်း/ဆိုးခြင်းကို လည်းကောင်း၊ သင့်/မသင့်ကို လည်းကောင်း ပြောဆိုနိုင်ပါသည်။ ပြောရေးဆိုခွင့်လည်း ရှိသည်။ စာချဘုန်းကြီး၏ ၎င်း၌ လိုအပ်သော အသိပညာအရာတွင် ပြည့်ဝခြင်းသည် ၎င်းက ဆုံးဖြတ်နိုင်သော ခွန်အား၊ စွမ်းအင်နှင့် သြဇာအာဏာကို ဖြစ်စေခဲ့ပါသည်။ စာချဘုန်းကြီး၏ စာသင်သားများပေါ်သို့ ဆုံးဖြတ်ပြောဆိုချက်အား စာသင်သားများက လက်ခံခြင်း၊ ငြင်းဆို၍ လက်ခံခြင်းများကို ပြုနိုင်ကြသော်လည်း၊ နည်းပါးစွာ ငြင်းဆို၍ ငြင်းဆိုခြင်းကို ပြုနိုင်လိမ့်မည်။ အကြောင်းရင်းမှာ စာချဘုန်းကြီး၌ ရှိခဲ့သော အသိပညာ တစ်စုံတစ် ရာကို မငြင်းဆိုနိုင်သောကြောင့် ဖြစ်ပါ သည်။

စာပေ၊ ဂီတ... အစရှိသည် အနုပညာတစ်စုံတစ်ရာကို ကာလပိုင်းခြားခြင်း၊ ဝေဖန်ခြင်း စသည်တို့ကို ပြုရန်မှာလည်း မိမိ ပါဝင်ပတ်သက်နေသော၊ လူ့အသိုက်အမြုံ၊ လူ့အဖွဲ့အစည်းနှင့် မိမိကျင်လည်နေသော နယ်ပယ်၏ လက်ခံထားသော အသိပညာ စံ'တစ်စုံတစ်ရာ လိုပါလိမ့်မည်။ သို့မှသာ မိမိ အားထုတ်ထားသော ဝေဖန်ရေး၊ ကာလပိုင်းခြားရေးများမှာ ထိရောက်၍ အကျိုးသက်ရောက်မှု ရှိပါလိမ့်မည်။ သို့မဟုတ်ပါက ဖုန်မှုန့်မထနိုင်သည့် ခွေးလေးခုန်နေသော အားထုတ်မှုအဖြစ်သာ အဆုံးသတ်ဖွယ် ရှိပါလိမ့်မည်။ အထူးသဖြင့် ဝေဖန်ရေးကောင်းတို့တွင် အသိပညာ၏ အခန်းကဏ္ဍကို မေ့လျော့ထား၍ မဖြစ်နိုင်ပါ။ ထို့အတူ ဝေဖန်ရေးအားဖြင့် မိမိက ပျံ့နှံ့စိမ့်ဝင်စေလိုသော အသိပညာတွင် မိမိ၏ အတ္တနောမတိ နည်းပါးမှုကလည်း အရေးကြီးလှပါသည်။ မိမိက ဆန္ဒတရားများစွာဖြင့် ဖြစ်စေလိုသော အသိပညာ တစ်စုံတစ်ရာမှာ ရိုးသားသော အသိပညာ မဟုတ်တော့ပါ။

တွင်းထဲက ဖားကလေး၏ ဝေဖန်ရေးနည်းစနစ်/ပုံစံမှာမူ ဘာလင်

အုတ်တံတိုင်းနှင့်အတူ ပြိုခဲ့ပြီဟု ထင်ပါသည်။

(၃)

ဤစာအုပ်တွင် ကျွန်တော် ရေးခဲ့သည်များထဲမှက ကျွန်တော်ကြိုက်သည့် ဝတ္ထုတိုအချို့ကို စုစည်းထားခြင်း ဖြစ်ပါသည်။ အချို့ ကျွန်တော်ကြိုက်သည့် ဝတ္ထုများ ဤစာအုပ်တွင် မပါဝင်နိုင်သေးပါ။ ဥပမာ 'ပြန်ချင်ပြီ ညီမောင်လှရဲ့' ကဲ့သို့သော ဝတ္ထုမျိုး ဖြစ်ပါသည်။ ထိုဝတ္ထုကလေးမျိုးကို 'ရောရောယောင်ယောင် မောင်ဘမောင်၏ ဝတ္ထုတိုများ' ဟူ၍ စုစည်းထားပါသည်။ အလျဉ်းသင့်သော် ထွက်လာပါလိမ့်မည်။

ကျွန်တော် ကျေးဇူးတင်ချင်သူများ ရှိပါသည်။ ဤနေရာမှပင် ကျေးဇူးတင်ပါရစေ။

အဖေရယ်၊ အမေရယ်၊ အရီးသာဒွေးရယ်... စသူတို့မှာ ကျွန်တော်၏ ရှိနေမှုတစ်ခုတည်း အတွက်ပင် အမြဲတစေ ကျေးဇူးတင်နေခဲ့ရပါသည်။ မမေ့မလျော့ နိုင်ခဲ့ပါ။ ဇနီးဖြစ်သူ ဒေါ်သန်းသန်းရည်ကသာ ကျွန်တော့်အား မကြာမကြာ နွားများအား ကြိမ်နှင့် တို့သကဲ့သို့ မတို့နိုင်ခဲ့ပါလျှင်လည်း ကျွန်တော်သည် ရေခဲမုန့်များဖြင့် တည်ဆောက်ထားသော နန်းတော်ကြီးများ အတွင်း ကခုန်၍သာ နေပါလိမ့်မည်။ စိတ်ကူးထည်များစွာကို စာလုံး/ စကားလုံးများအဖြစ် ဘဝပြောင်းပစ်ရန် ဝီရိယစိုက်ထုတ်ရေးအတွက် သူမထံမှ ရရှိခဲ့သည်ဖြစ်၍ သူမအား ကျေးဇူးမတင်၍ မဖြစ်။

သန်းဦးလှိုင်မှာ ကျွန်တော့်ထက် ကျွန်တော်၏စာကို ယုံသူဖြစ်သည်။ သူ မဂ္ဂဇင်းကိုင်ခဲ့သော အခါက ကျွန်တော့်စာများကို သုံးခဲ့သည်။ စင်စစ် ထိုအခါက သူ့အတွက် လွယ်ကူခဲ့သည် မဟုတ်။ သူသည် အနုပညာသည် ယောင်ယောင်၊ နိုင်ငံရေးသမား ယောင်ယောင်နှင့်၊ စင်စစ် အနုပညာအသိ နွမ်းပါးသည်သာမက၊ ချွတ်ခြုံကျနေသော လူတစ်စုနှင့် ခက်ခဲစွာ အလုပ်လုပ်ခဲ့ရသည်။ ကျွန်တော့်ဝတ္ထုများကို သုံးရန် အကြောက်အကန် တိုက်ခိုက်ခဲ့ရသူ ဖြစ်သည်။ ကျွန်တော့်ကို ယုံသော်လည်း ကျွန်တော်၏စာကို မယုံကြသော အယ်ဒီတာများ အကြား၊ သူ၏ ကျွန်တော့်စာများအပေါ် သူ ယုံကြည်ခဲ့မှုအတွက် ကျွန်တော် ကျေးဇူးမတင်၍ မဖြစ်။ (သူနှင့် အဆက် အသွယ် မရသည်မှာ ကြာခဲ့ပြီဖြစ်၍၊ သေသည်ရှင်သည် မသိရပါ။)

ဇော်ဇော်အောင်၊ မောင်ဇော်၊ ဦးဇော်မြင့်ကိုမူ ကျေးဇူးတင်ရန် နှစ်ခုရှိသည်ဟု ဆိုရပါမည်။ တစ်ခုမှာ သူ၏ရသပညာနှင့် စပ်လျဉ်းသော ရေးသားချက်ဖြစ်သည့် 'ဓားသံလျက်...' နှင့် ပတ်သက်၍ ဖြစ်ပါသည်။ အနုပညာနှင့် စပ်လျဉ်းသော သီဝရီများ၊ အနောက်တိုင်း နည်းစနစ်များ လေ့လာခဲ့သူများအနက် မောင်ဇော်သည်

သတ္တိရှိခဲ့သူတစ်ဦး ဖြစ်ခဲ့သည်ဟု ကျွန်တော် ဆိုချင်ပါသည်။ အကြောင်းမှာ သူလေ့လာသိရှိထားခဲ့သော ရသသီဝရီများ၊ နည်းပညာများကို ပြန်၍ ချပြခဲ့သောကြောင့် ဖြစ်ပါသည်။ အတော်များများမှာ သူ့ကဲ့သို့ ချပြခဲ့ကြသည် မဟုတ်ပါ။ သူက ပြန်လည် တင်ပြ၊ ချပြရာတွင် မြန်မာတို့ နားလည်လွယ်ရန် အားထုတ်ခဲ့သည်ကို တွေ့ခဲ့ရပါသည်။ ၎င်းမှာ ကြီးမားသော အားထုတ်မှုတစ်ရပ် ဖြစ်ပါသည်။ "ငါ့စကား နွားရဝါဒီ" အများအား မျက်မမြင်ဘဝမှ ကယ်တင်ရန် သူ အားထုတ်ခဲ့သည့်အတွက် သူ့ကို ကျေးဇူးတင်ရပါမည်။ ကျွန်တော်၏ စာများအပေါ် ယုံကြည်သူ နည်းပါးသဖြင့် ကျွန်တော့် ဘာသာ စာဆက် ရေးသင့်၊ မသင့် စဉ်းစားနေချိန်တွင် မောင်ဇော်သည် ကျွန်တော့်အား စီးပွားရေးတက္ကသိုလ် မဂ္ဂဇင်းတစ်ခုပေး၍ ထိုမဂ္ဂဇင်းပါ သူ့ဝတ္ထုတိုကို မြည်းစမ်းစေပါသည်။ ထိုဝတ္ထုမှာ (ကျွန်တော် အမှတ်မမှားဘူးဟုဆိုလျှင်) မိုးရေထဲက ကံ့ကော်ပင်(၏)လွမ်းချင်း ဖြစ်ပါသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ကျွန်တော့်အား သူ့ဝတ္ထု ဖတ်စေခဲ့သည်ကို ယခုတိုင် မေးမကြည့် ဖြစ်ခဲ့သော်လည်း ကျွန်တော့်တွင် သတ္တိကိုဖြစ်စေခဲ့၍ သူ့ကို ထပ်မံ ကျေးဇူးတင်ရပြန်ပါသည်။

ကျွန်တော် စာပိုရေးဖြစ်သည်မှာ ကိုဟိန်းလတ်၏ အားပေးမှုနှင့် ကင်း၍မဖြစ်။ သူသည် စာရေးရန် အမြဲတစေ အားပေးခဲ့သော်လည်း ကျွန်တော်သည် အလွန်ဝီရိယနည်းသူ ဖြစ်ပါသည်။ ဆင်ဒနီမြို့တွင် သူနှင့် တွေ့သည့်အခါကပင် သူက တိုက်တွန်းစေ့ဆော်သော်လည်း ကျွန်တော့်ဝီရိယမှာ ဆိုခဲ့ပြီးသည့်အတိုင်း ကောင်းလှသည် မဟုတ်။ မည်သို့ပင်ဖြစ်စေ၊ ကျွန်တော့်စာများ ဖြစ်မြောက်လာခြင်းအတွက် ကိုဟိန်းလတ်ကို ကျေးဇူးမတင်၍ မဖြစ်နိုင်ပါ။

ကျွန်တော့်ကို စာရေးရန် အမြဲတစေ အားပေးခဲ့ကြသော၊ အမျိုးသား စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ဆရာကလေး ဦးခင်မောင်တင်၊ စာရေး၍ တိုက်တွန်းလေ့ရှိသော မြဝင်း (ဒဿန)- (ယခု ပြည်မြို့က ကောလိပ်၏ ကျောင်းအုပ်ကြီး) နှင့် ဝေးလံသော အရပ်တစ်ပါး၌နေစဉ် စာအကြောင်း၊ ပေအကြောင်း တိုင်ပင်ဆွေးနွေးရသော နယူးအင်္ဂလန် တက္ကသိုလ်မှ ကထိက ကိုမြင့်ဖုံတို့ကိုလည်း ကျေးဇူးတင်ရပါသည်။

မောင်မောင်ကြီး (ငြိမ်းကျော်)ကို မေ့လျော့၍ မထားနိုင်။ ငြိမ်းကျော်မှာ စာမျိုးစုံ ရေးနိုင်သူ ဖြစ်သော်လည်း သူ၏ စာပေငယ်ချစ်မှာ သုတေသနလုပ်ငန်း ဖြစ်ပါသည်။ သူသည် အမြဲတစေ ကျွန်တော့်ကို "စာကောင်းကောင်း ရေးစမ်းပါ" ဟု ဆိုလေ့ရှိခဲ့သည်။ ဆိုလိုသည်မှာ ကျွန်တော့်ကို သုတေသနစာတမ်း၊ ဆောင်းပါး စသည်တို့ ရေးစေချင်သည်။ ၁၉၉၄ ခုနှစ်က ရွှေပြည်ကြီး၌ တစ်ရက်နှစ်ရက်ခန့် ရောက်သောအခါက သူနှင့် ကျွန်တော် တယ်လီဖုန်းပေါ်တွင် စကားပြောဖြစ်သော်၊ သူက ထုံးစံအတိုင်း "ကိုယ့်လူ၊ စာကောင်းကောင်း ရေးစမ်းပါ" ဟု ဆိုပြန်ပါသည်။ သူ၏ ကျန်းမာရေး အခြေအနေမှန်ကို မသိ၍ ကျွန်တော်က "ကိုယ့်လူ မသေခင် ဖတ်ရမှာပေါ့" ဟု ပြောခဲ့မိပါသည်။ တစ်နေ့

ကျွန်တော် ရေးဖြစ်၊ ထုတ်ဖြစ်ခဲ့လျှင် သူဖတ်ရတော့မည် မဟုတ်ပါ။ သူနှင့် ဘယ်တော့မှ ပြန်မတွေ့ရတော့ဘူး ဆိုသော အသိသည် ကျွန်တော့်ထံတွင် ကျွန်တော်၏ နောက်ဆုံးနေ့များတိုင် ဝမ်းနည်းစွာ မြဲစွဲ၍သာ နေပါတော့မည်။

မြင့်သန်း

မျက်ရည်ကို မယုံကြည်ကြသူများ

သန်္ဓါရတရားများ သံပတ်ကုန်းဆုံး၍ ရပ်တန့်သွားခဲ့ပြီဟု ပြောဆိုရန် မသင့်သော်လည်း လောက၏ ရင်ပြင်တစ်ခွင်လုံးသို့ ကြည့်လိုက်သည့် အခါတိုင်း တွေးထင်မိ မှားခဲ့ရသည်မှာ ကျွန်တော်တို့၏ အပြစ်ဟု မမြင်ကြစေလိုပါ။

နေ့အသစ်များစွာ ပေါ်ပေါက်လာခဲ့ပြီးနောက် ကွယ်လွန်ပျောက်ဆုံး သွားခဲ့သော်လည်း အရာရာသည် မနေ့က၊ တစ်နေ့ကနှင့် လွန်ခဲ့သော နှစ်ကာလများစွာက အတိုင်းပင် ဖြစ်ခဲ့သည် မဟုတ်လား။

မြက်သစ်ရွက်အိုများပေါ်တွင် တင်ငြိနေသော ဆောင်းနှင်းအသစ်များမှာ ဆန်းသစ်စွာ တီထွင်ထားမှုတစ်ရပ် မဟုတ်ကြောင်း ကျွန်တော်ကဲ့သို့ အားလုံး သိကြပါလိမ့်မည်။ ဆူညံသော ဈေးသည်မများနှင့်အတူ ကုန်စိမ်းကားများ မြို့တွင်းသို့ ဝင်လာပုံမှာ မြို့ပြ၏ ရနံ့များအတွင်း နေ့အသစ်တစ်ခုကို စတင်ရန် ကာလတစ်ခုသို့ ရောက်ခဲ့ပြီဖြစ်ကြောင်းကို နှိုးဆော်လိုက်သည်နှင့်သာ တူတော့၏ဟု ကျွန်တော်က ဆိုချင်ပါသည်။ ထိုအဆိုကို သင်က သဘောမတူသည့်တိုင် ကျွန်တော်က အငြင်းမပွားလိုပါ။ လုံလောက်သော ဆင်ခြေတစ်စုံတစ်ရာဖြင့် သင့်တွင်လည်း အမှန်တရားတစ်ခုခု ရှိကောင်းရှိမည် ဖြစ်ကြောင်း ကျွန်တော် နားလည်ပါသည်။

ဒြပ်မဲ့သော မာနတရားများ၏ လွှမ်းမိုးရိပ်အောက်တွင် ဒေါသကို ဖြစ်စေသော ကျွန်တော်တို့၏ အငြင်းအခုံများကို စွန့်လွှတ်ပစ်ရန် သင့်ခဲ့ပြီ ဆိုသည်ကို ကျွန်တော်တို့အားလုံး သိကြပါသည်။

စွန့်လွှတ်ပြီးခဲ့ပြီလား… ဟူသော မေးခွန်းကို တစ်ယောက်ယောက်က မေးလျှင် ကျွန်တော့်ကဲ့သို့ ကျွန်တော်တို့အားလုံး ဖြေနိုင်ကြလိမ့်မည် မဟုတ်ကြောင်း ကျွန်တော် ကောင်းကောင်းကြီး သိပါသည်။

ဘဝကို ကျေနပ်ခဲ့ပြီဖြစ်သော သူကမူ ထိုအမေးကို မဖြေသည်သာမက အသိအမှတ်ပင် ပြုလိမ့်မည်ဟု မထင်ပါ။ သူနှင့် သူ၏ မာနတရားများမှာ လွန်ခဲ့သော နှစ်ကာလများစွာက အတိုင်းပင် မဟုတ်လား။

***

ထိုအခါက ဖြစ်ပါ၏။

'ထိုအခါက' သည် ပျော်ရွှင်ဖွယ်ကောင်းသော နေ့ရက်များက ဖြစ်ပါသည်။ ဝေးလံသောအရပ်မှနေ၍ ပျော်ရွှင်ဖွယ် ကောင်းခဲ့သည့် နေ့ရက်များကို သာယာစွာ ငဲ့စောင်းကြည့်လိုက်သောအခါ ဟင့်နရီဝင့်ကလား၏ ဇွန်ဇီကို သတိရနေမိပါသည်။ ကြည့်ခြင်း၊ တွေ့ရခြင်းနှင့် သတိရခြင်းများမှာ သီးခြားစီ ဖြစ်သော ဖြစ်ရပ်များ ဖြစ်သော်လည်း ၎င်းတို့၏ ယှဉ်တွဲဖြစ်ပျက်ခြင်းတရားများ အကြောင်းကို ကျွန်တော် ရှင်းမပြနိုင်ပါ။

ပျော်ရွှင်ဖွယ်ကောင်းသော နေ့ရက်များအတွင်း၌ ကျွန်တော်တို့သည် မာနတရားများနှင့် မာနတရားများကို ပေါ်ပေါက်လာစေမည့် အကြောင်းများတောင် ဖြစ်ခဲ့လိမ့်မည်ဟူ၍ လည်းကောင်း၊ မြေတောင်မြှောက်နိုင်ခဲ့ လိမ့်မည်ဟူ၍ လည်းကောင်း မျှော်လင့်ထားခဲ့ခြင်း မရှိသည်မှာ အမှန်ပင်။ ရင်ကိုကော့၍ စည်းဝိုင်းအတွင်း ဝင်ခဲ့သည်မှာလည်း အမှန်ပင်။ လောကကို ရင်ဆိုင်ရပြီဟု တွေးထင်မိခဲ့သည်မှာလည်း အမှန်ပင်။ မြို့ပြ၏ယဉ်ကျေးခြင်း အကြောင်းအရာများကို မြည်းစမ်းရတော့မည် ဟု ဝမ်းမြောက်ခဲ့ရသည်မှာလည်း အမှန်ပင်။ ထင်မှတ်မှားခဲ့သော ကျွန်တော်၏ အမှန်တရားများအပေါ် တုန်လှုပ်ခြင်းမရှိသော သစ်ပုတ်ပင်အိုကိုမူ ကျွန်တော်က အပြစ်ဆိုချင်သော်လည်း ယခုတိုင် ကျွန်တော်သည် သစ်ပုတ်ပင်အိုကို ကြည့်မိတိုင်း သာယာနေခဲ့မိသဖြင့် အပြစ်မဆိုဖြစ်။ အဖြူရောင် တရုတ်စကားပွင့်များ ကျကြွေလေတိုင်း လှပခြင်း၏ ပုံစံသစ်များကို ဖော်ထုတ်ပေးလေ့ရှိသည့် မြက်ခင်း စိမ်းစိမ်းများကိုမူ ကျေးဇူးတင်ပါသည်။

လမ်းမြောင်ကလေးတစ်ခု၏ ထိပ်တွင် ရပ်နေသော ကျွန်တော့်ကို အဓိပတိလမ်းအတိုင်း တိုက်ခတ်လာသော အနောက်အရပ်မှ လေညင်းကလေးတစ်ခုက တိုက်ခတ်သွားခဲ့ပါသည်။

လေပြည်လေညင်း ရနံ့အတွင်း မြကျွန်းသာဟူသော အသုံးအနှုန်းကို ကျွန်တော်က အံ့သြသင့်စဖွယ် ခံစားကြည့်မိပါသည်။ ဆန်းသစ်သော ပတ်ဝန်းကျင်ထဲတွင် ကျွန်တော်တို့၏ သိမ်နုပ်သော စိတ်ကူးပုံစံများ အတွက် နေရာရှိမရှိကို ကျွန်တော် မသိပါ။ လူပေါင်းများစွာတို့၏ အလယ်တွင် ကျွန်တော်သည် အဖော်မဲ့နေခဲ့ပါပြီလား။

ကင်းဘရစ် ကျောင်းတော်ကြီးဘက်မှ လျှော်ခတ်လာခဲ့သော လှေသမားတချို့ အင်းလျားကန်စပ်တွင် ရွှေနားပါသော ကုတ်အင်္ကျီဝတ်၍ နားနေပုံကို ကျွန်တော်ကြည့်ရင်း သာယာနေမိခဲ့ပုံကို ယခုတိုင် သတိရနေပါသည်။

ထိုအခါက သာယာစဖွယ် ရှိနေခဲ့သော အင်းလျားကန်စပ်ကို ယခုအခါဝယ် အင်းလျားကန်စပ်နှင့် ခွဲခြားပြ၍ ရနိုင်မည်မဟုတ်ပါ။ မိုက်မဲသော ကျွန်တော်က ခြင်းလုံးခတ် ကစားရန် ဝိဇ္ဇာခန်းမရှေ့က မြက်ခင်းပြင်ကို ရွေးချယ်လိုက်မိခြင်းသည်

ကျွန်တော်၏ မိုက်မဲမှုကို ရှေ့တန်းတင်သကဲ့သို့ ဖြစ်ပါသည်။

ကျွန်တော်သည် သူတို့နှင့်အတူ စိတ်ကူးထဲ ခြင်းလုံးတစ်လုံးကို ခတ်ကစားရင်း သူတို့နှင့် အပေါင်းအသင်း ဖြစ်ခဲ့ရပါပြီ။ စည်းဝိုင်းအတွင်းသို့ ရင်ကော့ရင်း ဝင်ရောက်ခဲ့သော ကျွန်တော်သည် သူတို့နှင့်အတူ "ကျွန်တော်တို့" ဟူသော အသုံးအနှုန်းအောက်၌ ကျေနပ်စွာ အပေါင်းအသင်း ဖြစ်ခဲ့ကြပြီ။ လောကသစ်ကို ရဲတင်းစွာဖြင့် ကြည့်လိုက်ကြပေပြီ။ ထိုအခါကမူ ပျော်ရွှင်စရာ ကောင်းခဲ့ပါ၏။

***

ထိုအခါကပင် ဖြစ်ပါ၏။ နှုတ်ခမ်းများပင် လိပ်နေခဲ့ပြီဖြစ်သော ဝိဇ္ဇာခန်းမရှေ့က လှေကားထစ်များ၏ အဆုံးတွင် ငုတ်တုတ်ထိုင်၍ ကျွန်တော်တို့ကို ကြည့်နေလေ့ရှိသော ကုလားအဘိုးကြီး အင်သနီကို ယခုတိုင် သတိရနေမိပါသည်။

သနားသောအကြည့်၊ ကြင်နာသော အကြည့်များဖြင့် ကြည့်လေ့ရှိသော သူ၏မျက်လုံးဒဏ်ကို ကျွန်တော်နှင့် သူတို့အားလုံး ခံနိုင်ခဲ့ပါသည်။ ထိုအခါက ကြည့်ခဲ့သော သူ၏ မျက်လုံးအတွင်းသို့ ကျွန်တော်တို့ ဝင်ရောက်ကာ ကျွန်တော်တို့အား ကြည့်ခဲ့မည်ဆိုလျှင် လောကကြီး၏ နေချင့်စဖွယ် ကောင်းခြင်းများ၊ သာယာစဖွယ် ကောင်းခြင်းများ အစရှိသည်များအပေါ် သံသယရှိကောင်း ရှိခဲ့ပါလိမ့်မည်။

ထောက်ယူဆယ်မမူ ညှံ့ဖျင်းသည့် အခါတိုင်း ကျွန်တော်တို့၏ စိတ်ကူးထည် ခြင်းလုံးတစ်လုံးမှာ မြေပြင်ပေါ်သို့ ကျ၍သာ နေခဲ့သော်လည်း ကျွန်တော်တို့ မမောမပန်းဘဲ ရှိခဲ့ကြပုံကို ယခုလို အခါမျိုး၌ပင် ထင်ယောင်မြင်ယောင် နေပါသေးသည်။

လေထဲတွင် အမြဲတင်မနေဘဲ ပြုတ်ကျ၍ မြေပြင်ပေါ် ထိုင်လိမ့်သွားသည့် အခါတိုင်း ထိုခြင်းလုံးအပေါ် သံသယမျက်လုံးများဖြင့် ကျွန်တော်နှင့်အတူ အားလုံးက ကြည့်မိပါသည်။ ခေတ်သစ်ကာလ၏ ဆင်ခြင်ခြင်းအဓိကဝါဒီများက စတင်လိုက်သော သံသယနှင့် ကျွန်တော်တို့၏ သံသယများမှာ မည်သည့်အခါမှ ရောထွေး၍ မသွားပါ။

မုန့်ဟင်းခါးအဖတ်များကဲ့သို့ စနစ်တကျ မဟုတ်လှသော ကျွန်တော်တို့၏ သံသယပုံစံများအပေါ် သူတို့က ပြုံးပြနေခဲ့သည် မဟုတ်ပါလား။ စာကြည့်တိုက်ထဲတွင် နို့ဆီမပါသော ကော်ဖီတစ်ခွက်ကို သကြားမထည့်ဘဲ သောက်နေသော ဆင်ခြင်ခြင်းဝါဒီအချို့ကို ကြည့်၍ ကျွန်တော်တို့ သဘော ကျနေမိပါသည်။

ကော်ဖီပန်းကန်ကို ဘယ်ဘက်လက်ဖြင့် ကိုင်၍လည်းကောင်း၊ ကော်ဖီခွက်ကို ညာဘက်လက်ဖြင့် ကိုင်၍လည်းကောင်း သူတို့သောက်နေပုံ၊ သို့မဟုတ်

ပြင်သစ်ပေါင်မုန့်ကြော်ပေါ်သို့ ညာဘက်လက်ဖြင့် ကိုင်ထားသော သကာရည်ခွက်ကို ငဲ့စောင်း၍ ဆမ်းလိုက်ပုံ၊ သို့တည်းမဟုတ် ပါးစပ်ကိုပိတ်၍ အစာကိုဝါးပုံ စသည် စသည်များကို ကျွန်တော်တို့ နမူနာယူရန် မသင့်ပါလား။

သူတို့ကိုကြည့်၍ တစ်နေ့သောအခါတွင် စနစ်တကျ ဖွဲ့စပ်ထား သော မုန့်ဟင်းခါးတစ်ခွက်ကို ပုံစံကျကျ စားသောက်ကြည့်မည် ဟူ၍ ကျွန်တော် စဉ်းစားခဲ့မိသည်မှာ ထိုစဉ်အခါက ဖြစ်ပါသည်။ ယခုအခါတွင်မူ ထိုစဉ်က စဉ်းစားသကဲ့သို့ မစဉ်းစားတော့ကြောင်းကို တင်ကူး၍ ဝန်ခံ ထားစမ်းပါရစေ။

ကျွန်တော်၏ စဉ်းစားခြင်းပုံစံများမှာ ကျွန်တော်တို့၏ စဉ်းစားခြင်း ပုံစံများနှင့် တစ်သားတည်းပင်ဟု ဆိုရန်မှာ မသင့်ပါ။

ကာလတရား၏ ပြုပျက်ပြောင်းလဲမှုများနှင့် အတူ ပြောင်းလဲတိုက်ခတ်လာသည့် အနောက်အရပ်မှ လေပြည်လေညင်းကို ခံစားရာတွင် ကျွန်တော်တို့အားလုံးအဖို့ တူညီသော ခံစားမှုတစ်ခုတည်းကို မဖြစ်ပေါ်စေခဲ့ပါ။ လေပြည်ညင်းကို ခံစားနေစဉ် တစ်ခဏမှာပင် တာအိုဆရာ လောင်ဇူး၏ နောက်သို့ ကောက်ကောက်ပါအောင် လိုက်သွားခဲ့သူလည်း ရှိခဲ့ပါသည်။ “ဘဝဆိုတာ တိုတိုလေးမို့ ပျော်ပျော်သာ နေကြပါစို့ရဲ့” ဟု ခံစားရင်း အက်ပီကူးရပ်နှင့် ပခုံးချင်းဖက်ကာ ထွက်ခွာသွားခဲ့သူ တစ်ယောက်မှာမူ ထိုအခါကပင် ကမာရွတ်သံလမ်းထိပ်မှ အရက်ဖြူဆိုင်တွင်သာ အချိန်ကုန်ဆုံးခဲ့ကြောင်း ကြားသိခဲ့ရပါသည်။

မိုက်မဲလှသော ကျွန်တော်တို့ကမူ စိတ်ကူးထည် ခြင်းလုံးတစ်လုံးကို ပြုတ်ကျမလာစေရန် မိုးကောင်းကင်သို့ တက်၍ ကြိုးတစ်ချောင်းဖြင့် ချိတ်ဆွဲထားနိုင်ရေးအတွက် ကြိုးပမ်းကြံစည်ရင်းဖြင့် တက္ကသိုလ်ပရိဝုဏ်အတွင်း ကျန်ရစ်ခဲ့ပုံမှာ ထိုစဉ်အခါကအဖို့ ပျော်ရွှင်စရာ တစ်ခုပါပေ။

ထိုအခါကပင် ဖြစ်ခဲ့ပါသေး၏။ တက္ကသိုလ်၏ နွေကာလလေးခုကို ကျော်ဖြတ်လာခဲ့ပြီးနောက် ကျွန်တော်တို့သည် တက္ကသိုလ်၏ ပရိဝုဏ် အတွင်းရှိ သစ်ပုပ်ပင်ကြီးကဲ့သို့လည်းကောင်း၊ ဂျပ်ဆင်မျှော်စင်ကဲ့သို့ လည်းကောင်း သူစိမ်းပြင်ပြင် မနေကြတော့ပါ။

လက်သည်းအရှည်ထားသော သူငယ်မများ၊ မျက်လုံးပေါ်တွင် ဆေးခြယ်သကြသော သူငယ်မကလေးများနှင့် ကဒ္ဒလီယာပန်းကို ကြိုက်သော သူငယ်မကလေးများ၏ အကြည့်၊ အပြုံး စသည်များအပေါ် တုံ့ပြန်သော တုန်လှုပ်မှုများ မရှိတော့သည်မှာလည်း အမှန်ပင်။ မြူးထူးခုန်ပေါက် နေကြသော သူယောင်မယ်ကလေးများ၏ အလှကို မြင်တွေ့ရသည့် အခါတိုင်း ကြည့်ချင်စဖွယ် ရှိခဲ့သော်လည်း ဘိုင်ရွန်၏ လှပစွာ လှမ်းလျှောက်နေသော သူမကဲ့သို့ ခံစား၍ ရကောင်းသည်ဟု မထင်တော့ပါ။

ချစ်ခြင်း၏ ဝင်ထွက်သွားလာရာ လမ်းတစ်လျှောက်တွင် ဆူးကြိုးခတ်၍ ထားလိုက်ကြပါသည်။ ဘဝသည် ချစ်ခြင်းမရှိသော်လည်း နေချင်ဖွယ် ဖြစ်သည်ကို ကျွန်တော်တို့ သိလိုက်ကြပြီးသော အခါက ကျွန်တော်တို့ အားလုံး ဝမ်းသာခဲ့ကြပုံမျိုးကို မည်သည့်ကာလတွင်မှ ပြန်၍ ရနိုင်တော့မည် မဟုတ်ပါ။

ဝါဒ်(စ်)ဝါ့သ်၏ ဒက်ဖိုးဒေးလ်ပန်းခင်း အလယ်တွင် မိုးသားတိမ်စိုင်များကဲ့သို့ ပြေးလွှားဆော့ကစား နေမိကြပါသည်။ စွေစောင်းသော 'ဆတ်' ၏ မျက်လုံးအိမ်များထဲသို့ ခုန်ဝင်ကာ ဘဝ၏ ငြီးငွေ့ဖွယ်ရာရှိခြင်းများ၊ သေခြင်းတရားများကို ကြည့်ရှုသုံးသပ်ရင်း ပျော်ရွှင်ချမ်းမြေ့ နေခဲ့ကြပါသည်။

စကားလုံးပေါင်း မြောက်မြားစွာ၊ စာလုံးပေါင်း မြောက်မြားစွာဖြင့် ဘဝကို တည်ဆောက်ပြီဟု ယူဆသောအခါ ကျွန်တော်တို့သည် ကျွန်တော်တို့၏ စိတ်ကူးထည် ခြင်းလုံးတစ်လုံးကို ငရဲမီး ထည့်ထားသော မိုးပျံပူဖောင်း တစ်လုံးနှင့် တွဲချီ၍ လွှတ်လိုက်ကြပါတော့သည်။ တစ်နေ့သောအခါတွင် မိုးပျံပူဖောင်းကလေး ပြန်လည်၍ မြေပြင်ပေါ်သို့ ကျလာလိမ့်မည်ဟု ထိုစဉ်က မတွေးခဲ့သည်သာမက မမြင်။

တက္ကသိုလ်ပရိဝုဏ်အတွင်း ဝယ်ယူတပ်ဆင် ထားခဲ့မိသော ပညာတတ်တို့၏ မှန်များကြောင့် ကျွန်တော်တို့သည် တကယ့်ဘဝနှင့် စိတ်ကူးထဲများ အတွင်းက ဘဝကို ကွဲကွဲပြားပြား မမြင်ပုံမှာ အဝတ်မျက်မှန် စီးတပ်၍ မြက်ခြောက်စားခိုင်းသည်နှင့် မတူပါလား။

အပြစ်တင်ကြမည်ဆိုလျှင် ကျွန်တော်တို့က ပုန်ကန်မှုအပ အခြားနည်းလမ်း မတွေ့တော့ပါ။ ရံဖန်ရံခါ တောင်ငူဆောင်ဘက်မှ ဘာသာဗေဒ မှန်တိုင်းကြီးများမှာ အောင်ရင်၏ လက်ဖက်ရည်ဆိုင်က ရေနွေးကြမ်းအိုးထဲသို့ စီးဆင်း ပျောက်ဆုံးသွားပုံကို ကြည့်၍ တရားရနေကြပါသည်။

လက်ဖက်ခြောက်အဟောင်းများ သွန်လေ့ရှိသော အောင်ရင်၏ လက်ဖက်ရည်ဆိုင်ထိပ်မှ ကုက္ကိုပင်အောက်၌ တူးဖော်ကြည့်မည်ဆိုလျှင် ရသပညာကျမ်းအချို့၏ နိဂုံးပိုင်းများ၊ အရောင်မပါသော ကဗျာစာအုပ်ကလေးများ၊ ဝင်ဆာအင်နယူတန် ဆေးတောင့်အိုကလေးများနှင့် သရုပ်မှန်ဝါဒသစ်၏ ဆူးကြောင့်ကလေး အများအပြားကို တွေ့ရှိရလိမ့်မည်ဟု ထင်မိ နေပါသေးသည်။ ပိုလျှံနေခဲ့ပြီဖြစ်သော မာနတရားအချို့ကို ထိုစဉ်အခါကပင်လျှင် ကျွန်တော်တို့က သင့်တင့်လျောက်ပတ်ရာ နေရာတစ်ခုတွင် မြှုပ်နှံပစ်ရန်သင့်သည် မဟုတ်ပါလား။ သင်လည်း ကျွန်တော်တို့ကဲ့သို့ သိသောအကြောင်းတစ်ခု ရှိပါသည်။

တကယ့်ဘဝတွင် ဖြစ်သင့်ခြင်းနှင့် အမှန်တကယ် 'ဖြစ်နေခြင်း' တို့က ခရီးတစ်သောင်းမျှမက ဝေးကြသည် မဟုတ်ဘူးလား။

***

ထိုစဉ်အခါကို ကျော်လွန်ခဲ့ပါပြီ။ ဆယ်စုနှစ်တစ်ခုမျှမက၊ တက္ကသိုလ်၏ ပရိဝုဏ်အတွင်း ကာလတရားများကို သုံးစွဲပစ်လိုက်ခဲ့ပြီးသည့်နောက် တိုးပွားဆဲဖြစ်သော မာနအချို့နှင့်အတူ ကျွန်တော်တို့က တကယ့်ဘဝကြီး အတွင်းသို့ ခုန်ဆင်းကြရန် ဆုံးဖြတ်လိုက်ကြပါသည်။

သားရေအဖုံးထူထူနှင့် စာအုပ်ကြီးများ အကြားမှ လောကကြီးကို ခေါင်းပြူ၍ ခေတ္တမျှ စူးစမ်းကြည့်ရန် တစ်ယောက်ယောက်က တားသည့်တိုင်၊ ကျွန်တော်တို့ လက်မခံတော့ပါ။ သုံးစွဲမည်ဆိုလျှင် ‘ကံ့ကော်တောကို စွန့်ခဲ့ပြီ’ ဟူသော အသုံးအနှုန်းကို ကျွန်တော်တို့၏ ဆရာထံမှ ချေးငှား၍ သုံးစွဲရန်သင့်သော်လည်း၊ ကျွန်တော်တို့အပေါ် သနားစိတ်နှင့် ကြည့်မည့်သူ အနည်းဆုံး တစ်ယောက်မျှ မတွေ့ရသည့်အတွက် ထိုအသုံးအနှုန်းကိုလည်း မသုံးဖြစ်ပါ။ နံပါတ်တစ်ဆယ့်ခြောက် ဘတ်စ်ကားပေါ်တွင် လူတစ်နေရာစာ ရရှိရေးအတွက် တိုးဝှေ့တက်လိုက်ပြီးသည့် အခါကပင် အဓိပတိလမ်းမထိပ်မှ ဘတ်စ်ကားဂိတ်တွင် ကျွန်တော်တို့၏ မာနတရားအချို့ ပြုတ်ကျကျန်ရစ်ခဲ့ကြောင်း သတိထားမိခဲ့ပါသည်။

ခရီးတစ်ခုတည်းကို သွားနေကြသူများအနက် ဘတ်စ်ကားစပယ်ယာက လက်မှတ်ဖိုး တောင်းခံလိုက်သောအခါ၊ ကျွန်တော်တို့ နေ့စဉ်လောက၏ တကယ့်ဘဝတံခါးဝတွင် ရပ်နေခဲ့ပါပြီ။ ပေါ့ပါးစွာ ဖြတ်သန်းသွားသော ဂဲလင့်ကားကလေးကို ကြည့်၍ ထွီခနဲ ထွေးထုတ်လိုက်သော ဘတ်စ်ကားမောင်းသမား၏ တံထွေးတစ်စက်အတွင်း မာနတရားများ မပါဘူးဟု သင်တို့က ပြောချင်ပါသလား။

ကျွန်တော်နှင့် ကျွန်တော်တို့ကမူ ဘာမှမပြောလိုတော့ပါ။ မာနတရားများကို ကျွန်တော်တို့ကဲ့သို့ စနစ်တကျ တည်ဆောက်ထားခဲ့ပါသလား ဟူ၍ စဉ်းစားကြည့်မိသည့်တိုင်၊ မည်သူကမျှ ထိုကိစ္စကို ပြဿနာတစ်ရပ်အဖြစ် မတင်ပြခဲ့ကြပါ။ လမ်းဆုံတစ်နေရာ ရောက်လျှင် ကျွန်တော်တို့ လမ်းခွဲကြပါတော့မည်။

‘လူအားလုံးသည် သေမျိုးဖြစ်၏’ ဟူသော အဆိုတစ်ရပ်ဖြင့် လုပ်ကိုင်စားသောက်ရန် တက္ကသိုလ်ပရိဝုဏ်အတွင်း ကျန်ရစ်ခဲ့သူများကို အမှတ်တရ လှည့်ကြည့်လိုက်မိသော ကျွန်တော်တို့၏ အကြည့်တွင် အကြင်နာကြည့်များ ပါခဲ့ပါသည်ဟု ဆိုလျှင် အားလုံးက ယုံကြစေလိုပါသည်။ ကျွန်တော်တို့အားလုံး လက်ဝါးချင်းရိုက်၍ လမ်းခွဲလိုက်ကြပါတော့သည်။

ဆက်လက်ခရီးထွက်၍ တကယ့်ဘဝထဲသို့ တိုးဝင်သွားကြသူများ အားလုံးတွင်

မာနနှင့် ဆတူရောစပ်ထားသော သံသယအချို့ပါရှိသွားပါသည်။

ဆူးလေဘုရားလမ်း အလယ်ကောင်တွင် လျှောက်နေသော ကျွန်တော့်ကို တစ်ယောက်ယောက်က ထမင်းခေါ် ကျွေးလျှင် ကောင်းပါလိမ့်မည် ဟူသော စိတ်ကူးတစ်ခုကို ကျွန်တော် ဘယ်ကရရှိခဲ့သည်ဟု မပြောနိုင်ပါ။ ဘဝဆိုတာ အိပ်မက်မဟုတ်ဘူး၊ ဘဝဆိုတာ စိတ်ကူးယဉ်စရာ မဟုတ်ဘူးဟု ကောလိပ်ကျောင်းကြီးများတွင် သင်ပေးလျှင် ကောင်းပါလိမ့်မည်ဟု တွေးမိသည်မှာလည်း အမှန်ပင်။ ခေါင်းလောင်းထိုး၍ အမှိုက်သိမ်းသော မြူနီစီပယ် အမှိုက်ကားများကလျှင်မူ ကျွန်တော်၏ လက်ကျန်မာနတရား အချို့နှင့်အတူ ဖရန်းစစ်ကိုပီ၏ ယုတ္တိဗေဒ စာအုပ်တစ်အုပ်ကိုပါ လွှင့်ပစ်လိုက်ပါမည်။

တစ်စစီ ကွဲပြတ်ထွက်သွားသော ကျွန်တော်တို့၏ ဘဝဖြစ်ခြင်းများသည် ကာလတရား၏ ကွာခြားမှုများ၊ ဒေသတရား၏ ကွာလှမ်းနေမှု များစွာ၏ အတွင်း၌ပင် ခွေးတံဆိပ် ဓာတ်ပြားတစ်ချပ်ကဲ့သို့ အမြဲပင် တစ်သံတည်း ထွက်နေခဲ့သည် ဆိုခြင်းကို ပြောပြလိုက်ချင်ပါသေးသည်။

***

တစ်ပိုင်းတစ်စစီ ရှိနေခဲ့ကြသော ကျွန်တော်တို့အားလုံးသည် တစ်နေရာတွင် ဆုံကြမည်ဆိုခြင်းနှင့် ဆုံကြသည်ဆိုခြင်း အကြောင်းများကို အဆန်းတကြယ်အဖြစ် မပြောလိုသော်လည်း ပြောရပါမည်။ စွန့်ပစ်သူနှင့် စွန့်ပစ်ခြင်း ခံရသူများ ဆုံစည်းလေ့ရှိရာ အရပ်ကို သုသာန်မြေဟူ၍ပင် အလွယ်တကူ ကျွန်တော်က ခေါ် ချင်ပါသည်။

ကျွန်တော်တို့ဟူသော အသုံးအနှုန်းသည် တစ်စစီ ပျောက်ဆုံးခဲ့ပြီး နောက်တစ်နေ့သော အခါတွင် 'တို့' ဟူသော စကားလုံးကိုပါ လွှင့်ပစ်ရပါလိမ့်မည်။

ကျွန်တော်ဟု သုံးစွဲမည့်သူ တစ်ဦးဦး နောက်ဆုံး ကျန်သည့်အခါ ယခု ကျွန်တော် ပြောပြခဲ့သည့် အကြောင်းများကို သူက သတိရစွာဖြင့် သင်တို့ကို ပြောပြပါလိမ့်ဦးမည်ဟု ကျွန်တော် ထင်ပါသည်။

ကျွန်တော်တို့ကို စွန့်ပစ်သွားခဲ့ပြီဖြစ်သူ တစ်ယောက်အတွက် ကျွန်တော်တို့အားလုံး စုရုံးရောက်ရှိလာကြပုံမှာ တိုင်ပင်ထားသကဲ့သို့ ဖြစ်ပါသည်။ အုတ်ဂူများအကြားက မြက်ကြမ်းများကို ပျော်ရွှင်စွာ စားနေကြသော ဆိတ်သားအမိ တစ်သိုက်၏ ရယ်မောသံများနှင့်အတူ ကုက္ကိုရွက်အချို့ ကျကြွေလာသောအခါက ဖြစ်ပါသည်။

ငြိမ်သက်နေခြင်းကို ဖြိုခွဲပစ်ရန် တစ်ယောက်ယောက်ကို ခေါ်လာခဲ့စေချင်ပါသည်။ ယခုအခါ သင်က လွမ်းဆွတ်ဖွယ် သီချင်းတစ်ပုဒ်ကို ဆိုပြသည့်တိုင် မည်သူကမျှ လွမ်းကြလိမ့်မည် မဟုတ်ပါ။ ဝိုင်းပတ်၍ သူ့ကို ကြည့်နေကြသူများ။အားလုံးသည် ဆုံးပါးစပြုလာပြီ ဖြစ်သော ကျွန်တော် 'တို့' ကို ပြန်လည်စုစည်းရင်း ပျော်ရွှင်ဖွယ် ကောင်းခဲ့သည့် အခါတစ်ခုကို ရှုမြင်နေကြကြောင်း ကျွန်တော် ရဲဝံ့စွာ ဆိုပါရစေ။

ညောင်ပင်ကြီးဆိပ်ကမ်းတွင် စပယ်ယာ လုပ်နေသူတစ်ယောက်၊ စိန်ဂျွန်းဈေးတွင် ဆေးရောင်းနေသူ တစ်ယောက်၊ မုတ္တမတွင် ကုန်ကူးနေသူ တစ်ယောက်၊ ပန်းဆိုးတန်းတွင် ကားပွဲစား လုပ်နေသူတစ်ယောက်... အစရှိသည့်၊ အစရှိသည့် ကျွန်တော်တို့ အားလုံးအဖို့ သူကဲ့သို့ ပျော်ရွှင်ဖွယ် ကောင်းသည့် အခါတစ်ခုကို အမြဲတစေ ရနေတော့မည် မဟုတ်ပါ။ သူသည် သူ၏ ဘဝတစ်လျှောက်လုံးကို သူ၏ စိတ်ကူးထည်များအတိုင်း ပျိုးထောင်ဆယ်မ၍ နေခဲ့ရင်း ယခုအခါ သေဆုံးခဲ့ရပါပြီ။ သူ၏ မိုက်မဲမှုများ၊ သူ၏ မှန်ကန်မှုများနှင့်အတူ ကောင်းကင်ယံမှ ပြုတ်ကျလာခဲ့သော မိုးပျံပူဖောင်းကလေး တစ်လုံးပါ သူနှင့်အတူ ကျွန်တော်တို့က မြှုပ်နှံပေးခဲ့ပါပြီ။ သူ၏ မာနတရားများကိုမူ မည်သူကမျှ မြှုပ်နှံပစ်လိုခြင်း မရှိသည်သာမက မြှုပ်နှံပစ်၍ရမည် မဟုတ်ကြောင်းလည်း ကျွန်တော်တို့ကဲ့သို့ အားလုံးက သိကောင်းသိကြပါလိမ့်မည်။

ဆိတ်သားအမိ၏ ရယ်သံနှင့်အတူ မည်သူမှ လိုက်ပါရယ်မောခြင်း မရှိကြပါ။ သူ၏ စွန့်ပစ်ခြင်းကို ကျွန်တော်တို့က ခံခဲ့ရပြီ ဖြစ်သော်လည်း သူကဲ့သို့ပင် ကျွန်တော်တို့လည်း ငိုကြွေးခြင်း မပြုကြရန် ဆုံးဖြတ်ထားခဲ့ကြသည် မဟုတ်လား။

■

သံပရာသီးသည် ချဉ်၏

ပြုတ်ကျလာခဲ့သော မိုးရေစက်များ ရပ်တန့်သွားသည့် အခါက မျှော်လင့်ခြင်းများ ကင်းမဲ့နေသော ကျွန်တော်သည် မိုးကောင်းကင်ကြီး တစ်ခုလုံးအား မော့၍ ကြည့်နေမိပါသည်။

ပေါက်ပြဲသွားခဲ့သော မိုးတိမ်စိုင်တစ်ခု အတွင်းမှ နေ၏ အလင်းရောင်တန်းအချို့ ထွက်လာပုံမှာ ကြည့်၍ မကောင်းပေဘူးလားဟု မည်သူကမျှ မပြောခဲ့ကြပါ။ ရည်ရွယ်ရင်းအကြောင်းတစ်ရပ် မရှိသော်လည်း ကျွန်တော်က တစ်စုံတစ်ရာကို ပြောပြချင်သည် မှန်သော်လည်း ကျွန်တော် ဘာမျှမပြောခဲ့။

မိုးရေစက်များ တင်နေသော မြက်ခင်းစိမ်းစိမ်း အပေါ်သို့ နေ၏ အလင်းတန်းအချို့က ထိခတ်လိုက်သော အခါများတွင် လင်းလက်သော အရောင်အချို့ ပေါ်ထွက်ခဲ့ခြင်းမှာ အဆန်းလား။

ယခင်အခါများကဲ့သို့ပင် သင်က တစ်ခုခုပြောရန် ရည်စူးနေခဲ့ပြီ ဖြစ်ကြောင်း ကျွန်တော် သိလိုက်သော်လည်း မသိသလို နေလိုက်ကြောင်း သင်လည်း သိပါသည် မဟုတ်လား။ ခဏမျှဖြစ်ဖြစ် သည်းခံ၍နေပါဦးဟု တောင်းပန်ပါရစေ။ ဘောင်ခွေ၍ တင်ထားသော ကင်းဘတ်ကို နေရာတကျ ထားလိုက်ပါဦးမည်။

မိုးရွာပြီးနောက် နေပူသည်ဖြစ်စေ၊ နေပူပြီးနောက် မိုးရွာသည်ဖြစ်စေ ကျွန်တော်နှင့် မဆိုင်လှပါ။ သန့်သော လေသစ်တချို့ ဝင်လာစေရန်အတွက်မူ အခန်း၏ ပြတင်းတံခါးပေါက်ကို ကျွန်တော် ဖွင့်ထားလိုက်ပါသည်။

ပြတင်းတံခါးကို ကျောပေး၍ တစ်စုံတစ်ရာမျှ ရေးခြစ်ထားခဲ့ခြင်း မရှိသေးသော ကင်းဘတ်စကို ကြည့်နေစဉ်မှာပင် မြေခွေးတစ်ကောင်က ကျွန်တော့်ကို စိုက်ကြည့်နေသည်ဟု ထင်မှတ်နေခဲ့ပါသည်။

သတ္တိနည်းပါးခဲ့သဖြင့် နောက်ကျောဘက်သို့ လှည့်မကြည့်ရဲသော ကျွန်တော့်ကို သင်က ရယ်မည်ဟု ဆိုလျှင် သင့်ရယ်သံမျှင်မျှင်ကလေးသည် သောကြာကြယ်အနားဌ်ပင် တွေ့ရတော့မည်ဖြစ်ကြောင်း ကျွန်တော် သိပြီးသားပါ။

***

ရှေးဦးစွာ ဝန်ခံလိုသော အကြောင်းတစ်ခုမှာ အဖြူရောင် နှစ်ဆယ့်သုံးမျိုးအနက် ကင်းဘတ်စ၏ အဖြူရောင်မှာ မည်သည့်အဖြူရောင် ဖြစ်ကြောင်း ကျွန်တော်၏ မသိမှုအကြောင်း ဖြစ်ပါသည်။

ကင်းဘတ်စကို ဘဝပြောင်းရန် ကျွန်တော် ဝန်လေးနေသရွေ့ ကင်းဘတ်စသည် ဘဝပြောင်းနိုင်မည် မဟုတ် ဆိုသည်ကို ကျွန်တော် အမှန်ပင် သိနေကြောင်း ကျွန်တော် သိပါသည်။

ဒေါသတရားနှင့်အတူ မာနကိုပါ သုတ်သင်ပြီးနောက် ကျွန်တော်သည် ပန်းချီကားတစ်ချပ် ဖြစ်ခဲ့ပါပြီ။

'မေပဲလ်' ရွက်များ အရောင်ပြောင်းလာခဲ့ခြင်းသည် သာယာသော 'အော်တွန်' ရာသီသို့ ရောက်ခဲ့ပြီဖြစ်သည်ကို နှိုးဆော်ခြင်း မဟုတ်ဘူးလား။

သမုဒ္ဒရာကြီး၏ အခြားတစ်ဖက်တွင်မူ နွေအခါတစ်ခုကို စတင်နေခဲ့ပြီဟု ကျွန်တော် သိနေမှုသည် မမှားနိုင်ပါ။ သတိရ လွမ်းဆွေးတတ်ခြင်းအတွက် ကျွန်တော့်ကို ခွင့်လွှတ်ကြပါ။

မမြင်နိုင်သော သမုဒ္ဒရာကြီး၏ အခြားတစ်ဖက်သို့ ပြတင်းတံခါးဝမှ တစ်ဆင့် ကြည့်လိုက်မိသောအခါ စိမ်းညို့နေသော ထင်းရှူးတောအုပ် တစ်ခုက ကျွန်တော့်ကို ကန့်သတ်မှုတစ်ခု၏ နိယာမတစ်ခုကို သင်ကြားပို့ချလိုက်ပါပြီ။

ထင်းရှူးတောအုပ်၏ နောက်ဘက်တွင် တောင်တန်းတစ်ခု ရှိနေခဲ့ခြင်းကို မမြင်ရသော်လည်း သိ၏။ ထင်းရှူးတောအုပ်၏ အခြားတစ်ဖက်ကိုဖြစ်စေ၊ ထင်းရှူးတောအုပ် နောက်ကွယ်ရှိ တောင်တန်း၏ အခြားတစ်ဖက်ကိုဖြစ်စေ ကျွန်တော် မမြင်ပါ။

အဝေးကြည့်မျက်မှန်၏ ထောက်ကူချက်ဖြင့်ပင် မမြင်ရသော အရာများတွင် ကျွန်တော်တို့လည်း ပါပါသည်။ ယခုအခါ တန်ခူးလကို ကျော်ခဲ့ပြီ ဖြစ်သော်လည်း ပူဆဲ၊ အိုက်ဆဲ။

ဆုတ်သွားသော ငမိုးရိပ်ချောင်းရေများကို အဖြူရောင် ဖျိုင်းတစ်အုပ်နှင့်အတူ ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာ တင်ထွဏ်းတစ်ယောက် ထိုင်၍ကြည့်နေမည်ကို ကျွန်တော် သိပါသည်။ သူ့ထံက အမည်းရောင်အချို့ကို ချေးငှား၍ ကင်းဘတ်စပေါ်တွင် အခြေခံလိုင်းများ ဖွဲ့စည်းလိုက်သောအခါ ကျွန်တော့်အတွက် သစ်ပင်တစ်ပင်နှင့် ကွင်းပြင်တစ်ခု ရပါပြီ။

ငြိမ်သက်ခြင်းများ၊ တည်ငြိမ်ခြင်းများ၊ ခြောက်သွေ့ခြင်းများနှင့်အတူ ကွေ့ကွင်းနေရသော ဖြစ်တည်မှုများ အားလုံး လာကြစေ...။

ကျွန်တော်က မရှိသော ပြတင်းတံခါးကို ဖွင့်ပေးရမှာလား၊ သင်၏ ထင်မြင်ချက်များကို ကျွန်တော်က တောင်းသဖြင့် သင်က မပေးချင်စမ်းပါနှင့်၊ ကနဦးကပင် ညွတ်လျက်ရှိခဲ့သော ကျွန်တော်၏စိတ်ကို ခြေမနှင့် ညှပ်၍ နှိုးလိုက်လျှင် 'လိုအပ်ချက်တရား' များ နိုးထလာပါလိမ့်မည်။ ဟောဂယ်မှာမူ နိုးထလိမ့်မည် မဟုတ်တော့ပါ။

အခေါက်ထူခဲ့သော၊ အခက်ဝေခဲ့သော သစ်ခြောက်ပင်အို တစ်ခုကို ကွင်းပြင်အလယ်ခေါင်တွင် မြင်စမ်းပါရစေ။ ထင်းရှူးတောထဲက ထွက်လာတာ တောထဲတွင် ဝက်ဝံနှင့် တွေ့ခဲ့သော တော်စတွိုင်းရဲ့ကောင်ကလေး မဟုတ်လား။ "ခိုင်းစရာရှိလျှင် ခေါ်ပါဗျာ" ဟု ပြောရလေ့ရှိသော သူ့ကို ခိုင်းရန် အကြောင်းမရှိသေး၍ ကျွန်တော် မခေါ်တော့ပါ။ သူနှင့် သူ၏ မိတ်ဆွေများ စပါးအရက်နှင့် ပေါင်မုန့်ကြမ်းကို စားလျက် ဝက်ဝံနှင့် တွေ့ခဲ့ရပုံကို ပြောပြရင်း ပျော်ရွှင်နေကြလိမ့်မည်ဟု ကျွန်တော်က သစ်ခြောက်ပင်အောက်တွင် ထိုင်ရင်း စဉ်းစားနေပါမည်။

ရှည်လျားစွာ အပေါင်းအသင်းဖြစ်ခဲ့သော ကျွန်တော်၏ စိတ်ကူးပုံစံ အားလုံးသည် ယခုအခါ သစ်ခြောက်ပင်အောက်၌ ပထမဆုံးအကြိမ် စုဝေးရောက်ရှိ နေကြသည်မှာ ကျွန်တော့်အဖို့ သတင်းကောင်းတစ်ခုပါ။

လောကကို အန်တုသော ပြုံးရယ်မှုများနှင့်အတူ ကခုန်လျက်ရှိသော ကျွန်တော်၏ ဝေဒနာများစွာကို စဉ်းငယ်မျှ သင်က သနားမပေးနိုင်ဘူးလား။

***

ပွင့်အန်၍ ကန်ထွက်သွားကြသော ကျွန်တော်၏ ခံစားမှုအားလုံးသည် ကင်းဘတ်စပေါ်တွင် တွဲလွဲခိုလျက် ရှိကြပါပြီ။

ကာလနှင့် အာကာသတို့၏ ဆက်စပ်ဖွဲ့စည်းမှု နယ်ပယ်အတွင်းမှာပင် ကျွန်တော်သည် ဒြပ်နှင့်ထု မရှိတော့ပါ။ ကွင်းပြင်အလယ်ခေါင်မှာ ရှိတာ သစ်ပင်ခြောက်ကြီး မဟုတ်ဘူးဆိုလျှင် လူ့အသိုက်အမြုံထဲမှာ ကွေ့ကွင်းနေတာ ကျွန်တော်လား၊ သင်လား၊ သင်တို့ တစ်ဦးချင်းစီလား၊ အားလုံးမဟုတ်လျှင် အားလုံးထဲက တစ်ယောက်စီ မဟုတ်လား။

အလျားနှင့် အနံမျှသာရှိသော ကျွန်တော်၏ ဖြစ်ခြင်းများသည် ကင်းဘတ်စပေါ်တွင် တည်နေကြသော်လည်း အရောင်အသွေး စုံလှသည် မဟုတ်ပါ။ ခြောက်သွေ့သော ကွင်းပြင်တစ်ခုလုံးတွင် ပန်းများ မပွင့်ကြပါ။ မြက်ခင်းစိမ်းစိမ်းများ

မရှိကြပါ။ 'ဗားသားဝဲလ်'သာ သူ၏ ပန်းချီကားများတွင် အစိမ်းရောင်ကို လှိုင်လှိုင်ကြီး မသုံးခဲ့လျှင် ကျွန်တော်၏ ကင်းဘတ်စ ဘဝပြောင်းချိန်တွင် အနည်းဆုံး မြက်ခင်းတစ်ခုတော့ ရှိကောင်းရှိပါလိမ့်မည်။ သစ်ခြောက်ပင်ပေါ်တွင်လည်း ရွက်ကြွင်းရွက်ဟောင်းများ ကျန်စေချင်ပါသေးသည်။ မိုးကောင်းကင်မှာမူ အပြာရောင်နှင့်သာ ထိုက်တန်ပါသည်။

ရသသီဝရီများကို ငြင်းပယ်လိုက်ပြီးသောအခါ အရောင်များ၏ နုခြင်း၊ ရင့်ခြင်းများနှင့် သမမျှတမှု အကြောင်းများကို ကျွန်တော် မပြောပြနိုင်တော့ပါ။

ပြတင်းတံခါးပေါက်၏ အခြားတစ်ဖက်ရှိ ထင်းရှူးတောအုပ်မှာ စိမ်းညို့နေဆဲ။ ကျွန်တော်၏ သစ်ခြောက်ပင်အတွက် ဝမ်းနည်းကြေကွဲစွာဖြင့် ကျကြွေခဲ့ရသော မျက်ရည်စများ စုပေါင်း၍ စီးဆင်းသွားမည်ဆိုလျှင် သာယာလှပသော စမ်းချောင်းကလေးတစ်ခု ဖြစ်လာလိမ့်မည် မှန်သော်လည်း မျက်ရည်များ ပျောက်ဆုံးခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ ဖြစ်ပါသည်။

အကယ်၍ ထိုစမ်းချောင်းကလေးသာ ရှိခဲ့လျှင် ကျွန်တော် စမ်းချောင်းကလေးနားတွင် ထိုင်၍ သီချင်းတစ်ပုဒ် ကောင်းကောင်း ဆိုပြလိုက်ချင်ပါသည်။ ဆိုပြသောသီချင်းကို နားထောင်မည့်သူများ မရှိကြသည့်တိုင် ကျွန်တော် သီချင်းတစ်ပုဒ်ကို ဆိုပါမည်။

ကွင်းပြင် အလယ်ခေါင်တွင် စမ်းချောင်းကလေး မရှိခဲ့သောကြောင့် ပျင်းရိစွာဖြင့် ကျွန်တော် ငုတ်တုတ်ထိုင်နေမိပါသည်။ တောင်ပံမဲ့သော ငှက်တစ်ကောင်သာ ပျံသန်းရင်း သီချင်းဆိုနေခဲ့သော်လည်း ကျွန်တော် မကြားမိပါ။ သန်မာသော ခေတ်ပြိုင်ကာလ၏ ကဗျာအချို့က သစ်ခြောက်ပင်၏ အကိုင်းများပေါ်သို့ ဆင်းသက်နားနေ လိုက်သောအခါ သေးငယ်သော ကိုင်းခြောက်အချို့မှာ မြေပြင်ပေါ်သို့ ကျလာခဲ့ပါသည်။ ကိုင်းခြောက်များ ကျလာပုံမှာ စနစ်တကျ မဟုတ်ပါ။

ပြိုးရယ်ရန် ကြံစည်လိုက်သော ကျွန်တော်၏ စိတ်ကူးများမှာ ခေတ်ပြိုင်ကာလ၏ ကဗျာများက ညည်းတွားလိုက်သော အသံပေါ်တွင် သာယာနေမိသဖြင့် မေ့လျော့ခြင်းအဖြစ်၌ တည်နေခဲ့ပါသည်။

ကာလတရားပေါင်း များစွာ၊ အာကာသပေါင်း များစွာကို ဖြတ်ကျော်လာခဲ့ကြသော ငှက်ငယ်ကလေးများ နားနေကြစဉ် ကျွန်တော်က သီချင်းတစ်ပုဒ်ကို ဆိုပါမည်။ ကျွန်တော်၏ ဖြစ်တည်ခဲ့သမျှ ကာလအတွင်း–

...ဝေးဝေး ထွက်ပြေးသွား...။ ကျုံးကို မုန်းလို့လား...

ဟူသော ဆင်မင်းကြီးထံက တစ်ပိုဒ်သာ ရသဖြင့် တစ်ယောက်ယောက်က

သာယာဖွယ်အခါတစ်ခု ပေါ်ပေါက်လာစေရန် သီချင်းတစ်ပုဒ်ကို ဆိုစေချင်ပါသည်။ သို့မဟုတ် စန္ဒရားဖြင့်ဖြစ်စေ၊ ပတ္တလားဖြင့်ဖြစ်စေ တွဲစပ်လုံးများကောင်းသော တေးအဖွဲ့တစ်ခုကို သာယာဖွယ် တီးခတ်စေချင်ပါသည်။ သို့တည်းမဟုတ် မိုနိုကက်ဆက်ကလေး တစ်ခုဖြင့်ပင်–

...ကိုကိုရေ နွေရောက်ပြီ...

သီချင်းကို ဖွင့်ပေးကြမည်ဆိုလျှင် ကျွန်တော်က မကျေနပ်ပါဟု ပြောရန်အကြောင်း ရှိတော့မည် မဟုတ်ပါ။ တစ်ခုတည်းသာ ကျန်တော့သည့် မကျေနပ်သော အကြောင်းတစ်ခုမှာ ပန်းချီကားအဖြစ် ဘဝပြောင်းခဲ့ပြီဖြစ်သော ကင်းဘတ်စပေါ်မှ သစ်ခြောက်ပင်ကို ခြောက်သွေ့၍ ပူလောင်သော နေရောင်ခြည်အောက်၌ မွေးဖွားထားလိုခြင်းသာ ဖြစ်ပါတော့သည်။ မေပဲလ်ရွက်များ ဝါချိန် ကုန်ဆုံးလုနီး၍ ဆောင်းသို့ ရောက်ပါတော့မည်။

ယုတ္တိနည်းလမ်းတကျ မဟုတ်သော်လည်း 'ထို့ကြောင့်' ဟူသော အသုံးအနှုန်းကို သုံးစွဲ၍ သင်နှင့်သင်တို့၏ နွေရာသီထဲသို့ ကျွန်တော်က သစ်ခြောက်ပင်အိုကို တွန်းပို့လိုက်ပါမည်။ သင်တို့အားလုံး ပျော်ရွှင်ကြပါစေလေ။

***

'ရွေးချယ်ခြင်း' ကို လူ၏ 'စံ'တစ်ခုအဖြစ် သတ်မှတ်ထားခဲ့ကြပြီ ဆိုလျှင် ကျွန်တော်လည်း တစ်ခုခု ရွေးချယ်ပါရစေ။

နေက နေ့အသစ်များကို တစ်ခုစီ ဖြစ်ပေါ်လာစေခဲ့သော်လည်း အရာရာသည် မနေ့က– တစ်နေ့ကနှင့် လွန်ခဲ့သော နှစ်ကာလများစွာက အတိုင်း မဟုတ်တော့ဘူးလား။ ကွင်းပြင်အလယ်ကောင်တွင် သစ်ခြောက်ပင်တစ်ပင် ပေါ်ပေါက်စေရန် ကျွန်တော်က ရွေးချယ်ခဲ့သော်လည်း ကျွန်တော့်ကို သစ်ခြောက်ပင်တစ်ပင် ဖန်ဆင်းရန် မည်သူက ရွေးချယ်ခဲ့ပါသနည်း။

ခု သစ်ခြောက်ပင်သည် ကွင်းပြင် အလယ်ကောင်တွင် တည်ခဲ့ပါပြီ။ သစ်ခြောက်ပင်အောက်တွင် ထိုင်ရင်း သားလိစ် (Thales) ၏ ရေတရားကို နာခဲ့ဖူးသော်လည်း ရေနှင့် ဝေးခဲ့သောကြောင့် သစ်ခြောက်ပင်သည် လည်းကောင်း၊ ကွင်းပြင်တစ်ခုလုံးသည် လည်းကောင်း ခြောက်သွေ့နေခဲ့ခြင်းကို အထူးအဆန်းတစ်ခုအဖြစ် ကျွန်တော်က မပြောလိုတော့ပါ။

ပျက်ခြင်းတရားများ ချုပ်ငြိမ်းမှုမှတ်တိုင်သို့ မရောက်သေးသရွေ့ ကျွန်တော်က

သစ်ခြောက်ပင်ကို ကြည့်၍ သာယာနေပါဦးမည်။ သင့်တင့် လျောက်ပတ်သော အခါများတွင် သစ်ခြောက်ပင်အောက်၌ ထိုင်၍သော် လည်းကောင်း၊ ထ၍သော် လည်းကောင်း နေပါမည်။

ပြတင်းတံခါးပေါက်မှ တစ်ဆင့် မြင်ရသော ထင်းရှူးတောအုပ်မှ မည်သည့်အခါကမျှ အရွက်များ တုံးမသွားကြပါ။ ထင်းရှူးတောအုပ်၏ စိမ်းမှောင်နေခြင်းအတွက် ကြိမ်ဖန်များစွာ မနာလိုမှုများ ကျွန်တော့်ထံတွင် ပေါ်ပေါက်ခဲ့ဖူးသော်လည်း တစ်ခါကမှ ကျွန်တော်၏ သစ်ခြောက်ပင်အိုအား အရွက်ဝေစေလိုသောဆန္ဒ ကျွန်တော့်တွင် မရှိပါ။

ကျွန်တော့်တွင်ရှိသော အရာများကို စာရင်းဇယားနှင့် စနစ်တကျ ဖော်ပြရလျှင်– တစ်– ‘ငါ’ များ၊ နှစ်– ‘ငါ’ များ၊ သုံး– ‘ငါ’များ အစရှိသည်တို့ ဖြစ်ပါသည်။

ထင်းရှူးတောအုပ် အစပ်တွင် ပျော်ပွဲစား ထွက်လာကြသော ‘ရောမန်းတစ်’ ဝါဒီတစ်သိုက်ကို သင်လည်း တွေ့ခဲ့မည်။ လေ့ကားထစ်များ၏ တစ်နေရာရာတွင် ကျွန်တော့်ကို မုချ တွေ့ပါလိမ့်မည်။

ယောအတွင်းဝန်မင်းကဲ့သို့ ဒေါင်းဒင်္ဂါး တစ်ဆယ့်ခြောက်ပြား ကျွန်တော်က မပေးနိုင်သော်လည်း သူပြောသမျှကို ကက်ဆက်နှင့် သွင်းယူထားပြီး သင်တို့ကို ဖွင့်ပြပါမည်။

ကျွန်တော်၏ ပန်းချီကားတစ်ချပ်မှာ ယခုအခါ တန်ဖိုးဖြတ်ရန် ကာလအတွင်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ပါ၏။

***

သာယာလှပသော လောကကြီးအတွင်း အဘယ့်ကြောင့် အကျည်းတန်၍ အဖော်မဲ့သော သစ်ခြောက်ပင်တစ်ခုကို မည်ကဲ့သို့ ကျွန်တော် ဖန်ဆင်းမိခဲ့ကြောင်းကို ကျွန်တော် စဉ်းစားကြည့်နေမိပါသည်။

နေ့အသစ်တစ်ခု စတင်လာခဲ့သောအခါ ကျွန်တော်က ပြတင်းတံခါးပေါက်ကို ဖွင့်လိုက်ပါသည်။

မာယာသည် လောက၌ မြဲခဲ့ကြောင်း ကျွန်တော် မြင်ခဲ့ရပြီသာမက သိလည်းသိပါပြီ။ အိပ်မက်များစွာလည်း ပျက်ပြယ်ခဲ့ခြင်း မရှိသည်မှာ အဆန်းတကြယ်ပါ။ သစ်ခြောက်ပင်အိုတွင် ရွက်နုသစ်များ ထွက်လာခဲ့သည်မှာလည်း ယုံစရာမရှိသော်လည်း

တွေ့ရှိသိရသဖြင့် ယုံလိုက်ရပါပြီ။

စိတ်ကူးပုံစံများသည် လောက၏ အမှန်တကယ် ဖြစ်ပျက်နေမှုများကို တားမြစ်နိုင်စွမ်း မရှိသောအခါ တစ်စုံတစ်ယောက်က မြက်သစ်ရွက်များကို ကွင်းပြင်တစ်ခုလုံး ပြည့်အောင် မွေးဖွားပေးခဲ့ပါပြီ။

သေဆုံးသွားသော ကျေနပ်ဝမ်းသာမှုများနှင့် အတူ ရွက်နုထွက်လာသော သစ်ခြောက်ပင်အိုအောက်တွင် ထိုင်ရင်း ကျွန်တော်သည် လွတ်ထွက်သွားသော စိတ်အချို့ကို ချည်တိုင်တွင်ချည်၍ ထားလိုက်ပါပြီ။

'ယသ္မိံသမယေစိတ္တံ နိဂ္ဂဟေတဗ္ဗံ၊ တသ္မိံသမယေစိတ္တံ နဂ္ဂဏှာတိ...'

အစရှိသည်တို့ကို သတိရနေမိပါပြီ။

ထင်းရှူးတောအုပ်ထဲက ထွက်လာသော မြေခွေးတစ်ကောင်က ကျွန်တော့်အနီးတွင် ထိုင်ရင်း သူ့ဘဝဇာတ်ကြောင်းများကို ပြောပြနေသည်ကို ထိုအခါက ကျွန်တော် နားထောင်နေမိပါသည်။ သူ၏စကားလုံးများ ကုန်ဆုံးခါနီးတွင် မြေခွေးအို ပြောခဲ့သော စကားလုံးအချို့ကို ကျွန်တော် စဉ်းစားနေမိပြန်ပါသည်။

"စဉ်းစားကြည့်စမ်းပါ နောင်ကြီးရာ၊ မြေခွေးဆိုတာ ဘယ်တုန်းက အသီးအနှံ စားလို့တုံး။ စပျစ်သီးဆိုတာကလည်း အားလုံး ချိုကြတာမှ မဟုတ်တာပဲ။ စပျစ်သီးကို ချဉ်တယ်လို့ ပြောမိကတည်းက မြေခွေးမှာ တစ်သက်လုံး နာမည်ပျက်ရတော့တာပဲဗျာ။ စပျစ်သီးများ မြည်းစမ်းကြည့်ကြစမ်းပါဦး..."

အမြီးကို ပျင်းရိစွာ လှုပ်ရမ်းရင်း ထင်းရှူးတောအုပ်ဘက် ထွက်သွားသော မြေခွေးကို ကျွန်တော် ကြည့်နေမိစဉ်မှာပင် စနစ်တကျ တည်ဆောက်ထားသော ဆင်ခြင်တုံတရားများနှင့် ယုတ္တိနည်းလမ်းများစွာတို့က ကစဉ့်ကလျား ဖြစ်နေသော လောကကြီးကို မည်သည့်အခါတွင်မှ နားလည်လိမ့်မည်မဟုတ်ကြောင်း ကျွန်တော် သိခဲ့ပါပြီ။ စပျစ်သီးများ ချဉ်တတ်ကြကြောင်း ကျွန်တော် မပြောတော့ပါ။

ကျွန်တော်၏ စိတ်ကူးထည်များ အလင်းရောင် ကောင်းကောင်းရရန် ပြတင်းတံခါးပေါက်ကို ဖွင့်လိုက်စမ်းပါရစေ။ ကျွန်တော့်အခန်းတွင် နံရံတစ်ဖက်မျှ မရှိခဲ့သော်လည်း ပြတင်းတံခါးပေါက် တစ်ပေါက် ရှိနေခဲ့သဖြင့် ကျွန်တော် အပျင်းပြေလုပ်ပါသေးသည်။ မိုးကာလ၏ နေ့ရက်တစ်ခုတွင် မိုးစက်မိုးပေါက်များ ကျဆင်းလာသည့်အခါ ကျွန်တော့်ကို စိုတော့မည် မဟုတ်ပါ။

■

ခေတ်ပညာတတ် မျောက်တစ်ကောင်၏ ဆုတောင်း

စိတ်ကူးရှိခဲ့သည့်အတိုင်း မမက်နိုင်ခဲ့သော အိပ်မက်ကြောင့် ကျွန်တော်သည် အိပ်မက်အတွင်းမှ ခုန်ထွက်ရန် ကြံစည်ခဲ့မိသော်လည်း မအောင်မြင်။ စာနာစိတ်မရှိသော အိပ်မက်သည် ရပ်ချင်ရာတွင် ရပ်သွားသောအခါ၌ ကျွန်တော်ဟာ တစ်ခုခု လုပ်သင့်ပါသလား။ သီချင်းတစ်ပုဒ်ဆိုရန် စိတ်ကူးရလိုက်မိသော်လည်း ကျွန်တော်ဆိုတတ်သော သီချင်း တစ်ပုဒ်မျှ မရှိသဖြင့် ကျွန်တော်သည် သီချင်းကို မဆိုနိုင်။ သီချင်းတစ်ပုဒ်မျှ မရခဲ့သူ တစ်ယောက်အဖို့ လေချွန်ရန် စိတ်ကူးသည်ဆိုခြင်းမှာလည်း မဖြစ်နိုင်သော စိတ်ကူးတစ်ခုသာ မဟုတ်ပါလား။ အကယ်၍နှင့် အကယ်၍သာလျှင် တစ်ယောက်ယောက်က မဖြစ်နိုင်သော စိတ်ကူးဆိုတာ မရှိဘူးဟေ့ဟု ကျွန်တော့်ကို အတိုက်အခံ ပြောမည်ဆိုလျှင် ကျွန်တော်က မဖြစ်နိုင်သော စိတ်ကူးများကို ပေါပေါလောလော အနည်းဆုံး တစ်ကျပ်ဖိုးသုံးခုဖြင့် ရောင်းပါမည်။

ကျွန်တော် သိုလှောင်သိမ်းဆည်း ထားခဲ့သော စိတ်ကူးထည် အများအပြားမှာ ယခုအခါ ရာဝင်အိုးထဲမှ ခုန်ထွက်၍ သွားခဲ့ကြပါပြီ။ အတောင်ပေါက်၍ ပျံသန်းခဲ့ကြသော စိတ်ကူးထည်များအတွက် များစွာ သောကမပွားရသည်မှာ တစ်ခုသောကာလတွင် အတောင်ညောင်း လာကြသည့်အခါ သင့်တင်လျောက်ပတ်ရာတွင် သူတို့ နားနေကြလိမ့်မည်ဟု မှန်းဆ တွေးကြည့် မိသောကြောင့်သာ ဖြစ်ပါသည်။ မှန်းဆဆင်ခြင်ကြည့်၍ မရနိုင်ခဲ့သည်မှာ ခြေထောက်ပေါက်၍ ရာဝင်အိုးထဲမှ ခုန်ထွက်သွားကြသော စိတ်ကူးထည်များ အကြောင်းသာ ဖြစ်ပါသည်။ ခြေထောက်ပေါက်၍ တကယ့်ဘဝကြီးအား မြည်းစမ်းကြည့်ရန် ထွက်ခွာသွားသော ကျွန်တော်၏ စိတ်ကူးထည်များအကြောင်း စဉ်းစားကြည့်မိသည့် အခါတိုင်း ကျွန်တော့်တွင် သောကပွားရပါသည်။ မြို့ပြ၏ရနံ့ကို မခံစားဖူးခဲ့ကြသော ကျွန်တော်၏ ရိုးအ,သည့် စိတ်ကူးထည်များနှင့် စင်းအ,ကြသော စိတ်ကူးထည်များသည် မြို့ပြ၏ ညစ်နွမ်းစ ပြုနေသော လေထုအတွင်း မည်သို့ ရှင်သန်ကြပါမည်လဲ။ ဆူးထူပြောရာ မြို့ပြ၏ လမ်းမများပေါ်တွင် ထောင်ကျော်ပေးရသော ဝေါ့ကင်းရှူး သို့မဟုတ် လေဒီရှူးများကို မဝယ်ဝတ်နိုင်ရှာသော ကျွန်တော်၏ စိတ်ကူးထည်များမှာ မည်သို့ ခရီးဆက်ကြပါမည်လဲ။ လမ်းမြောင်ကလေးများ အကြားမှ ထွက်လာကြသော နှုတ်စာစာ၊ အသံဝါဝါနှင့် ကောင်ကလေးများက စိတ်ကူးဆိုတာ သရုပ်မမှန်ဘူး၊ စိတ်ကူးဆိုတာ သရုပ်မှန်မဟုတ်ဘူးဟု ဆိုကာ လက်ညှိုးငေါက်ငေါက် ထိုး၍ ဆဲဆိုကြလျှင် ကျွန်တော်၏ အရွယ်မရောက်တရောက် စိတ်ကူးထည်ကလေးများက မည်သို့ ချေပပါမည်လဲ။

မြို့ပြ၏ တံခါးရွက်များ အကြားမှ ကျွန်တော်သည် ချောင်းကြည့်မိပါ၏။ မြို့တော်၏ တံဆိပ်မှာ ကက်ဖကာ ရေးသလို မဟုတ်ဘူးလား ဟူ၍လည်း သိချင်ပါသည်။

စိတ်မနှံ့သူ တစ်ယောက်ယောက်က လောက၏ ရင်ပြင်တစ်ခုလုံးကို ဆေးရောင်ခြယ်ခဲ့ပြီ ထင်၏။ ရောင်စဉ်များ၏ သဟဇာတ ဖြစ်ပေါ်မှုဆိုင်ရာ သီဝရီကို ဖော်ထုတ်ခဲ့သူ၏ ငိုကြွေးသံကို ကျွန်တော် ကြားလိုက်မိပြီ ထင်၏။ နက်မှောင်သော ဆံကေသာများ၊ အစိမ်းရောင် တောင်တန်းကြီးများ၊ ချိုသော အချစ်များ၊ လှပသော ရေဆေးကားချပ်များ၊ သာယာသော တေးအဖွဲ့ အစပ်များ စသည့် စသည်များ၊ ဘယ်မှာလဲ။ ယတိပြတ် အဖြေတစ်စုံတစ်ရာ ရရန် ကျွန်တော်က ဆင်ခြင်ခြင်းနည်းလမ်း တကျဖြင့် ရှင်းမပြနိုင်သော်လည်း ဒေးဗစ်ဟျူမ်းနှင့် တွေ့သည့်အခါ မေးကြည့်လိုက်ပါမည်။

ဒေးဗစ်ဟျူမ်း ဘယ်မှာလဲ...

ရွှေတောင်ကြီး ဘယ်မှာလဲ...

စိတ်ကူးထည်များ ဘယ်မှာလဲ...။

***

ခါးသောအချစ်နှင့် လမ်းဆုံလမ်းခွ တစ်နေရာတွင် တိုးခဲ့ဖူးသော သူငယ်မတစ်ယောက်က ချစ်ခြင်း၏ မျက်နှာလိုက်မှုအကြောင်း ပြောပြပါသည်။ ချစ်ခြင်း၏ မျက်နှာလိုက်မှုကို ကျွန်တော် မကြားခဲ့ရဖူးသော်လည်း ဒဂ်ါးပြားကဲ့သို့ မျက်နှာမလိုက်သော ကံတရားအကြောင်းကိုမူ နှုတ်ခမ်းမွေး ရေးရေးနှင့် ကျွန်တော့်မိတ်ဆွေ တစ်ယောက်က ပြောလေ့ရှိသည်ကို ကြား ခဲ့ရဖူးပါသည်။ အဘယ်ကြောင့် သူမ ချော်လဲခဲ့ရသည်ကို သူမကသာ ပြောမပြလျှင် တကယ့်အကြောင်းရင်းကို မည်သူမျှ သိကြရလိမ့်မည် မဟုတ်ပါ။ သို့သော်လည်း သူမ၏ ဒေါက်မြင့်မြင့် ဖိနပ်ကြောင့် သူမ လမ်းလျှောက်သွားသည့် အခါတိုင်း လှနေသေးကြောင်းကို ကျွန်တော်၏ မျက်လုံးများက မြင်ရသကဲ့သို့ သင်တို့လည်း မြင်ရလိမ့်မည် ထင်ပါသည်။ မမြင်ရဘူးဟု တစ်စုံတစ်ယောက်က ပြောလျှင်မူ ထိုကိစ္စသည် ကျွန်တော်နှင့် စဉ်းငယ်မျှ မဆိုင်ကြောင်း ငြင်းဆိုရပါလိမ့်မည်။

မှန်းတီးဖွယ်သော အလွမ်းများ၊ ခါးသောအချစ်များ စသည်များကို နားထောင်နေစဉ်မှာပင် ဆောင်း၏ နှင်းစက်များမှာ ကွယ်လွန်ခဲ့ကြပါပြီ။ နေ၏ရောင်ခြည်များက အလင်းရောင်ကို ရစေသည်မှာ မှန်သော်လည်း ထိုအပူဒဏ်ကို ကျွန်တော်က မခံနိုင်သဖြင့် သူမအား လောကရင်ပြင်တွင် ရှင်သန်နေဆဲဖြစ်သော ချစ်ခြင်းများအကြောင်းကို ပြောပြတော့မည်ဟု စဉ်းစားမိပါသည်။ စဉ်းစားခြင်းနှင့် ဆင်ခြင်ခြင်းသည် အတူတူပဲလား၊ တသီးတခြားစီလားဟု ဆိုသော ပြဿနာကို ဤနေရာတွင် ကျွန်တော် မစဉ်းစားတော့ပါ။

သို့သော်လည်း ဤနေရာတွင်ပင် မုန်းတီးခြင်းများကို သင့်တင့်လျောက်ပတ်ရာ၌ စွန့်ပစ်၍ ချစ်ခြင်းများအကြောင်းကို သို့မဟုတ် ချစ်ခြင်းအကြောင်းများကို ပြောရပါမည်။ မုန်းတီးခြင်းများကို စွန့်ပစ်ရန်မှာ ဝန်လေးစရာတစ်ခု မဟုတ်သော်လည်း အကယ်၍ ကျွန်တော်တို့၌ ချစ်ခြင်းနှင့် ချစ်တတ်ခြင်းများ ရှိသေးသည်ဟုဆိုလျှင် ကျွန်တော်သည် မုန်းတီးခြင်းများကို စွန့်ပစ်နိုင်လိမ့်မည် မထင်လှပါ။ ကျွန်တော်က ကျွန်တော့်၌ ချစ်ခြင်းသည် ရှိ၏။ ကျွန်တော့်၌ မုန်းတီးခြင်းသည် ရှိ၏ဟု ခိုင်ခိုင်မာမာပြောလျှင် သင်တို့က ရယ်ကြပါလိမ့်မည်။

နယ်နမိတ် သတ်မှတ်ရန်မှာလည်း မြေတိုင်းရုံးက ကောင်လေး ပြောသကဲ့သို့ မလွယ်လှပါ။ စည်းရိုးကို ပိုင်ဆိုင်မှုနှစ်ခု အကြားတွင် ချမည်ဆိုလျှင် ခိုင်ခိုင်မာမာဖြစ်ရန် ထိုစည်းရိုးကို သံဆူးကြိုးဖြင့် သော်လည်းကောင်း၊ အုတ်၊ အင်္ဂတေဖြင့် သော်လည်းကောင်း ကာရပါမည်။ မဓမ္မတိုင်ထောင်၍ ကြိုးထရံ ကာနိုင်သော်လည်း မဓမ္မတိုင်သည် အုတ်၊ အင်္ဂတေများကဲ့သို့ သက်တမ်းရှည်ကြပါမည်လား ဟု သည်မှာ သံသယရှိစရာ ဖြစ်ပါသည်။ စိတ်ကူးထည်များ ပေါ်ပေါက်ရာ ခန်းမဆောင်၏ အတွင်းသို့ သံဆူးကြိုးများ၊ အုတ်နှင့် အင်္ဂတေများ သယ်ဆောင်သွားရန် ကျွန်တော် ကြံစည်မိပါသည်။ သံမဏိဆူးကြိုးများနှင့် အုတ်အင်္ဂတေများက စိတ်ကူးထည်များ ပေါ်ပေါက်ရာ ခန်းမဆောင်၏အဝ၌ အရည်ပျော်ခဲ့ကြသောအခါ ကျွန်တော့်၌ သံသယများစွာ ပေါ်ပေါက်ခဲ့ရပါပြီ။ သင်္ချာရတရား၏ ရုပ်တန့်မနေသော နိယာမများသည် ယခုအခါ ဘော့(ဗ်)ဒိုင်လင်၏ ကာလတရားများ ပြောင်းလဲခဲ့ပြီဆိုသော တေးသွားနှင့် သံပြိုင် ဆိုလိုက်ကြပါတော့သည်။

ချစ်ခြင်းကို လည်းကောင်း၊ မုန်းတီးခြင်းကို လည်းကောင်း၊ ခုံမင်ခြင်းနှင့် တွယ်တာခြင်းကို လည်းကောင်း၊ မနှစ်မြို့ခြင်းနှင့် မလိုမုန်းတီးခြင်းများကို လည်းကောင်း အဘယ်ကြောင့် ကျွန်တော်တို့သည် ဒြပ်မဲ့အရပ်မှ သယ်ဆောင် လာခဲ့ကြပါသနည်း။ စိတ်ကူးထည်များ ပေါ်ပေါက်ရာ ခန်းမဆောင် ၏ တံခါးဝအနီး၌ ဘဝ၏ ပြိုကွဲပျက်စီးခြင်းနှင့် တည်ဆောက်ခြင်းများ စတင်ခဲ့ကြောင်းကို အမြဲတစေ ငြင်းဆိုလေ့ရှိသည့် ဆင်ခြင်တုံတရား များလှသော ပညာတတ် လူအ,လူန တစ်ယောက်နှင့် တွေ့စမ်းပါရစေ။ မနေ့မနက်ကပင် စာပို့သမားက ပေးထားခဲ့သော စာများအနက် ချစ်ခြင်း၏ မျက်နှာလိုက်မှုများကို ပြောလေ့ရှိသည့် သူငယ်မ၏ လက်ထပ်ပွဲအတွက် ဖိတ်ကြားစာတစ်စောင် ရရှိခဲ့ကြောင်း သူ့ကို ပြောပြချင်ပါသည်။

ဝမ်းသာခြင်းများနှင့် ဝမ်းနည်းခြင်းများကို ဝေငှခံစားနိုင်ရန်အတွက် သင်တို့ထံသို့လည်း ပို့လိုက်ပါမည်။ သင်တို့သာ ပစ္စုပ္ပန်တံခါးဝထိပ်က စောင့်နေကြပါတော့။

***

ကျွန်တော်နှင့် စိတ်ကူးထည် အချို့တို့သည် ဖွင့်ထားသောတံခါးမှ ဝင်ရောက်လာခဲ့ ကြသော်လည်း တံခါးရွက်မှာ တစ်ရွက်သာ ဖွင့်ထားကြောင်း သတိထားမိကြပါသည်။ သို့သော်လည်း အမတ်ဒိန်ကို အနီးအနားတွင် မတွေ့မိပါ။ ကာလတရားတို့သည် ပြိုပျက်ပြောင်းလဲခဲ့ပါပြီ။ ကမ္ဘာကြီး၏ လေထုများ ပို၍ ညစ်ညမ်းလာခြင်းနှင့် သံပရာသီးတို့၏ အချဉ်ဓာတ် လျော့ပါးလာခြင်းများအတွင်း တစ်စုံတစ်ရာ ဆက်သွယ်နေပုံမှာ တိုက်ရိုက်လော...၊ သွယ်ဝိုက်၍လော ဟု ယုတ္တိဗေဒဆရာများက စဉ်းစားဆင်ခြင်နေကြစဉ် ကျွန်တော်တို့မှာ ထဘီလိုလို၊ စကပ်လိုလို ဝတ်ထားသော ကောင်မလေးများကိုသာ ငေးကြည့်နေမိကြပါသည်။

မြူအိုးမီးဖုတ်နေကြသော ကောင်ကလေးများ၊ လက်ယက်တွင်းများဆီသို့ ရေခပ်ဆင်းကြသော ကောင်မလေးများက အိုဖုံးအလွှာ ပေါက်ကွဲနိုင်မှုကိစ္စကို များစွာ အရေးကြီးသည်ဟု မထင်ကြ။ ကျွန်တော်နှင့် ကျွန်တော်၏ စိတ်ကူးထည်များကမူ ထိုအကြောင်းများကို မဆွေးနွေးချင်လှပါ။ ကောလိပ်ကျောင်းတုန်းက သင်ကြားတတ်မြောက်ခဲ့သော ဆင်ခြင်နည်းလမ်းကျစွာဖြင့် အမှန်တရားကို ဖွေရှာနည်းမှာ ကျွန်တော်တို့ဆရာ၏ ဆေးတံအိုးထဲတွင်ပင် လောင်ကျွမ်း ပျောက်ဆုံးခဲ့ပါသည်။ ဆင်ခြေတစ်ခု တည်ဆောက်ပြရန် မရှိသည့် ဆင်ခြင်တုံတရား နည်းပါးမှုများ အကြောင်းကို ပညာတတ်များ ပြောသကဲ့သို့ မပြောဘူးဟု ဆိုလျှင် ကျွန်တော်တို့ စတင်ရန် နေရာတစ်ခု လိုပါလိမ့်မည်။

ထိုနေရာကို နိဂုံးဟုသာ ခေါ်ကြပါတော့။

အစပေါင်းများစွာကို စတင်ရန်အတွက် နိဂုံးတစ်ခုရှိရန် လိုအပ်သည်ဟု ဆိုခြင်းကို ကျွန်တော်က လက်မခံရန် အကြောင်းမရှိပါ။ အနုပညာသည် အနုပညာအတွက်ဟု ကြွေးကြော်ကြသည် ကိုလည်း သံသယမဖြစ်မိသောကြောင့် ကျွန်တော်၏ စိတ်ကူးထည်များကို ခြံဝင်းခတ်ကာ ထိန်းကျောင်း မထားမိခဲ့။ မြူအိုးမီးဖုတ်နေကြသော ကောင်ကလေး တစ်သိုက်ကမူ ကျွန်တော်၏ စိတ်ကူးပုံများကို သဘောမကျ။ မကျေနပ်ကြ။ မြို့စော် နံသဟေ့၊ ကောလိပ်ကျောင်းက အနံ့ရသဟေ့ စသဖြင့် အော်ဟစ်ကြပါသည်။ ခါးကလေးကို နွဲ့၍လည်းကောင်း၊ တင်ကလေးကို လှုပ်၍လည်းကောင်း လမ်းလျှောက်တတ်ကြသော ကောင်မလေးများ အကြောင်းကို ကျွန်တော်က ပြောပြသောအခါ အားလုံးက နားထောင်နေကြသည်မှာ သုသာန်ထဲက လူသေကောင်များလိုသာ ဖြစ်တော့သည်။

ကျွန်တော်က ကျွန်တော်၏ စိတ်ကူးထည်များအား ခါးကလေး နွဲ့၍လည်းကောင်း၊ တင်ကလေး လှုပ်၍လည်းကောင်း လမ်းလျှောက်တတ်ရန်

သင်ပေးမည်ဟု ကြံစည်မိပါသည်။ စင်စစ် ထိုအကြံအစည်မှာ များစွာ ဆိုးရွားလှသော အကြံအစည်တစ်ခု မဟုတ်ပါ။ ခေါင်းမာလှသော စိတ်ကူးထည် အများကမူ ကျွန်တော်၏ အကြံအစည်ကို သဘောမကျရုံ သာမက ကဲ့ရဲ့ပြစ်တင်ကြ ပါတော့သည်။ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်လာသော အတင်းအဖျင်း ပြောသံများကို ကြားခဲ့ပါပြီ။ ထို့ပြင် ဆယ်ရတီစုံ ဝတ်ထားသော ကောင်မကလေးနှင့် နိုင်ငံခြားပြန် သတော်အင်ဂျင်နီယာကလေး၏ အကြောင်းများ။ ငါးစိမ်းသည် ကောင်မလေး၏ ယောက်ျား အရက်သမားက နောက်မိန်းမယူသည့် အကြောင်းများ စသည့် စသည်များကို ကျွန်တော်၏ စိတ်ကူးထည်များက ကြားသိခဲ့ရပြီးဖြစ်၍ ကျွန်တော်၏ အကြံအစည်အပေါ်သို့ အပြစ်တင်လာခြင်းသာ ဖြစ်ပါသည်။

ကျွန်တော်က ခေါင်းပုံဖြတ်ခြင်းကို လက်မခံနိုင်ကြသော အနုပညာသည်တို့၏ လှုပ်ရှားမှုအကြောင်း ရှင်းပြမည်ဟု စဉ်းစားလိုက်မိသော်လည်း မြို့ပြလူ့အဖွဲ့အစည်း အတွင်း သာယာသယောင် ရှိခဲ့ပြီဖြစ်သော ကျွန်တော်၏ စိတ်ကူးထည်များက စိတ်ဝင်စားပုံ မပြကြပါ။ နွားစာစဉ်းပြီးသွားပြီ ဖြစ်သော ကောင်ကလေး တစ်ယောက်ကသာ ကြည်ဥချိုးဖြင့် အလျဉ်ခံထားသော ထန်းရည်တစ်လုံး ဝယ်တိုက်လျှင် ကျွန်တော် ပြောသမျှ နားထောင်မည်ဟု ဆိုပါသည်။ ကျွန်တော်ပြောသည်ကို နားထောင်မည့်သူ အနည်းဆုံး တစ်ယောက်ရှိခဲ့ပြီ ဖြစ်သောကြောင့် ကျွန်တော်က ထန်းရည်နှစ်လုံး ထပ်၍ ကောင်ကလေးကို ပေးလိုက်ပါသည်။ တိမ်စိုင်တိမ်ခဲများပေါ်တွင် ခုန်ပေါက်ရင်း ကျွန်တော် ပြောနေခဲ့သမျှအပေါ် ကောင်ကလေးက ဟုတ်ကဲ့... ဟုတ်ကဲ့... လိုက်နေသည်ကိုပင် ကျွန်တော်က ကြားတစ်ချက်၊ မကြားတစ်ချက်။ ဟုတ်ကဲ့သံ လုံးဝ မကြားရသောအခါတွင်မူ နွားစာစဉ်းပြီးသွားသော ထိုကောင်ကလေးမှာ ထန်းရည်မူးမူးနှင့် အိပ်ပျော်ခဲ့ပြီဖြစ်ကြောင်း ကျွန်တော် သိလိုက်ရပါတော့သည်။

ထိုအသိမှာ ဆင်ခြင်ခြင်း လုံးဝမပါသော တိုက်ရိုက်သိဟု အများက ဆိုပါသည်။

***

သေတစ်ပန်သက်ဆုံး ကျွန်တော်သည် ကျွန်တော်၏ အိမ်ထဲက မီးလင်းဖိုနံဘေးတွင် ထိုင်ရင်း ငယ်ငယ်က ကြိုက်ခဲ့ဖူးသော မိန်းမလှများ အကြောင်းကို လည်းကောင်း၊ သို့မဟုတ် မိုဟန်ဂျိုဒါရိုနှင့် ဟာရပ္ပမှ အရင်းတည်ခဲ့သော ယဉ်ကျေးမှုများအကြောင်းကို လည်းကောင်း၊ သို့တည်းမဟုတ် ဗာတင်ဘူတာ၏ 'ငါ၏ငါ' နှင့် 'သူတို့၏ငါ' များ အကြောင်းကို လည်းကောင်း စဉ်းစား၍သာ နေနိုင်လိမ့်မည် မဟုတ်ပါ။ ကျွန်တော်၏ ဝင်းခြံတံခါးကို ဖွင့်ကာ လောကရင်ပြင်တစ်ခွင်တွင် လမ်းပျောက်နေကြသော ကျွန်တော်၏ စိတ်ကူးထည်များကို သွားရောက်ရှာဖွေနေမည် ဟု

စဉ်းစားမိပါသည်။ မသိခြင်းကို သာယာသူများအနက်မှ ဆာရိုယန် တစ်ယောက်ပင် ခပ်စောစောက သူ၏ဝင်းခြံတံခါးကို ဖွင့်ကာ ထွက်ခွာသွားခဲ့ပြီ ဖြစ်ကြောင်း ကြားလိုက်ရပါသည်။

ဝေးလံသောအရပ်မှ လာသော အသံများအနက် တောင်ပြင်၊ ရွက်ဆင်၊ ရွှေပြုံးဆို ရွာအနောက်ဆီက၊ ချောင်းပေါက်ကိုဝင်။ ပြန်ချင်ပြီ ညီမောင်လှရဲ့... ပြန်ချင်ပြီ၊ ညီမောင်လှရဲ့... ဟူသော အပိုဒ်မှာ နားထဲတွင် ပဲ့တင်ထပ်နေပါပြီ။ အိမ်ပြန်ချင်ပြီ ဆိုသောအခါတွင် တမ်းချင်းများအားလုံး တစ်သံတည်း ဖြစ်သွားခဲ့ပြီလား မပြောတတ်တော့ပါ။ ချစ်ခြင်း၏ အတွင်းသို့သာ တိုးဝှေ့ဝင်သွားခဲ့ပြီ ဖြစ်သော ထိုသူငယ်မကမူ အိမ်သို့ ပြန်လာလိမ့်မည် မဟုတ်တော့ပါ။ ကာလနှင့် အာကာသတို့၏ ဘောင်ခတ်မှုများ အတွင်း၌ပင် သူမသည် စိတ်ကူးထည်များကို ပုံရုပ်ဖော်၍ ပျော်ပါးကာသာ နေရစ်ခဲ့ပါပြီ။

ဝင်းခြံအတွင်းမှ ထွက်လာခဲ့ပြီးနောက် ကျွန်တော်သည် ဝင်းခြံတံခါးကို ဖွင့်၍ ထားခဲ့ပါသည်။ ကျွန်တော့်နောက်ကွယ်တွင် ကျွန်တော်၏ စိတ်ကူးထည်များ ဝင်လိုဝင်၊ ထွက်လိုထွက် လုပ်နိုင်ကြပါသည်။ ဒေးဗစ်ဟျူးမ်သာ အလည်လာဖြစ်လျှင် သူ့အဖို့လည်း အခက်အခဲရှိမည် မဟုတ်တော့ပါ။ လေထန်သော တောင်ကုန်းတစ်နေရာမှ ရပ်၍ ကျွန်တော်၏ ဝင်းခြံကို ကြည့်နေမိပါသည်။ ကျွန်တော်၏ ဝင်းခြံအတွင်း သာယာစိုပြည်စေချင်ပါသည်။ မြက်သစ်ရွက်တို့လည်း စိမ်းလန်းကြပါစေ၊ ပန်းများလည်း ပွင့်ကြပါစေ... ပွင့်နိုင်ကြပါစေ။ ဥတုရာသီများလည်း သင့်တင့်လျောက်ပတ်ပါစေ။ မြို့ပြနှင့် ကျေးလက်တို့၏ ရန့်များလည်း ညစ်နွမ်းစပြုနေသော ကမ္ဘာလေထုကြီး အတွင်း၌ပင် ခိုအောင်းရန် တစ်နေရာ ရကြပါစေ။ ကျွန်တော့်အဖို့မှာမူ ရာစုနှစ်များစွာ ကုန်ဆုံးသည်၏တိုင် ကျွန်တော်၏ စိတ်ကူးထည်များနှင့် ကျေနပ်စွာ ပေါင်းသင်းနေထိုင်ရင်း အဆုံးတွင် ဤသို့ ဇာတ်ပေါင်းလေ၏... ဟူသော နိဂုံးတစ်ခုကိုသာ ရရပါစေလေ။

■

ပူလောင်ခြင်း၌ အစိမ်းရောင်၏ခံစားမှု

လောကကြီး၏ ပျော်ရွှင်ဖွယ် ကောင်းနေခြင်းသည် အရင်ကအတိုင်း ဖြစ်သည်။ ပူလောင်သော နွေ၏ နေ့ရက်များအတွင်းက ငြိမ်းချမ်းဖွယ် ကောင်းခြင်းများသည် သရုပ်မှန်ဝါဒ၏ ထောက်ခံချက် တစ်ရပ်လားဟု စဉ်းစားချင်လျှင် စဉ်းစားကြည့်နိုင်ပါသည်။ စိမ်းမှောင်နေသော ဘဝ၏ဖြစ်ခြင်းကို လည်းကောင်း၊ တည်နေခြင်းကို လည်းကောင်း၊ ပျက်ခဲ့ရခြင်းကို လည်းကောင်း မရှိခြင်းများက သူ့အဖို့နှင့် ကျွန်တော်တို့အတွက် သက်သေခံနေကြပါပြီ။ သူ၏ မရှိတော့ခြင်းများကို သတိရမိသော်လည်း နှစ်အလီကဲ့သို့ အလွတ်မရမိပါ။ ပြိုပျက်စပြုပြီဖြစ်သော ကျွန်တော်၏ သိမှတ်မှုစွမ်းရည်များအတွင်း သူ၏ ဖြစ်တည်ခဲ့ခြင်းများသည် လျှပ်စစ်လက်နေဆဲ။ မှတ်တမ်းမှတ်ရာများ၊ မခိုင်လုံခြင်းများ ရှိခဲ့သော်လည်း ထိုစဉ်က ပူလောင်ခဲ့သော အညာ၏ နေသည် အစဉ်အလာအတိုင်း ဖြစ်သည်။ ထိုအခါက နေသာသည်ဟု ဆိုလျှင် မမှားပါ။

***

နေရောင်ခြည်များသည် ကုက္ကိုပင်ရိပ်အောက်၌ လှပစွာ အေးစက်နေ၏။ အရိပ်မဲ့သော ကျောက်လမ်းပေါ်သို့ ကျရောက်လျက်ရှိသော နေရောင်ခြည်များမှာမူ ရက်စက်ခြင်း၌သာ တည်ပါသည်။ ခရီးတစ်သောင်းမှ လာခဲ့ရသော်လည်း သူ၏ အပြုံးပါသော မျက်နှာတွင် မျှော်လင့်ခြင်းများ ပါမလာခဲ့သည်မှာ ယခုတိုင် အောက်မေ့တသစရာသာ ဖြစ်ခဲ့သည်။ အံ့သြဖွယ် ဝမ်းမြောက်နေခြင်း အဖြစ်မှ ထိုအခါက သူ့၌သာ တည်ပါသည်။ ကျွမ်းကျင်စွာ မောင်းနှင်လာသော နွားလှည်းကို လှည်းလမ်းကြောင်း တစ်လျှောက်၌ ဖုန်မထစေရန် သူဂရုပြုနေကြောင်း ကျွန်တော်သိသော်လည်း၊ ကျွန်တော်သိကြောင်း သူသိရန် ကျွန်တော်က မပြောပြမိပါ။ မြို့ပြ၏ ယဉ်ကျေးမှုများ အတွင်းမှ လာခဲ့သော ကျွန်တော့်အတွက် သူ၏ ကြိုးပမ်းမှုများကို သူက မပေါ်လွင်စေခဲ့ပါ။ သူ၏ ကြိုးပမ်းမှုများမှာ မအောင်မြင်သဖြင့် သူ၏ ကြိုးပမ်းမှုများသည် ပေါ်လွင်လျက် ရှိလှသည်။ ကွင်းပြင်များကို ဖြတ်သန်းလာသော လေသည် လှည်းပေါ်မှ လူများကို ပူနွေးမှုစခဲ့သည်။ နေလည်း ဝင်စပြုပြီ။ အိမ်အပြန် ခြေသွက်သော နွားများကြောင့် လှည်းဆောင့်လျှင် သူ့ကို ကျွန်တော် အပြစ်တင်မည့်အစား လှည်းလမ်းကြောင်းကို စနစ်တကျ မဖောက်ခဲ့သော အင်ဂျင်နီယာများကိုသာ အပြစ်တင်ပါမည်။ ကျီးကန်းမိသားတစ်စု အိမ်ပြန်ကြပါပြီ။

မြစ်၏ အခြားတစ်ဖက်မှ တောင်တန်းများ အနောက်ဘက်သို့ နေသည် ဝင်စပြုနေသောအခါ လေထဲက အပူဓာတ်များလည်း ကျဆင်းနေပါပြီ။ အပြာရောင် ကောင်းကင်၏ အစိတ်အပိုင်းအချို့ လိမ္မော်ရောင် ပြောင်းသွားရန်အတွက် လိုအပ်ချက်တရားများကို ဟေဂယ်၏ နိယာမများနှင့် ကျွန်တော် ချိန်ထိုးကြည့်မိသော်လည်း သူ့အဖို့ ထန်းလျက်စျေးသည် အရေးအကြီးဆုံး ဖြစ်ပါသည်။ ကောင်းကင်သည် ပို၍ နီရဲလာသောအခါ၊ နေလုံးကို မတွေ့ရတော့ပါ။ မြစ်ထဲက လှေပေါ်က လူအချို့တို့သည် ကျွန်တော်တို့ကဲ့သို့ အိမ်အပြန် မဟုတ်ကြဘူးလား။ ဉနဲ့ရိုးစဉ်း၍ သောက်လေ့ရှိသော သူ၏ ဆေးလိပ်မီးခိုးနံ့ကို ကျွန်တော် ရင်းနှီးနေဆဲ ဖြစ်သည်။ ချက်မြုပ်ကို ခင်တွယ်တတ်သောသူ့ကို အပြစ်တင်ရန် ကြံစည်ခဲ့ခြင်းများသည် ယခုတိုင် အထမမြောက်ခဲ့သောကြောင့် သူ၏ နောက်ဆုံးအချိန်များက ကျွန်တော့်ကို အပြစ်မဆိုခဲ့ပါ။ ရွာဦးနှင့် နီးသောအခါ နေသည် ကွယ်လွန်ခဲ့ပြီ။ ရွာဦးစေတီကို ထုံးဖြင့် အဖြူရောင် သုတ်ထားပါ၏။

***

ရွာ၏ရနံ့များ၊ နေ၏အလျှင် သူတို့နိုးထခဲ့ကြပြီ။ အဘယ့်ကြောင့် ညတာကို တိုစေကြသည်ဆိုခြင်းကို ကျွန်တော် နားလည်သော ယုတ္တိဗေဒ ပုံစံများအတွင်း ဆင်ခြင်မကြည့်နိုင်ပါ။ ကလေးဘဝ၏ နွေရက်များအတွင်းက ခံစားခဲ့ရသော ရွာ၏ အရသာများကို ကျွန်တော် အမှတ်မရတော့ပါ။ ပုံသဏ္ဌာန်ကို ဖြစ်စေသော ထု၊ ဒြပ်နှင့် အာကာသတို့ မပါရှိသော်လည်း၊ သူ၏စေတနာကို ကျွန်တော် တွေ့မြင်ရပါသည်။ အလေ့အကျင့်မရှိဘဲ ဖျော်ထားသော သူ့ကော်ဖီ၏ ချိုလွန်းနေမှုသည် သူ၏စေတနာကို ပေါ်လွင်နေစေပါသည်။ ရိုးအသော သူ၏မျက်လုံးများက ထမင်းကြမ်းစားခြင်း၏ အနှစ်သာရကို မသိသော ကျွန်တော့်ကို သနားစဖွယ်အဖြစ် ကြည့်နေစဉ် သူ၏ပါးစပ်မှ ထမင်းကြမ်းကို ရင်းနှီးစွာ ဝါးမျိုလျက် ရှိပါသည်။ သူနှင့် ကျွန်တော်သည် ချိုသော ကော်ဖီပန်းကန်အတွင်းမှာ ဖြစ်စေ၊ ထမင်းကြမ်းခဲများပေါ်၌ ဖြစ်စေ ဆုံစည်းရန် အကြောင်းမရှိဟု ထင်ပါသည်။ လှပသော အလင်းတန်းများ စုစည်း၍ သက်တံတစ်ခု ဖြစ်ခဲ့သော်လည်း၊ သက်တံအတွင်းမှ ရောင်စဉ်များသည် ရောထွေး၍ မသွားကြပါ။ အဝါရောင်ဆိုသည်မှာ ဘာလဲဟု ဖြေရှင်း၍ မရခဲ့သော ဂျီအီးမိုးကို သနားနေမိပါသည်။ မျဉ်းနှစ်ကြောင်းကို ကြက်ခြေခတ် ဖြစ်သွားရန် ဆွဲမည့်အစား၊ အဘယ့်ကြောင့် မျဉ်းပြိုင်ဖြစ်အောင် ဆွဲကြပါသနည်း။ ကနဦးဆုံးဖြတ်ချက်များ မရှိဘဲ မျဉ်းပြိုင်ကို တီထွင်ခဲ့သည်ဟု ဆိုလျှင် ထိုသူကို ပြစ်ဒဏ်တစ်ခုခု ပေးလျှင် မကောင်းပေဘူးလား။ စေတနာဟူသော အသုံးအနှုန်း၏ အနက်ကို သိရှိပြီးနောက် ခံစားတတ်ပြီဟူသော အခါရောက်လျှင် မျဉ်းပြိုင်များ၏ ဆုံစည်းနိုင်မှု နိယာမအသစ်ကို ရှင်းပြပါမည်။

သူ့အား ခင်မင်လေးစားကြောင်း၊ သူ၏ စေတနာကို တန်ဖိုးထားကြောင်း၊ သူ၏ ကျေးဇူးတရားကို သိနားလည်ကြောင်း ဖော်ပြချင်သော်လည်း၊ သူနှင့် ကျွန်တော့်အကြား ဆက်သွယ်မည့် ဘာသာစကားကို ရှာမတွေ့ခဲ့ပါ။ ရေချိန်ညီရပ်နေသော်လည်း သူ့ကို ကျွန်တော်က ငုံ့ကြည့်နေသည် ထင်၏။ ထိုအခါက သူ့ကို ကျွန်တော်သနားနေမိသည်။

ရှည်ကြာစွာ ကွဲကွာခဲ့ရခြင်းတစ်ခု၏ အဆုံးရှိ ပြန်လည်ဆုံစည်းမှုတွင် သူနှင့် ကျွန်တော်၏အကြား ယဉ်ကျေးခြင်း ဆူးကြိုးများကို မည်သူလာရောက် ခတ်ထားခဲ့ပါသနည်း။ ရိုးရင်းစွဲဖြစ်သော သူ၏ ပွင့်လင်းခြင်းများသည် ကျွန်တော်၏ နားဝ၌ပင် ဆုံးပါးခဲ့ကြပြီ။ မန်ကျည်းရွက်နုများပေါ်တွင် ကပ်ငြိနေသော လှည်းလမ်းကြောင်းမှ ဖုန်မှုန့်များကို မည်သူမျှ လှည်းမပစ်ကြဘူးလား။

ကျေးလက်ခံစားမှု ဆိုသည်မှာ တမာပင်ခွကြားက ချိုးငှက် ပစ်၍ ကြော်စားခြင်းနှင့် မဆိုင်ပေဘူးလား။ ထမင်းကို လက်ဖြင့် မစားတာ ကြာပြီဖြစ်၍၊ ကျွန်တော်၏ လက်များကို ကျွန်တော် မယုံကြည်တော့ပါ။ အရာရာကို ယုံကြည်သောသူသည် ငြိမ်းချမ်း၏။ မြူအိုးများ မီးဖုတ်နေစဉ် ပြောင်းဖူးနုတို့ကိုပါ မီးဖုတ်၍ သူသည် ငြိမ်းချမ်းစွာ စားသုံးနေ၏။ နေ့အသစ်များ ပေါ်လာသည့်အခါတိုင်း တင်ကူးစီမံထားသည့်အတိုင်း ဆောင်ရွက်မည်ဟု ကြံစည်ခြင်းများ သူ့၌ မရှိသည်မှာလည်း မှန်၏။

ဘ၀ဆိုတာ တိုးတက်သလား၊ ဆုတ်ယုတ်သလားဟု သူ မစဉ်းစားသည်မှာလည်း မှန်၏။ ပလက်(ခ)ဟာနော့ဗ်၏ သမိုင်းဆိုင်ရာ တိုးတက်မှုများကို သူ မသိသည်မှာလည်း မှန်၏။ ယောန်ပေါလ်ဆာတ်၏ လွတ်လပ်ခြင်း၊ ရွေးချယ်ခြင်း၊ ငြီးငွေ့ဖွယ် ဖြစ်ခြင်းများကို သူ မသိသည်မှာလည်း မှန်၏။ နောက်ဆုံးပေါ် ကားတစ်စီးဝယ်၍ ကောင်မလေးလှလှ တစ်ယောက်နှင့်အတူ စီးလိုစိတ်လည်း သူ၌မရှိသည်မှာ မှန်၏။ ပြင်သစ်ပြည်သို့သွား၍ ဝိုင်ချိုချို သောက်လိုစိတ် မရှိသည်မှာလည်း မှန်၏။ မြို့ပြ၏ ဟန်ဆောင်သော သရုပ်မှန်ဝါဒကို မကိုးကွယ်သည်မှာလည်း မှန်၏။

ပုတတ်ကလေးများကို ဖမ်း၍ မီးဖုတ်ပြီး၊ ထန်းရည်နှင့် နေညိုညိုတွင် သောက်ချင်သည်မှာ မှန်၏။ ရွာထိပ်က ဘုရားပွဲတွင် အငြိမ်လာကလျှင် မင်းသမီးကို ဆုတော်ငွေငါးကျပ် ချီးမြှင့်ချင်သည်မှာ မှန်၏။ သူ၏ညီကလေးကို လူတစ်လုံးသူတစ်လုံး ဖြစ်ချင်သည်မှာ မှန်၏။ သူ့၌ရှိသော ဂုဏ်ရည်များသည် ကျွန်တော့်၌ မရှိဘဲ၊ ကျွန်တော်၌ရှိသော ဂုဏ်ရည်များလည်း သူ့၌ မရှိသည်မှာ မှန်၏။ ကျေးလက်၏ ရနံ့များနှင့်သူ။ ယိုင်ရွဲ့နေသော ထန်းတဲများ၊ ဖိနပ်မစီးတတ်သူများ၊ လက်ဖြင့်ထမင်းစားသူများ၊ ကော့ညှက် မသောက်တတ်သူများ၊ ကမ္ဘာလောကကြီးအကြောင်း မသိသူများနှင့် ကျွန်တော်။ နေ့တစ်ခု ကုန်ဆုံးသွားသည့် အခါတွင် ညကို ကျေနပ်စွာဖြင့် သူတို့ အိပ်စက်ကြပြီ။ အကယ်၍ ဝန်မလေးဘူးဆိုလျှင် ဗေလီယံတင်း တစ်လုံးလောက် ကျွန်တော့်ကို ပေးပါ။

***

ဘီလီဂိုအယ်လ်၏ ငါးဆယ့်နှစ်လမ်း သီချင်းသည် ဆိုချင်သလို ဆိုထားသည်မှာ မှန်သော်လည်း ကောင်း၏။ ကျွန်တော်၏ လေချွန်သံများမှာ လေးထောင့်တုံးနှင့် သုံးမြောင့်တုံးများသာ ဖြစ်လာခဲ့သည်။ ကလေးဘဝ၏ နေ့ရက်များအတွင်းက အသုံးအနှုန်းများကို သူသည် ယခုတိုင် လက်ခံသုံးစွဲဆဲ ဖြစ်သည်။ သူ၏ နောက်ဆုံးနေ့ရက်များကလည်း "ညီကလေး၊ ညီကလေး" ဟူသော အသုံးအနှုန်းများကို သုံးစွဲလျက် ကျေနပ်ခဲ့ပါသည်။ အေးစက်သော လေများကဲ့သို့ အေးစက်သော ကျွန်တော်၏ စကားလုံးများသည် အေးစက်နေခဲ့သည်။ နွားလှည်းများတွင် ကာဗြူရေတာ တပ်သင့်၊ မတပ်သင့်ဟူသော ပြဿနာကို ကျွန်တော် တင်ပြခဲ့စဉ်အခါက သူသည် ကျွန်တော့်ကို သူ၏အေးစက်နေသော မျက်လုံးများဖြင့် ကြည့်ခဲ့သည်။

ယူကလစ်ရှက်၏ အနံ့ကဲ့သို့ ထိုအကြည့်ကို ကျွန်တော် မမေ့ပါ။ အတူတကွ ဖြစ်ရှိနေခဲ့သော ကလေးဘဝ၏ နွေရက်များကိုလည်း မမေ့သော်လည်း၊ ကျေးဇူးတင်ရှိခြင်း ဆိုသည်ကို ကျွန်တော် နားမလည်ခဲ့ပါ။ တမာရွက်နုများ မီးသင်း၍ စားလေ့ရှိဆဲ။ ကျေးလက်၏ ရနံ့များမှ ကျွန်တော် ဝေးခဲ့ပြီ။ ဘူးနွယ်ကဲ့သို့ တက်သော သမိုင်းအမြင်ဖြင့် လေလွင့်ခဲ့ပါသည်။ ကာမြူး၏ လူ့အသိုက်အမြုံမှ ကွေကွင်းနေသော လူတစ်ယောက်နှင့် လမ်းဆုံတွင် အပေါင်းအသင်း ဖြစ်ခဲ့ပါသည်။ အနောက်ဘက်မှ ပျံသန်းလာသော ဆူလန်လင်ကာနှင့်အတူ အနုပညာဆိုင်ရာ သင်္ကေတဝါဒကို မြည်းစမ်းခဲ့ပါသည်။ ဇဝ်မေသုတံကို ရှေ့ဆက် မရှုတ်တတ်တော့ပါ။ မြို့ပြ၏ တိုးတက်ရေး လမ်းကြောင်းပေါ်တွင် ဂိတ်ဆုံးရောက်ရန် ဘတ်စကားများ လုစီးရပါပြီ။

လေထုညစ်ညမ်းမှုဆိုင်ရာ အသိပညာများသည် ပြတင်းတံခါးမှ တစ်ဆင့် ဝင်လာခဲ့ပြီ။ မြို့ပြ၏ အမှိုက်ပုံများသည် ပြိုးရယ်နေကြပြီ။ ကိုလှဝေ၏ ရုပ်ရှင်ကား တစ်ကားထဲတွင် အမေရိကန်ပြည် တောင်ပိုင်းမှ နှုတ်ခမ်းမွေးနှင့် နွားကျောင်းသားများ မြင်းကိုယ်စီဖြင့် လာကြပြီ။ သူသည် အဘယ့်ကြောင့် ကျေနပ်နှစ်သိမ့်ခြင်းများကို ပျိုးထောင်ထားခဲ့ကြောင်း ယခုတိုင် ကျွန်တော် နားမလည်နိုင်ပါ။ သူ၏ နားမလည်ခြင်းနှင့် ကျွန်တော်၏ နားမလည်ခြင်းများသည် မတူပါ။ နီရဲသော လက်ပံပွင့်များကို လေက ခြွေချလိုက်ပြီ။ ငါးပိကောင်းဖြင့် ချက်ထားသော လက်ပံခေါင်းချဉ်ရည်ကို သောက်၍ သူ ငြိမ်းချမ်းလှသည်ကို ကျွန်တော် နားမလည်နိုင်ပါ။ ဟင်္သာတေးသံသွင်းတွင် ချိတ်ထားသော ပန်းပန်လျက်ပါ ရုပ်ရှင်ကား၏ ပိုစတာစာရွက်သည် အဘယ်ကြောင့် ယခုတိုင် ကြည့်၍ ကောင်းနေသည်ကိုလည်း ကျွန်တော် နားမလည်နိုင်ပါ။ ကျွန်တော် နားမလည်နိုင်သည့် အကြောင်းများတွင် အလိုလို ပိတ်သွားတတ်သော လမ်းမပေါ်မှ မာကြူရီမီးလုံးများနှင့် သူ့အကြောင်းလည်း ပါပါသည်။

***

အပြာရောင် မျက်ရည်စများသည် အခိုးအငွေ့အဖြစ် ပျံတက်ပြီး လေထဲတွင် ပျောက်ကွယ်သွားကြပြီ။ မြို့ပြ၏ အနံ့အရသာများ၌ တည်ရန် ထန်းပင်များအကြားမှ သူ ပျိုးထောင်ပေးခဲ့သော်လည်း သူသည် ထန်းတောများ အတွင်း၌သာ ပျော်ခဲ့သည်။

အထင်ကြီးခြင်းဆိုသည်မှာ သားရေဖုံးနှင့် စာအုပ်ထူထူကြီးများ၌ တည်သည်သာ ဖြစ်သည်။ သူက အပြစ်မတင်သော်လည်း ကျွန်တော်သည် သူ့ကို အထင်မကြီးပါ။ ကာဖကာ၏ မျှော်စင်ပေါ်မှာ ထိုင်၍ သူတို့ကို ကြည့်နေမိပါသည်။

ဘဝကို ကျေနပ်ခြင်း၌ အဘယ်ကြောင့် သူတို့ သော့ခတ်၍ ထိန်းသိမ်းထားခဲ့ပါသနည်း။

သူနှင့် သူကဲ့သို့သော သူများကို သနားရမည်လား။ စိတ်ဆိုးရမည်လား။ ဘဝဆိုတာ ပစ်ချခံရတာပဲ။

သူသည် စာတစ်လုံးမျှ မတတ်ခဲ့သဖြင့် ကီရယ်ကဂါတ်၏ ပစ်ချခြင်းခံရသော ဘဝဆိုင်ရာ အတွေးအခေါ်များကို ဖတ်ခဲ့ခြင်း မရှိကြောင်း ကျွန်တော် သိပါသည်။

မြို့ပြထဲသို့ သူက ပစ်ချလိုက်သည်။ ပူလောင်သော ကျေးလက်ဘဝထဲတွင်မူ သူ့ဘာသာ နှစ်မြုပ်ပစ်လိုက်ပါပြီ။

ဆယ်ပြားတန် ရေခဲရေတစ်ခွက်ကို ရောင်းသူမဲ့စွာဖြင့် နေ၏ လွင်ပြင်များအတွင်း သူ ရှာဖွေ၍ သောက်တတ်ခဲ့ပါပြီ။ မနာလို ဝန်တိုမှုများနှင့် ပြိုင်ဆိုင်လိုမှုများသည် အဘယ့်ကြောင့် နေရောင်အောက်တွင် ပျောက်ဆုံးနေကြပါသနည်း။

ကျေနပ်နှစ်သိမ့်ခြင်းဆိုတာ စကားလုံးများကို ကျွန်တော်တို့ ရှာဖွေနေစဉ် စာမျက်နှာ ၃၂ ပျောက်ဆုံးနေကြောင်း တွေ့ရှိလိုက်ကြပါသည်။

နေ၏ ရောင်ခြည်များ၊ မိုး၏မိုးစက်များ၊ ဆောင်း၏ နှင်းပေါက်များ ခေါင်းဖြင့်ခံရင်း ကျွန်တော်တို့ လေထုအတွင်း ခုန်နေကြပါသည်။

မြို့ပြ၏ ယဉ်ကျေးမှုတွင် ဖိနပ်စီးခြင်းလည်း ပါပါသည်။ လေပူများကို ပူကြောင်း သူ မသိတာလား။ လေများက သူ့ကို မပူစေခဲ့တာလား။

အဘယ့်ကြောင့် လေပူများသည် သူ့ကို မပူစေခဲ့သည် ဆိုခြင်းကို သူမှအပ မည်သူမျှ မသိနိုင်ပါ။ ထန်းပင်ရိပ်များကမူ ကျွန်တော့်ကို မအေးမြစေနိုင်ပါ။

တိုးတက်သော ကျွန်တော်၏ စိတ်ကူးပုံစံများသည် သရုပ်မှန်လမ်းကြောင်းမှ သွေဖည်ခဲ့ကြောင်း ကျွန်တော် မသိခဲ့ပါ။ ဘဝဆိုသည်မှာ သူသိသလို မဟုတ်ဘူးဟု မပြောနိုင်ပါ။ ကျွန်တော်သိသော ဘဝဆိုင်ရာ ပုံစံများသာ မှန်သည်ဟုလည်း မပြောနိုင်ပါ။ တစ်ခုတည်းသော အကြောင်းကို အမှန်အတိုင်း ပြောပြနိုင်သည်မှာ သူ ကွယ်လွန်ပြီးမြောက်ခဲ့ခြင်းပင် ဖြစ်သည်။

ဘဝတစ်ခုသည် ထန်းတောအတွင်း၌ စတင်ခဲ့ပြီးနောက် ပြီးဆုံးခဲ့ပြီ။ အခြားသော ဘဝတစ်ခုမှာ ထန်းတောများ အတွင်းမှာပင် စတင်ခဲ့သော်လည်း အဆုံးသတ်ရန် နေရာရှာဖွေဆဲ မဟုတ်ပါလား။ မဟုတ်ပါဟု သင်က ငြင်းလိုပါသေးသလား။

***

မျှော်လင့်ထားခြင်းမရှိဘဲ တစ်နေ့သောအခါတွင် သူသည် ထန်းပင်ပေါ်မှ ပြုတ်ကျသဖြင့် သေဆုံးခဲ့ပြီ။ ရွေးချယ်ခြင်းဆိုင်ရာ အသိပညာ၏ ဆုံးဖြတ်မှုများအရ ထန်းပင်ပေါ်မှ သူ ခုန်ချခဲ့ခြင်း မဟုတ်ကြောင်းကိုမူ အများသိသကဲ့သို့ ကျွန်တော်လည်း သိပါသည်။

ရှည်ကြာစွာ လျစ်လျူရှုထားခြင်း ခံထားခဲ့ရသော သေခြင်းတရား ဆိုသည်မှာ အတုမဟုတ်ပါ။ အလုံးစုံနှင့် ပတ်သက်သကဲ့သို့ သီးခြားဘဝများနှင့်လည်း တိုက်ရိုက် ပတ်သက်လျက် ရှိခြင်းသည် မျက်လှည့်အတတ်တစ်ခု မဟုတ်သဖြင့် သေခြင်းကို ယုံကြည်ရပါမည်။

သူ မွေ့လျော်ခဲ့သော ထန်းတောများ၊ ထန်းတဲများ အားလုံးကို သူ့ ညီကလေးအဖို့ဘဲ ထားရစ်ခဲ့ပြီ။

သူ့ထံမှ အသက်သည် ပျော်ရွှင်စွာ ကခုန်၍ ထွက်သွားခဲ့သည်ထင်၏။ သူကဲ့သို့သော လူတစ်ယောက်ထံမှ အသက်သည် ဖြစ်တည်စ၏ တစ်ခဏမှာပင် ပြန်လည် ထွက်ခွာရန် မသင့်ပါလားဟု ကျွန်တော် စိတ်ကူးကြည့်ခဲ့မိသော်လည်း ကျွန်တော် စိတ်ကူးသကဲ့သို့ သူ စိတ်ကူးလေလိမ့်မည်ဟု ကျွန်တော် စိတ်ကူးမကြည့်မိဖူးပါ။ နှစ်သစ်ကူးရာသီ ဖြစ်သဖြင့် ကင်းဘရစ် ကျောင်းတော်ကြီးတွင် နှင်းဝေလောက်ပြီ။

ကျွန်တော်၏ အသိပညာများသည် ဦးနှောက်၏ အလုပ်ခန်းများအတွင်း လှိုင်းတံပိုး ထနေပေပြီ။ ခြောက်သွေ့နေသော အညာ၏ ဆောင်းသည် လောကကြီးကို ဓမ္မဓိဋ္ဌာန်ကျသော မျက်မှန်အကြားမှ ရဲတင်းစွာ ကြည့်နေပြီ။ သူနှင့် ကျွန်တော်၏ အကြားတွင် လူနှင့်ပတ်သက်၍ ရဲတင်းစွာ ကြည့်နေပြီ။ သူနှင့် ကျွန်တော်၏ အကြားတွင်

လူနှင့်ပတ်သက်၍ စဉ်းစားရန် ပုံစံတစ်ခု ပေါ်လာခဲ့ပါပြီ။

ဘဝဆိုတာ ဒါပါပဲဟု သူက ပြောခဲ့ခြင်းနှင့် ဘဝဆိုတာ ဒါလား ဟူသော ကျွန်တော်၏ ပြဿနာများကို မှတ်တမ်းမှတ်ရာများဖြင့် စုစည်းထားမည်ဆိုလျှင် ဦးထွန်းငြိမ်း အဘိဓာန်သုံးအုပ်ထက် လျော့နည်းရန် အကြောင်းမရှိပါ။

စာပေဝေဖန်ရေးဆရာက ရေးသားလိုက်သော ရင်မသည်းဖို ဝတ္ထုတစ်ပုဒ်ကဲ့သို့ စိတ်ဝင်စားစရာ အကြောင်းတစ်ခု ဖြစ်ပါသည်။

သီဝရီများစွာဖြင့် အသက်ရှင်နေခဲ့သော ကျွန်တော့်အဖို့ သူနှင့် ဆက်စပ်ကြည့်၍ ရမည့် သီဝရီတစ်ခုကို ရှာ၍မရနိုင်ပါ။ ဘဝဆိုသည်မှာ ကျေနပ်နှစ်သိမ့်ရင်း ပြီးပြည့်စုံခဲ့သည်ဟု သူက မပြောသော်လည်း အမှန်ပင် သူက ပြောခဲ့သည်ဟု ကျွန်တော် ယုံကြည်မှတ်ယူခဲ့ခြင်းသည် မြူနီစီပယ် အမှိုက်ပုံကဲ့သို့ ပြည့်လျှံ၍နေပါပြီ။

မြို့ပြ၏ ရနံ့များနှင့် ယဉ်ကျေးမှုပုံစံများအတွင်း ဘဝ၏ ဖွံ့ဖြိုးမှုကို ရှန်းကန်နေသော ကျွန်တော်နှင့် သူ့ကို တူညီသော ပေတံတစ်ချောင်းဖြင့် တိုင်းတာရန် သိပ္ပံအလုပ်ရုံတွင် အလုပ်အပ်ထားလိုက်ပါ၊ လှည်းလမ်းကြောင်းပေါ်သို့ လွှင့်ပစ်လိုက်သော ဖရန်စစ်ကိုပီ၏ သင်္ချာယုတ္တိဗေဒ စာအုပ်တစ်အုပ်သည် ဘာသာစကား ကျွမ်းကျင်သော နွားတစ်ကောင်ကို မျှော်လင့်လျက်ရှိပါသည်။

တစ်ခုသော နေရာတွင် ဆုံဆည်းရမည် ဖြစ်သည်။ ထိုနေရာမှ သူ့ကို စောင့်နေပါစေလေ။ ကုန်စိမ်းကားများလည်း အချိန်မှန်ရထားများကဲ့သို့ အချိန်မှန်လျှင်မှု ကောင်းပါလိမ့်မည်။ အကယ်၍ ကျွန်တော် သေခဲ့လျှင်...

ဤတွင် ‘အကယ်၍’ ဟု သုံးနှုန်းခြင်းမှာ တကယ် မဟုတ်သေးသောကြောင့်ဟု သင် နားလည်ထားလျှင် ဆက်၍ ဖတ်စေချင်ပါသေးသည်။

***

ကျွန်တော် ဆက်၍ ပြောပြရမည့် အကြောင်းများမှာ အဘယ်နည်း။

သူနှင့် ကျွန်တော်၏ အကြားတွင် ခရီးတစ်သောင်းမက အမြဲဝေးကြပြီ ဖြစ်သော်လည်း ကျွန်တော့်အနီးတွင် တစ်သက်တာပတ်လုံး သူ ရှိနေခဲ့သည့် အကြောင်းလား။ မြောက်ဘက်သို့ ပျံသွားကြသော လင်းတငှက်များ အကြောင်းလား။ ဆိုဘောနက လွှင့်ပစ်လိုက်သော ဒိန်ခဲတစ်တုံး၏ ငန်ကျိကျိအရသာ အကြောင်းလား။ မုယောစပါးဖြင့် ပြုလုပ်ထားသော ဗျစ်ခါးရည်ထဲတွင် ထိမ်ဝှက်ထားသော အမြုပ်များ

အကြောင်းလား။ ကျေနပ်နှစ်သိမ့်မှုများကို ခြေချင်းခတ်၍ ငိုကြွေးနေစေခဲ့သော မြို့ပြ၏ရနံ့များ၊ ယဉ်ကျေးမှုများ အကြောင်းလား။ ဆလွန်းကားထဲက သူငယ်မများကို မျက်စပစ်ပြနေသော ကဒ္ဒလေယာပန်းပွင့်များ အကြောင်းလား။ ရင်းထောင်–ထောင်–ပြောင်၊ ရင်းထောင်လှဲ မွဲ ဆိုသည့် အကြောင်းလား။ ကားလ် ပေါ့ပါး၏ သမိုင်းဆိုင်ရာ မွဲတေမှုစာအုပ် အကြောင်းလား။ သနပ်ခါးလိမ်းသော မိန်းမပျို့နှင့် လက်သည်းရှည်ထားသော ယဉ်ကျေးမှု အကြောင်းလား။ ကန့်လန့်ဖြတ်သွားသော မျဉ်းနှစ်ကြောင်း၏ အကြောင်းလား။ ပုစွန်ဆိတ်ခုံ ပင်ကျရည်အတွက် အလျဉ်ခံခြင်းနှင့် စပ်လျဉ်းသည့် သုတေသနပြုမှုတွင် ပါဝင်သည့် သတ္တမအချက်အလက်ပါ အကြောင်းလား။ မြို့ပြ၏ ယဉ်ကျေးမှုခေါ်သော ဟန်လုပ်ခြင်းဆိုင်ရာ အတတ်ပညာများအကြောင်းလား။ ခြင်ကောင်များအကြောင်း စဉ်းစားရင်း လူပျိုကြီးဖြစ်သွားကြသော ငှက်ဖျား တိုက်ဖျက်ရေးက ဆရာဝန်များ အကြောင်းလား။ လေချဉ်တက်သည်ကို ရှက်စရာဟု ယူဆသော အကြောင်းလား။ ရုပ်မြင်သံကြားထဲမှာ သတင်းပြောသော ဦးလှဝင်း အကြောင်းလား။ သံပရာသီးသည် ချဉ်၏ ဆိုသော ယောအတွင်းဝန်မင်း၏ အရေးအသားများ အကြောင်းလား။

ကျွန်တော် ဘယ်မှာလဲ။

သူသေနှင့်ပြီ။

ဘဝဟူသည်မှာ…

ဟူသောကိစ္စကို ကျွန်တော့်အား မမေးပါနှင့်တော့။ သူကဲ့သို့ ကျွန်တော် မပြောပြတတ်ပါ။ ‘အကယ်၍’ ဟူသော စကားအသုံးအနှုန်းကို ဝေးလံရာတွင် လွှင့်ပစ်ပြီးသောအခါ ကျွန်တော်လည်း သူကဲ့သို့ ကျေနပ်ပျော်ရွှင်သော ဘဝ၌ သေရပါစေသား။

■

သစ်ငုတ်တိုပေါ်က စာကလေးတစ်ကောင်

လေက ခြွေချလိုက်သော ကုက္ကိုရွက်များကြောင့် ကတ္တရာလမ်းမသည် ပို၍ ရုပ်ဆိုးမသွားပါ။ လှပခြင်းနှင့် အကျည်းတန်ခြင်းများ အကြောင်းကို သင်မသိခဲ့ဘူး မဟုတ်လား။ လှပခြင်းကို ပြဿနာလုပ်၍ ရသပညာကျမ်း တစ်ခုအဖြစ် ရေးသားခဲ့သော တော်စတွိုင်း၏ ရသပညာစာအုပ်မှာ ကနဦးက အဖိုးအခ မရေးထားသော်လည်း မြေနီကုန်းညစျေးတွင် ယခုအခါ သုံးဆယ့်ခုနစ်ကျပ် ပေးလျှင် ရနိုင်ကြောင်း ကျွန်တော် ပြောပြချင်ပါသည်။ ကတ္တရာလမ်းမကို ခြယ်သထားသော အနက်ရောင်၏ တည်ငြိမ်မှုကိုလည်း ပြောပြပါမည်။

ရှေးဦးစွာ သစ်ငုတ်တိုပေါ်က စာကလေးတစ်ကောင်အကြောင်း ကျွန်တော် ပြောပြသည်ကို သင်တို့က ခွင့်လွှတ်စွာဖြင့် လက်ခံကြစေလိုပါသည်။

***

မြို့ပြ၏ရနံ့များ အကြားတွင် မွေ့လျော်ကြရန်အတွက် ကျွန်တော်တို့ အားလုံး စိတ်ကူးပုံစံများကို ထိန်းကျောင်းပြုပြင်ခဲ့ကြခြင်း မရှိဟု ဆိုသည်မှာ မဖြစ်နိုင်။ ဒေါသများပါသော ကမ္ဘာလောကကြီး၏ တိုးတက်မှုအတွင်းသို့ ခုန်ဆင်းကြရန် ကျွန်တော်တို့ သဘောတူခဲ့ကြပါသည်။ ထိုညမှာ ဗင်ဂိုး၏ ကြယ်များလင်းသော ညတစ်ည ဖြစ်ပါသည်။ တမာပင်အိုး၏ အောက်တွင် ချထားခဲ့သော ဆုံးဖြတ်ချက်များမှာ ယခုတိုင် မည်သူကမျှ ခါးသီးနေခဲ့သည်ဟု မထင်ဖြစ်ခဲ့ကြပါ။ နောက်ကျိနေသော မြစ်ရေများ၊ ဖုန်ထနေခဲ့သော လှည်းလမ်းကြောင်းများ၊ အလျဉ်ကောင်းသော ထန်းရည်ခါးများ အစရှိသည်၊ အစရှိသည်များကို စတင်၍ စည်းရိုးခတ်ပြီးနောက် မိုးရေကာဖျင် ကောင်းကောင်းဖြင့် ဖုံးအုပ်ထားရန် စေလိုက်ပြီးသောအခါ ကျွန်တော်တို့ မကျေမနပ် မဖြစ်ကြတော့ပါ။ မကျေနပ်ဖွယ် ဖြစ်စေခဲ့သော အကြောင်းတရားတစ်ခုကို သူက ဖန်တီးခဲ့သဖြင့် သူမှလွဲ၍ အခြားသူ မဟုတ်။ လောကကြီးမှာ မနေ့က၊ တစ်နေ့ကနှင့် ယနေ့အဖို့တို့သည် မနက်ဖြန်လိုပင် ဖြစ်မည်ဟု သူ မထင်ခဲ့သော်လည်း ယုံ၏။ သူ့ကို ကျွန်တော်တို့ အပြစ်မတင်သော်လည်း ကာလနှင့် အာကာသတရား နှစ်ပါးတို့ကို ရှင်းလင်းစွာ မရေးပြခဲ့သော အီဗာန်နူဝယ်တန်ကိုမူ ပြစ်တင်စာ တစ်စောင် ရေးပို့လိုက်ပါမည်။ တက္ကသိုလ် ပရိဝုဏ်ထဲက သစ်ပုတ်ပင်ကို သင်သိသည်ဟုဆိုလျှင် သစ်ပုတ်ပင်ကဲ့သို့ တက္ကသိုလ်ပရိဝုဏ် အတွင်း ရှည်ကြာအောင် မြဲခဲ့သော ကုလားအဖိုးကြီး အင်သနီကို သင်မသိခဲ့သည်မှာ သေချာပါသည်။ ပညာတတ်

အများအပြားသည် နက်ပြောင်နေသော ကတ္တရာလမ်းမတစ်လျှောက် ရဲရင့်စွာ လျှောက်လာကြပြီ။ အမှတ်ဆယ့်ခြောက် ဘတ်စ်ကားကို တိုးဝှေ့၍ စီးလိုက်ကြပါသည်။ မိုက်မဲသော 'ငါ'များစွာနှင့်အတူ ကျွန်တော်တို့သည် ကုလားတမာပင် အရိပ်အောက်၌ ရသပညာတစ်အုပ်အား ဝါးစားနေကြစဉ် နေ့သည် အရွယ်လွန်သွားခဲ့လေပြီ။ နေ့အသစ်များ ဖြစ်ပေါ်လာသည့်အတိုင်း ငြင်းခုန်ကြရန်အတွက် ကျွန်တော်တို့၏ အစွမ်းအစများကို ပျိုးထောင်နေစဉ် ညမှာ နုပျိုဆဲဖြစ်ပါသည်။ ညကိုချစ်ခြင်းတွင် သူနှင့်။ ကျွန်တော်နှင့်၊ ကျွန်တော်တို့နှင့် တူကြလိမ့်မည် မဟုတ်ပါ။ ငြိမ်သက်လေ့ရှိသော ည၏ တိတ်ဆိတ်သံများအတွင်း သူနှင့်အတူ သူ၏ ဆေးလိပ်မီးခိုးငွေ့များ ပျော်ပါးဖြစ်ခဲ့ကြပါသည်။ တိတ်ဆိတ် ခြင်း၏ အသံများအပေါ် သာယာရန်အတွက် သင်တို့အားလုံးကိုလည်း ဖိတ်ခေါ်ချင်ပါသည်။ အိပ်မရသောရောဂါများ သင့်ကိုယ်တွင် မွေးမြူထားရန်အတွက် မျိုးစေ့များ တောင်း၍ ပို့လိုက်ပါမည်။ ကျွန်တော်တို့ကိုမူ သနားမည့်အစား သင်းထိုက်နှင့် သင်းကံသို့ သဘောထားကြပါ။ ညကို သာယာနေခြင်း အတွင်း၌ပင် ကျွန်တော်တို့သည် တကယ့်ဘဝအတွင်း လေညင်းခံရန် လမ်းလျှောက်ထွက်ခဲ့ကြသည်။ လမ်းနံဘေးတွင် ပုဏ္ဏရိက်ပင်များ၊ မြက်ခင်းစိမ်းစိမ်းများ၊ ပင်လယ်ကဗ္ဗီးပင်များနှင့် အတူ စိတ်ကူးယဉ်စရာ ကောင်းလှသော မေဝဲလ်ပင်များ မရှိပါ။ ရွက်စိမ်းများ ဝါကျသော အော်တွန်(မ)ရာသီ၏ နောက်ဆုံးနေ့ရက်များဟု စိတ်ကူးယဉ်ခဲ့ကြခြင်းသည် တစ်နေရာရာတွင် ကျန်ရစ်ခဲ့ကြပြီ။ မိုးလင်းတော့မည် ဟူသော အသိနှင့်အတူတကွ ဘဝဆိုတာ စိတ်ကူးယဉ်စရာ မဟုတ်ဘူးဟူသော အသိတရား အချို့သည် ဖိတ်ခေါ်ထားခြင်း မရှိဘဲ ကျွန်တော်တို့ ဦးနှောက်ထဲသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရှိရပါသည်။ လင်းစအလင်းရောင်အတွင်း သူက ကျွန်တော်တို့အား လှည့်၍ ပြုံးပြလိုက်သည်ကို ကျွန်တော် နားမလည်နိုင်ပါ။ အဘယ့်ကြောင့် ကျွန်တော်တို့၏ ရှေ့နားသို့ သူရောက်ရှိသွားသည်ကိုလည်း မစဉ်းစားတတ်ပါ။ ညကို သာယာခဲ့ကြသည် မှန်သော်လည်း အဘယ့်ကြောင့် အရုဏ်၏ အလင်းရောင်အောက်တွင် သူ ပျော်ရွှင်နေသည်ကိုလည်း မစဉ်းစားတတ်ပါ။ ဆူညံသံများ ပေါ်ပေါက်လာခဲ့ပြီ ဖြစ်သော်လည်း သူသည် ကျွန်တော်တို့ထက် ပို၍ လန်းဆန်းနေပါသည်။ တိုးတက်သော ကမ္ဘာကြီး၊ ခေတ်ရှေ့ပြေးသော စိတ်ကူးပုံစံများ၊ ကွန်ပျူတာဖြင့် မွေးနှောက်ထားလိုက်သော ရသသီဝရီများကို မြက်ခင်းပေါ်တွင် ခေတ္တ ပုံချထားပြီး သစ်ငုတ်တိုပေါ်က စာကလေးတစ်ကောင်ကို သူသည် သူစားနေသော ပေါင်မုန့်၏ နှုတ်ခမ်းသားများ ဖဲ့၍ ကျွေးနေသည်မှာ ကျွန်တော်တို့အဖို့ စဉ်းစာမည်ဆိုလျှင် စဉ်းစားနိုင်ပါသည်။ ကျွန်တော်တို့သည် ထိုအခါက ဝိုင်းပတ်၍ ကြည့်နေခဲ့ကြသည်မှာ သူ့ကိုလား၊ စာကလေးကိုလား၊ သစ်ငုတ်တိုကိုလား ဆိုသည်မှာ ယခုတိုင်အောင် စဉ်းစား၍မရခဲ့ပါ။

***

နောက်ကျိုနေသော မြစ်ရေအချို့ကို ကြည့်နေစဉ်မှာပင် ကြည်၊ စိမ်း၊ အေးနေသည်ဟု ဆိုခဲ့ကြသော မြစ်ရေများ အကြောင်းကို သတိရမိပါသည်။ 'အချို့' ဟူသော အသုံးအနှုန်းများကို သုံးစွဲရန် ဝန်လေးကြသည့် ပညာရှင်များကိုလည်း သတိရမိပါသည်။ မြစ်၏ သာယာဖွယ် ဖြစ်ရှိနေခဲ့ခြင်းအတွက် မည်သူကမျှ ဂုဏ်မပြုကြပါ။ ဆိုကြမည်ဆိုလျှင် ယမုန်နာ သီတာသောင်ခြေဦးမှာလလေ ဟူသော အပိုဒ်ကိုပင် အဖန်တလဲလဲ ဆိုကြပါလိမ့်မည် ဟူသော နွေ၏လေကို ခံစားခဲ့ကြစဉ်က ဘဝ၏ သာယာခြင်းများကို သူက ပြောပြခဲ့ပါသည်။ တောင်ရိုးတစ်လျှောက်တွင် လှေကားထစ်များသည် အဘယ့်ကြောင့် အဆင်းအတက်များ ဖြစ်နေခဲ့သည်ကိုမူ သူ မစဉ်းစားခဲ့သော်လည်း ကျွန်တော် စဉ်းစားနေကြောင်း သူသိနေပုံ ရပါ သည်။ တကယ်တမ်း သူစဉ်းစားခဲ့ခြင်း ရှိမရှိကိုမူ သူကသာလျှင် သိပါမည်ဟု ကျွန်တော်က ပြောလျှင် သင်တို့ ယုံရန်သင့်ပါသည်။ ယုံမယုံ ဆိုသည်မှာ သင်နှင့်သာ ဆိုင်သဖြင့် ကျွန်တော် မတိုက်တွန်းတော့ပါ။ ဥမင်သုံးဆယ်အထိ သွားမည်ဆိုလျှင် ခြေကျင်သွားရန် မသင့်ပါလား။ မြစ်ထဲက လှေများသည် အဘယ့်ကြောင့် သေးငယ်သွားခဲ့ကြသည်ကို တောင်ရိုးပေါ်တွင် လမ်းလျှောက်ရင်း ကျွန်တော် စဉ်းစားမိသည်မှာ မဆန်း။ မြစ်ဘက်ကလာသော လေများ ပူနွေးခဲ့ကြခြင်းမှာ နွေလေဟု အသိအမှတ်ပြုခဲ့ပြီ ဖြစ်သဖြင့် သူ့အား ပူနွေးစေခဲ့ပုံမရပါ။ ဝင်လေထွက်လေများနှင့် အခြေခံကာ ညီညွတ်မျှတစွာ ဖြစ်ရှိနေခဲ့ရသော ဘဝ၏ သာယာစဖွယ်များကို သူ ပြောနေခဲ့သည်မှာ ပင်ပန်းဖွယ်ကောင်းသော ဘဝများ၊ ငြီးငွေ့ဖွယ်ကောင်းသော ဘဝများ လောကတွင် မရှိကြတော့ဘူးလား ဟု ထင်မှတ်စရာ ဖြစ်လာပါသည်။ 'ဒုက္ခ'ကို ကျော်၍ 'အနိစ္စ'မှ 'အနတ္တ'သို့ ခုန်ကူးခဲ့ပြီဖြစ်သော သူ့အမြင်သည် မြစ်ဖျားမှ ရေစီးချောင်းကဲ့သို့ ကြည်လင်၍ အားကောင်းလှသည်ဟု မပြော၍မဖြစ်။ 'ဒုက္ခ'အချို့ကို ထွက်ပေါက်မရှိသော လူ့ဘဝအား ဆူးကြိုးများခတ်ရန် ကြိုးပမ်းနေကြသော ယောန်–ပေါလ်ဆာတ်တို့ လူသိုက်ထံ ပို့လိုက်ပါပြီ။ ဆည်းလည်းသံများ၏ သာယာသံ ဖြစ်ပေါ်လာမှုကို ကျွန်တော် နားလည်ခဲ့ပါပြီ။ နွေကို ပိုလှုစေမည့် သူ ရှာမတွေ့တော့ပါ။ ရှက်ကြွေခဲ့ပြီဖြစ်သော သက်ရင့်ပင်အိုတို့သည် နွေကို တန်ဆာဆင်သည်ဟု ကျွန်တော်က ပြောပြခဲ့ခြင်းတွင် အတ္တနောမတိ၊ သုံးမတ်သားခန့် ပါခဲ့ကြောင်းကိုမူ ယခုကပင် စတင်၍ ဝန်ခံပါတော့မည်။ ပညာတတ်တို့၏ ထိုးဇာတ်ကြောင့် ဥသြသည် နွေကို အလှုပိုစေခဲ့သလို ဖြစ်ခဲ့ရခြင်းများမှာမူ အမှန်ပင် ကျွန်တော်နှင့်လည်းကောင်း၊ သူနှင့်လည်းကောင်း မပတ်သက်ခဲ့ပါ။ ဥသြ၏နေရာတွင် ကြည့်ချင်စဖွယ် ကြက်တူရွေးငှက်များကို 'တိမ်ပြာသောနေ့' သီချင်း နှုတ်တိုက်သင်ပေးရလျှင် မကောင်းပေဘူးလား။ သို့မဟုတ် ထိုကြက်တူရွေးငှက်များကို စန္ဒရားနီနီနှင့် ဆရာသီးထံပို့၍ အင်တာနေရှင်နယ်နုတ်များ လေ့လာခိုင်းလျှင် မကောင်းပေဘူးလား။ သို့တည်းမဟုတ် ထိုကြက်တူရွေးများကို သင့်ရာတွင် ချန်လှပ်ထား ပြီး နွေနှင့်ဥသြသာလျှင် ရှိနေစေခဲ့လျှင်ကော မသင့်လျော်ပေဘူးလား။ စင်စစ် နွေသည် အနိစ္စ၏ ဥပဒေသများအတွင်း မမြဲသဖြင့် သင်

ပူပန်ရန် မလိုပါ။ အနိစ္စကို မြင်တတ်ကြသူများကမူ တောင်ရိုးတွင် ပျော်ကြပြီ။ ကာလနှင့် အာကာသတို့၏ ဆက်စပ်မှုသဘောများအားဖြင့် အနိစ္စကို လျစ်လျူ ရှုခဲ့ပြီးနောက် တောင်ရိုးမှ ပြန်ခဲ့ကြပြီ။ တောင်ရိုး၏အလှများ နွေ၏အလှများ၊ ဒုက္ခကို ကွင်းခဲ့ပြီဖြစ်သော အနတ္တအမြင်ဆိုင်ရာ ဘဝခံစားချက်များ၊ ဉသြင့်ကျက်များ၊ လေ့ကားထစ်... အစရှိသည်တို့သည် ကျွန်တော်တို့ နောက်ပါးတွင် ကျန်ရစ်ခဲ့ပြီးနောက် ကျွန်တော်တို့ထံတွင် မြဲတော့သည်။ သူလည်း ကျွန်တော်တို့နှင့်အတူ ပါခဲ့သည်။ အပြာရောင် ကောင်းကင်အောက်၌ ပျံသန်းနေခဲ့သော စာကလေးတစ်ကောင်မှာ အဘယ်ကြောင့် ပျောက်ဆုံးနေခဲ့ပါသနည်း။

***

"လွမ်းတော်မူလို့ စာကိုစီတယ်" ဟု စတင်ရပါမည်လား။ မဖြစ်နိုင်ဘူးဟု ထင်ရသော အကြောင်းများတွင် အနုပညာများကို ရောထွေးပစ်လိုက်ခြင်းသည် ပါ၏။ လေထု၏ ညစ်ညမ်းလာမှုအတွင်း ကမ္ဘာကြီးမှာ ကျဉ်းမြောင်းလာခဲ့ခြင်း မရှိဟု မည်သူမျှ မပြောနိုင်တော့။ ဇမ္ဗူသပြေပပင်ရင်းမှ တေးဂီတ၏ ဖြစ်မှုအကြောင်းကို ပြောပြနေစဉ် ကောင်းကင်ယံတွင် သိန်းငှက်တစ်ကောင်ကောင် တွေ့လေမည်လား ဟူသော အကြည့်ဖြင့် သူ့မျက်လုံးများက ရှာဖွေနေကြောင်း ကျွန်တော် သတိပြုမိပါသည်။ ထိုအကြည့်မှာ သိန်းငှက်အကြည့်မျိုး မဟုတ်သည်မှာ အမှန်။ မိုးဦးပင် စတော့မည်ဖြစ်၍ မြောက်ဘက်ကုန်းမြင့်များဆီသို့ သိန်းငှက်များ ပျံကြပြီ ဆိုသည်ကို မသိသော သူ၏ သိမှုကို ကျွန်တော် သရော်မိပါသည်။ ဝမ်းသာအားရစွာဖြင့် ရင်ထဲမှ သရော်ခဲ့မိခြင်းများသည် သူ သိရှိနားလည်စေရန် ကျွန်တော် သရုပ်ဖော်ပြခြင်း မရှိပုံမှာ ယခုအတိုင်း စဉ်းစား၍မရ။ စာပေ ဗိမာန် ပန်းချီပြပွဲတစ်ခုတွင် ကြည့်ခဲ့ရသော ကျူးဘစ်ဇင် အနွယ်ဝင် ပန်းချီကားတစ်ချပ်သည် အငြိမ့်သမပုံလား၊ ကချေသည်ပုံလား။ ဟယ်ရီအောင်၏ နှစ်ပါးသွားပန်းချီကားမှာ စျေးအမြင့်ဆုံးဖြင့် ရောင်းခဲ့ရသည်မှာ သေချာနေသည်။ သီဝရီများဖြင့် ဆွေးနွေးငြင်းခုံ နေကြစဉ်မှာပင် သူက နှစ်ပါးသွား ပန်းချီကားရှေ့တွင် ရပ်၍ ပြုံးပြနေသည်ကို ယနေ့တိုင် မမေ့ နိုင်ပါ။ နှစ်ပါးသွား ပန်းချီကား နောက်ခံရောင်မှာ အနက်ရောင် ဖြစ်နေခဲ့ခြင်းအတွက် ကျွန်တော်တို့ သိမှတ်နားလည်ခဲ့သော ရသသီဝရီများအားဖြင့် သူက ဖြေရှင်းစေခဲ့သော်လည်း ယခုတိုင် မဖြေနိုင်ခဲ့ပါ။ သင်ကမူ တစ်ခုခုကို အဖြေပေးစေချင်ပါသည်။

ပန်းရောင်ဆိုသည်မှာ မည်သည့်အရောင် ဖြစ်ပါသနည်း။ ပန်းရောင် ဆိုးထားသော အိပ်မက်ဆိုသည်ကို ဘယ်အခါမှာ မက်ပါသနည်း အစရှိသည်တို့ ဖြစ်ပါသည်။ သူ့ထံမှမျှ တစ်ခါတမျှ အဖြေမရခဲ့ပါ။ အဝါရောင်ကို ခွဲခြမ်းစိတ်ဖြာ မရခဲ့သော ရိုအီးမိုးကဲ့သို့ သူသည် ပြုံး၍သာ ပြခဲ့ပါသည်။ ထိုစဉ်က သူကြိုက်ခဲ့သော

သီချင်းတစ်ပုဒ်မှာ မငွေမြိုင်၏ သီချင်းတစ်ပုဒ် မဟုတ်ဟု မဆိုနိုင်။ မမြရင်၏ သီချင်းတစ်ပုဒ်လည်း မဟုတ်ဟု မဆိုနိုင်။ လက်ဖြင့် ပေါင်ကိုပုတ်ကာ စည်းလိုက်လေ့ရှိသော သူ၏ စည်းလိုက်သံသည် ရေစိုသော ကျီးကန်း၏ တောင်ပံခတ်သံကဲ့သို့ ဆန်းသောအသံတစ်ခု ဖြစ်၏။ ကျွန်တော် ပျိုးထောင်ခဲ့သော ခေတ်လွန်ရှေ့ကူးပုံစံ အများအပြားသည် ထို ဆန်းသောအသံများကြောင့် မကြာမကြာ တုန်ခါခဲ့ရသည်၊ 'ဘို'သံပါသော အငြိမ့်သီချင်းတစ်ပုဒ်ကို သူဆိုပြသော အခါကလည်း ကျွန်တော်တို့ တုန်လှုပ်ခဲ့ရဖူးပါသည်။ သီချင်းရေးဆရာကိုသာ ချီးမွမ်းခဲ့မိကြသော်လည်း ကပြားသီချင်းတစ်ပုဒ်ဟု ယိုးစွပ်ခဲ့ခြင်း မရှိကြသော ကျွန်တော်တို့၏ ဝေဖန်ရေးသတ္တိများကို သူက အပြုံးများဖြင့် ပြစ်တင်ခဲ့သော် ကျွန်တော်တို့ ဝန်ခံကြရပါမည်။ မဟုတ်ဘူးဟုပြောလျှင် ထိုသူ၏ စိတ်ကူးပုံစံကို မှတ်သားထားရန် မသင့်ပါလား။

မိုးဦးကျဖြစ်ခြင်းနှင့် လွမ်းဆွေးဖွယ်များ ဖြစ်ခြင်းသည် တစ်သီး တခြားစီ ဖြစ်ပါသည်။ ယခု မိုးဦးကျခဲ့ပြီ မှန်သော်လည်း ကျွန်တော်တို့သည် မလွမ်းဖြစ်ခဲ့ကြပါ။ သူကမူ ရှာဖွေ၍ မရတော့သည့် အငြိမ့်သမပုံ ပန်းချီကားကို လွမ်းဆွေးတသစွာဖြင့် မမြရင်၏ သီချင်းတစ်ပုဒ်ကို ဆိုပါသည်။ 'နှင်းဆီတွေ နီကုန်ပြီ။ ခရမ်းရောင်ပန်းတွေ ပြာကုန်ပြီ' ဟူသော သီချင်းကို ကျွန်တော် ဆိုပြချင်ပါသည်။ အစအဆုံးမရသော သီချင်းတစ်ပုဒ်ကို ကျွန်တော်က ဆိုပြလျှင် တစ်ယောက်ယောက်က ဖြည့်စွက် ပေးရန် သင့်ပါသည်။ မရှိခဲ့ဖူးသော သီချင်းတစ်ပုဒ်ကို ကျွန်တော်ဆိုပြလျှင်မူ အားလုံးက စည်းလိုက်ကြမည်လား ဟူသော သံသယစိတ်သည် ရဲနေဒေးကား၏ သံသယကဲ့သို့ အားရှိနေသည် မဟုတ်။ သီချင်းဆုံးသွားသော အခါက သူ၏အပြုံးများ နုပျိုဆဲဖြစ်ကြောင်း ကျွန်တော် သိပါသည်။

ပြောပြချင်သော စကားလုံးအချို့ ထွက်ပေါ်မလာနိုင်သောအခါ စန္ဒရားကို ကျွန်တော် တီးပြလိုက်ပါသည်။ သူ ကြားမကြားကို ကျွန်တော် မသိနိုင်သော်လည်း သူ့လို အငြိမ့်သမက ခေါ်ဆောင်သွားခဲ့ပြီ ဖြစ်ကြောင်း ကျွန်တော်သိလိုက်ပြီ ဟူသော အသိကို ကျွန်တော် သိနေပါသည်။ သာယာဖွယ်ကောင်းသော အခါတစ်ခု၏ ဖြစ်နေခြင်းကို သိနေပါသည်။ သစ်ငုတ်တိုပေါ်က စာကလေးတစ်ကောင်၏ ဖြစ်ရှိနေခြင်းကို ကျွန်တော် မသိသော်လည်း ပကျစ်-ပကျစ်ဟု မြည်သော စာကလေးတစ်ကောင်သည် ထိုအခါက သစ်ငုတ်တိုပေါ်တွင် ရှိနေကြောင်း ကျွန်တော် သိပါသည်။ စာကလေးသည် ခေါင်းကိုမော့၍ ကောင်းကင်ကို ကြည့်လိုက်ပါသည်။ တိမ်ဖြူတစ်ခဲသည် ကောင်းကင်၌ ရွေ့လျားနေကြောင်း စာကလေးလည်း မြင်လိုက်မည် ထင်ပါသည်။ ကျွန်တော်က စာကလေးကို သစ်ငုတ်တိုပေါ်တွင် မြင်ပါသည်။

***

သူ့ကို သတိရစွာဖြင့် ကျွန်တော်တို့သည် စိတ်ကူးပုံစံများနှင့် ဝေးရာတွင် ထိုင်လျက် အနုပညာသီဝရီအချို့ကို မီးရှို့ပစ်ကြပါသည်။ မီးခိုးငွေ့များစွာကို ဖြတ်သန်း၍ နွေနေ့လယ်၏ အိပ်မက်တစ်ခုအတွင်း ကျွန်တော်တို့ လျှောက်လာခဲ့သော်လည်း အရာရာသည် လှုပနေခဲ့ပြီဟု ပြောဆိုဝန်ခံရန်မှာ မသင့်သေးပါ။

ထိုအိပ်မက်ကို ကျေနပ်ခဲ့ခြင်းအတွက် ကျွန်တော့်အား နေ့ခင်းအိပ်မက်ကို ယုံသူဟု ခေါ်ကြပါ။

သာယာလှပသော နေ့သည် ထိုတစ်နေ့ဖြစ်၏။ ထိုတစ်နေ့သည် ဟိုင်းနရစ်ဟိုင်းနား၏ သာယာလှပသော နေ့တစ်နေ့ ဖြစ်၏။

သူသည် အိပ်မက်ကမ်းစပ်မှနေ၍ ကျွန်တော်တို့ကို ဆီးကြိုခဲ့ပါသည်။

ဘဝဆိုတာ အိပ်မက်မဟုတ်ဘူးဟု ဆိုလျှင် ထိုအခါကို အိပ်မက်ဟု ခေါ်ပါ။ ဘဝဆိုတာ အိပ်မက်ပဲဟု ဆိုလျှင်မူ ထိုအခါကို အိပ်မက်ဟုပင် ခေါ်ကြပါမည်။

သူသည် နေ့ခင်းအိပ်မက်အတွင်း ကျွန်တော်တို့အလျင် ရောက်နေခဲ့သည် ဆိုခြင်းကိုမူ သူ မရှင်းပြသည့်တိုင် ကျွန်တော်တို့လည်း သိရှိလိုခဲ့ခြင်း မရှိပါ။ ကျွန်တော်တို့ တွေ့ဆုံကြသော နေရာသည် ကန်ရိပ်သာမှာလား၊ အသံလွှင့်ရုံရှေ့က ပြည်လမ်းမပေါ်မှာလား၊ မောရစ်ဆင်၏ ကျောင်းတော်ကြီးမှာလား၊ ဗာဗုလုန်မြောင်း အနီးမှာလား၊ မြသိန်းတန်ဘုရားပွဲမှာလား မသိပါ။ အံ့ဖွယ်ကောင်းသည့် သူ၏လွတ်လပ်သော အပြုံးများက ကျွန်တော်တို့အား အရာရာကို မေ့လျော့သွားစေပါသည်။

ခေတ်သစ်ကာလ၏ စိတ်ကူးပုံစံများနှင့် အနုပညာအကဲဖြတ်မှု "စံ"အများအပြားကို သူက တိုက်ပုံအင်္ကျီ၏ အတွင်းအိတ်အတွင်းမှ ထုတ်ကာ လမ်းမတစ်လျှောက်တွင် ကြဲချလိုက်ပါသည်။

နွေ၏ နေရောင်ခြည်များ၊ မုတ်သုံ၏ မိုးစက်များ၊ ဆောင်း၏ နှင်းငွေ့များကြောင့် အရောင်မပြောင်းခဲ့သော ကတ္တရာလမ်းမကြီးသည် ယခုအခါတွင်လည်း နက်မှောင်၍သာ နေပါသည်။

လေတွင် လွင့်၍ပါလာကြသော ဖုန်မှုန့်အချို့ကြောင့် ကတ္တရာလမ်းမကြီး၏ အနက်ရောင် ဂုဏ်ရည်အချို့မှာ မှေးမှိန်သွားခြင်း မရှိခဲ့ပါ။ အနုပညာသစ်များ အကြောင်းကို စတင်၍ ပြောလိုက်သော သူ့အသံသည် ဒေဝဣန္ဒာ၏ စောင်းသံနှင့် မတူဘူးဟု ပြော၍မဖြစ်နိုင်ပါ။ ပန့်(ခ) တေးဂီတ တစ်ပုဒ်လား။ ခေတ်လွန်ရှေ့ပြေး သရုပ်မှန်ဝါဒဆိုင်ရာ ပန်းချီကားတစ်ချပ်လား။ အနာဂတ်ကြို သရုပ်မှန်ရုပ်ရှင်ကား

တစ်ကားလား။ ဘာလား ညာလား။ ဘာကိုမျှ ပြောမပြနိုင်ပါ။ တစ်ခုသော သေချာသည့် အကြောင်းမှာ ချိုခြင်းမရှိ၊ ပေါ့ခြင်းမရှိ၊ ကျခြင်းမရှိသော သက်သာချောင်ချိရေးဆိုင်မှ ပြားနှစ်ဆယ်တန် လက်ဖက်ရည်တစ်ခွက်အကြောင်း ဖြစ်ပါသည်။

သူ၏ ဒူးယားစီးကရက်မှ ပေါ်ပေါက်လာသော မီးခိုးငွေ့များသည် နွေနေ့လယ်၏ အိပ်မက်ကို အတော်ပင် မှောင်လာစေခဲ့ပြီ ဖြစ်သော်လည်း ထိုအမှောင်သည် ညဏ်အမှောင်နှင့် မတူနိုင်ပါ။

နေ့၏အလင်းရောင်နှင့် ဆူညံသံများ၊ ည၏အမှောင်နှင့် ဆိတ်ငြိမ်သံများသည် သူ့ကို တစ်စုံတစ်ရာ ပြောင်းလဲနိုင်လိမ့်မည် မဟုတ် ဆိုသည်ကို ကျွန်တော်နှင့်အတူ အားလုံးက သိကြပါလိမ့်မည်။ အရောင်မဲ့သော အိပ်မက်၏ အတွင်းမှာပင် သူက အမည်ပေးမထားသော ပန်းချီကားအချို့ အကြောင်း ရှင်းလင်းပြပြန်ပါသည်။ မမြင်တတ်သော ကျွန်တော်တို့၏ မျက်စိများသည် လှပခြင်းကို လည်းကောင်း၊ နှစ်လိုဖွယ်ဖြစ်ခြင်းကို လည်းကောင်း၊ ရသမြောက်ခြင်းကို လည်းကောင်း ဝေသီမှုန်မွားစွာ မြင်ရသဖြင့် ယတိပြတ် ဆုံးဖြတ်ချက်ချရန် မစွမ်းဆောင်နိုင်ပါ။ တစ်စိတ်တစ်ပိုင်းစီ ဖြစ်ရှိနေသော ဘဝ၏ ဖြစ်နေရခြင်းများ အတွင်း၌ သူသည် ဖန်တီးမှုအနုပညာများနှင့် အစဉ်အလာ အနုပညာများကို ဆတူရောစပ်၍ စားသုံးခဲ့ပြီဖြစ်၏။

သေရည်မပါဘဲ ဘဝကို ရဲတင်းစွာ သူကြည့်ခဲ့သော အခါက ကျွန်တော်တို့ ပန်းမြိုင်လယ်တွင် ရှိနေကြကြောင်း ဝန်ခံရပါမည်။

တက္ကသိုလ် ပရိဝုဏ်အတွင်းမှ ဝယ်ယူတပ်ဆင်ခဲ့သော ပညာတတ်တို့၏ မျက်မှန်တစ်လက်မှာ ပန်းမြိုင်လယ် အတွင်းမှာပင် ပျောက်ဆုံးခဲ့ပါပြီ။ ထိုအခါက ပန်းမြိုင်လယ်တွင် မြူခြေဆိုင်းနေခဲ့သည်မှာ ချဲ့ထွင်ပြောရန် အကြောင်းတစ်ခု မဟုတ်တော့ပါ။ အိပ်မက်ထဲက ပန်းမြိုင်လယ်သည် တကယ့်ဘဝထဲတွင် အဘယ့်ကြောင့် အိပ်မက်တစ်ခု ဖြစ်နေခဲ့ပါသနည်း။ သူနှင့်ကျွန်တော် ပြုံးရယ်၍ ပြောခဲ့ကြသော အကြောင်းများသည် ထိုအခါက ထိုအကြောင်းများ မဟုတ်သော်လည်း ယခုအခါတွင်ဆိုလျှင် ထိုအကြောင်းများပင် ဖြစ်ပါလိမ့်မည်။

လမ်း၏ အခြားတစ်ဖက်ရှိ ဆောက်လုပ်ဆဲ ကောင်းကင်တိုင်ကို လှမ်းကြည့်ရင်း သူ ပစ်ချခဲ့သော ပေါင်မုန့်နှုတ်ခမ်းသား တစ်ခုကို သစ်ငုတ်တိုပေါ်က စာကလေးသည် ဆင်ခြင်ခြင်း နည်းလမ်းတကျ မဟုတ်ဘဲ ကောက်ယူစားလိုက်ပါသည်။ ထိုစာကလေးမှာ ပန်းမြိုင်လယ်ထဲတွင် မရှိပါ။ တကယ့်ဘဝထဲတွင် သုကျိတ်နှင့် ဘာလီတို့ မရှိကြပါ။

***

ၚင်းအပြင် အိုင်စင်စတိန်းနှင့် ပူဒေါ့(ဇ)ကင်တို့ လာကြတော့မည် ဆိုသည့်အကြောင်းကို တစ်စုံတစ်ယောက်က သယ်ဆောင်လာခဲ့ပါသည်။ မြောက်ပြင်လုံချည်ဝတ်၍ မြောက်မလွယ်တွင် မုန့်တီစားနေသူ တစ်ယောက်သည် စတပ်နီလာဗ်စကီးလား။ အော်ဆန်ဝဲလ်လား။ ဆက်ကြာဂျ်စ်ကရေးလား။ ဘယ်သူမှ မဟုတ်ဘူးလား။ အားလုံး ဟုတ်သလား။ တစ်ယောက်ယောက် ဖြစ်သင့်သည်မှာ အမှန်။ ဒြပ်မဲ့သော အိပ်မက်ထဲက သူတို့ကို လွမ်းဆွေးရင်း သူနှင့် ကျွန်တော်တို့ ငြင်းခုံရန် အချက်အလက်ပေါင်း များစွာနှင့်အတူ အိပ်မက်အတွင်းမှ ခုန်ထွက်ခဲ့ကြသည်။

လောက၏ရင်ပြင်သည် ကျွန်တော်တို့ကို ငြင်းပယ်ရင်း လက်ခံခဲ့သည်မှာ ယခုအခါ မဆန်းတော့ပါ။ နုပျိုခြင်းများ နှောင်းလာသောအခါ ငြင်းခုံရန် အကြောင်းများမှာ တိုးတက်ဆဲဖြစ်သော်လည်း ဘဝ၏ဖြစ်ခြင်းသည် ငယ်စဉ်ကကဲ့သို့ပင် ဖြစ်နေပါသေးသည်။

မြို့ပြ၏ရနံ့များက စိတ်ကူးပုံစံကို ထိန်းကျောင်းပေးခဲ့သည် ဆိုသည်မှာ မှန်တော့၏။ နံပါတ်ဆယ့်ခြောက် ကားပေါ်မှ ဆင်းသောအခါ သူနှင့် ကျွန်တော် လမ်းခွဲကြရပြီ။ သူ၏ သတ္တိများစွာသည် ကျွန်တော့်ထံ ပါမလာခဲ့သော်လည်း ကျွန်တော်၏ ကနဦးရှိရင်းစွဲ 'ငါ'များစွာသည် ရသသီဝရီသစ် များစွာနှင့်အတူ ခုန်ပေါက်၍ ကျွန်တော့်ထံတွင် ပါလာခဲ့သည်။ ဘဝ၏ဖြစ်ခြင်းများသည် ဟိုတုန်းက ဖြစ်နေခဲ့ခြင်း များစွာကဲ့သို့ ဟုတ်၏ ဟု ဆိုလျှင် သူ့အဖို့နှင့် ကျွန်တော့်အဖို့ကို ကွဲပြားစေရန် သင့်ပြီမဟုတ်ပါလား။ လေးလေးမှန်မှန် လျှောက်လှေ့ရှိသော သူ၏ခြေလှမ်းများသည် အချိန်ကြာမြင့်လာသောအခါ ခရီးတာကို ဝေးစေခဲ့သည်။ စက်ဝိုင်းထဲတွင် ရှည်ကြာစွာ လျှောက်နေမိသဖြင့် အသိဉာဏ်များ၏ ရှုပ်ထွေးမှုကို ကျွန်တော်သည် ကြာမြင့်စွာ ပျိုးထောင်နိုင်ခဲ့သည်မှာ မှန်သော်လည်း ခရီးမရောက်ကြောင်း မသိခဲ့သည်သာမက၊ မမြင်။ မိုးဦးကို လွန်ခဲ့ပြီဖြစ်သော်လည်း တိမ်စိုင်၏ အက်ကြောင်းများအတွင်းမှ နေ၏ အလင်းတန်းများကို မြင်ရပါသေးသည်။ လမ်း၏ အခြားတစ်ဖက်မှ ဆောက်လုပ်ဆဲ ကောင်းကင်တိုင်ကြီး ပြီးစီးသွားပြီဖြစ်သော်လည်း မည်သူကမျှ ဂရုမပြုမိကြပါ။ ယခုအခါတွင်မူ လောကကြီးကို သူသည် အလွန်ကျေနပ်ခဲ့ပြီ ဖြစ်သည်ကို ကျွန်တော်နှင့်အတူ အများက သိလိုက်ကြပါသည်။ ဝေန်မြစ်ဘက်ဆီသို့ ပျံသန်းသွားကြသော ဗျိုင်းတစ်အုပ်သည် မီးခိုးရောင်အရင့် မိုးသားအောက်၌ အဖြူရောင်များကို ပေါ်လွင်နေစေခဲ့သည်။ ပြာသော မိုးကောင်းကင်များကို ခက်ခဲလှစွာဖြင့် တွေ့ရမည် ဖြစ်သော်လည်း၊ မိုးတိမ်စိုင်များကိုမူ လွယ်လင့်တကူ တွေ့ရနိုင်ပါသည်။ မိုးရေစက်များသည် ကတ္တရာလမ်းမကို ထိမှန်ခဲ့ပြီးနောက် ရေဆိုးမြောင်းအတွင်းသို့ စီးဆင်းသွားကြသောအခါ ဘတ်စ်ကားလက်မှတ်များနှင့် အတူ ကျွန်တော် လွှင့်ပစ်ထားခဲ့သော အနုပညာကျမ်း အချို့တို့ကိုပါ တိုက်စားသွားခဲ့သည်။ ထိုအခါက မိုးရေများ စိုနေသော သံကြိုးစာတစ်စောင်ကို တစ်ယောက်ယောက်က သူ၏စားပွဲပေါ်တွင် တင်ထားခဲ့ပါသည်။ သံကြိုးစာပို့သမားသည် မိုးရေစက်များဖြင့်

စိုစွတ်နေမည်ကို သိသော်လည်း မိုးကာအင်္ကျီကိုဖြစ်စေ၊ ထီးကိုဖြစ်စေ ဆောင်းထားရန် သို့မဟုတ် ဝတ်ထားရန် သင့်မည်ဖြစ်ကြောင်းကို သံကြိုးစာပို့သမား သိကောင်းသိလိမ့်မည် ဟု မိုးရေများ စိုနေသော သံကြိုးစာကို မြင်ရသူများအနက် အနည်းဆုံး တစ်ယောက်ယောက်က သိလိမ့်မည် ဖြစ် ပါသည်။ ထိုအခါကမူ သစ်ငုတ်တိုပေါ်တွင် စာကလေးတစ်ကောင် မရှိကြောင်း ကျွန်တော် သိပါသည်။ တွေ့ရသော သစ်ငုတ်တိုပေါ်တွင် ရေများ စိုစွတ်နေခြင်းသည် ...

ထိုအခါက တွေ့သိရသော အကြောင်းများအနက် တစ်ခုတည်းသော အကြောင်းတစ်ရပ်သာ ဖြစ်ခဲ့ပြီး စာကလေးမရှိခြင်းသည် အမှန်ပင် တည်ရှိနေခဲ့ပါသည်။ မိုးရေစက် ရပ်တန့်သွားလျှင် စာကလေးသည် သစ်ငုတ်တိုပေါ်တွင် ခုန်ဆွခုန်ဆွ လုပ်နေဦးမည်လား ဟု ကျွန်တော် စဉ်းစားမိနေပါသလား။ ဟုတ်ရဲ့လား။

***

ယခုအခါ ရွာချလိုက်သော မိုးစက်နှင့် ယခင်အခါက ရွာချလိုက်သော မိုးစက်များ၏ အကြားတွင် ယုတ္တိနည်းလမ်းတကျ ဆက်သွယ်မှု ရှိ မရှိဆိုသည်ကို မည်သို့ ဆင်ခြင်ကြည့်ကြပါသနည်း။ ဘဝဆိုသည်မှာ အာရစ်စတော်တယ်လ်၏ ပြည့်စုံစွာ ရေတွက်နည်းများဖြင့် တည်ဆောက် မထားပါဟုဆိုလျှင် မှန်သည်ဟု ပြောရပါမည်လား။ ယခု မိုးရေစက်များ ကျလာသည်မှာ အမှန်ပင်။ မိုးရေစက်သည် ဂန္တဝင်တေးအဖွဲ့တစ်ခုကဲ့သို့ သာယာဖွယ် မကောင်းတော့သည်မှာ အမှန်ပင်။ ဖားလတက်များ အသံကို ဂရုတစိုက် မှတ်သားထားခြင်း မရှိသဖြင့် အသိဉာဏ်နုန့်နဲ့သူဟု ခေါ်လျှင်လည်း ခံရတော့မည်မှာ အမှန်ပင်။ ယခု မိုးကို သူ မခံစားတော့ဘူးဟု ပြောလျှင်လည်း ထိုပြောကြားချက်မှာလည်း အမှန်ပင်။ ကောင်းကင်တိုင်၏ အမြင့်ပေကို သူရော၊ ကျွန်တော်ပါ မသိသည်မှာ အမှန်ပင်။ သမာဓိအပြုံးဖြင့် ကျန်းမာတော်မူပါစ ခင်ဗျာဟု နှုတ်ဆက်လိုက်သော ရုပ်မြင်သံကြားထဲမှ သတင်းပြောသော ဦးလှဝင်းကိုလည်း သူ မတွေ့တော့ဘူးဟု ဆိုလျှင် အမှန်ပင်။ နာရီသံပတ်ကဲ့သို့ ပြန်၍ဆက်မရသော ဘဝ၏ ဖြစ်–တည်–ပျက်ရခြင်းများကို ကျွန်တော် မသိသော်လည်း၊ သူသိခဲ့သည် ဆိုခြင်းမှာလည်း အမှန်ပင်။ ခင်မောင်ရင်၏ ဘိုကေမျိုး သူမဖြီးတော့ဘူး ဆိုသည်မှာလည်း အမှန်ပင်။ သားရေပျော့ဖြင့် ချုပ်ထားသော ဆင်(မ)ဆိုနိုက် အိတ်တစ်လုံးမှာ ပိုင်ရှင်မဲ့ခဲ့ရပြီဟု ဆိုလျှင်လည်း အမှန်ပင်။ မိုးရေစက်များ ကျဆင်းနေခြင်း ရပ်တန့်သွားသော်လည်း စာကလေးသည် သစ်ငုတ်တိုပေါ်တွင် မရှိခဲ့သည့် အကြောင်းမှာမူ ကနဦး မှတ်ယူချက်များအတိုင်း မဟုတ်ခဲ့၍ အမှန်ပင်ဟု မဆိုနိုင်တော့ပါ။ ကတ္တရာလမ်းမကြီး၏ နက်ပြောင်နေသော အကြောင်းများကို ကျွန်တော် ပြောပြပါတော့မည်။ သစ်ငုတ်တိုပေါ်က စာကလေး တစ်ကောင်မှာမူ လွင့်ပါးသွားခဲ့ပြီ ဖြစ်သော မိုးရေစက်များနှင့်အတူ

ပျောက်ဆုံးခဲ့ပြီ ဖြစ်ပါသည်။

■

အိုးလုပ်ထားသော ရွှံ့အကြောင်း

သူ၏အကြောင်းများ၊ သူ၏စကားများကို သိကြားလို၍ သင်က ကျွန်တော့်အား ပြောကြားစေလိုသောကြောင့် ကျွန်တော်က ပြောကြားပါမည်။ ကျွန်တော့်စကားများကို နားထောင်ပြီးနောက်၊ ကျွန်တော်က ပြောသော သူ့စကားများ၊ သူ့အကြောင်းများဟု သင်က ထင်မှတ်လျှင်မူ သင်မှားပါလိမ့်မည်။ စင်စစ် သူ့အကြောင်းများကို သူကပြောကြောင်း ကျွန်တော်စကားဆုံးလျှင် သင်သိပါလိမ့်မည်။

သင်ကမူ... ကျွန်တော်ပြောသော စကားများကို ဂရုတစိုက် နားထောင်စေချင်ပါသည်။

***

ကာလတရားအား ဆွဲဆန့်၍ရကြောင်း သင်သိပါသလား။ ဆွဲဆန့်ထားသော ကာလတရားအတွင်း အဖြစ်အပျက် အများအပြား ရှိခဲ့ကြောင်းကိုမူ သင်သိပါလိမ့်မည်။ ဆင်ခြင်တုံတရားများကား နိုးထလိုက်၊ အိပ်စက်လိုက်။ ရာစုနှစ်များ ကွာခြားမှုအတွင်း ဘာဖြစ်နေကြပါသလဲ။ ဘီစီ ၃၀၀ ခန့်က ပလေတိုတို့၊ ဆော့ခရတ္တိတို့ တွေးခေါ်ပုံမျိုးကို ခုအခါ ခြောက်လသားတစ်ဦးက တွေးခေါ်နိုင်ပါပြီလား။ ပလေတို ဘယ်မှာလဲ၊ သူ့ဆရာ ဆော့ခရတ္တိရော။ တမလွန်သောင်ကမ်းတွင် ဘီကီနီဝတ်ထားသော ကောင်မလေးများနှင့် ရေခဲမုန့် စားနေပါသလား။ သစ္စာတရားဆိုတာ ဘယ်မှာလဲ။ အက်သင်မြို့ဖျားက အာဆီဖောလနတ်ကျွန်းမှာ ယဇ်ပူဇော်လိုက်သော ကြက်ဖကြီးနှင့်အတူ ကွယ်လွန်သွားရှာပြီလား။ ကောလိပ်ကျောင်းထဲမှာ ကောင်မလေးတစ်ယောက်နှင့် ကောင်ကလေးတစ်ယောက် ပြောသောစကားများမှာ သစ္စာတရားမပါဘူး ဟု ဘယ်သူပြောမလဲ။ ရေခဲမုန့်သည် အေး၏ ဟု ဆိုလျှင် သင်ငြင်းချင်ပါသေးသလား။ အေးသည်၊ ပူသည် ဆိုသည်မှာ သညာလား၊ အရသာလား။ ကျွန်တော် ရှင်းမပြနိုင်ပါ။ သို့သော်လည်း မီးကျီးခဲကို ညစာအဖြစ် ကျွန်တော်မစားနိုင်ပါ။ ပြဿနာအချို့ကို မစဉ်းစားလျှင် ကောင်း၏။ မောင်သိခ် ခေါင်းပြောင်ခြင်းမှာ စဉ်းစားခြင်းနှင့် ဆိုင်မဆိုင်၊ သူနှင့်တွေ့သောအခါ သင်မေးကြည့်လိုက်ပါ။ သံပရာသီးကို မကြိုက်သဖြင့် သကြားလုံးစားခြင်းသည် သင်နှင့်မဆိုင်ပါ။ မနက်စောစောထ၍ ကျွန်တော်နှင့်အတူ လမ်းလျှောက်ရန် သင့်ကို မတိုက်တွန်းချင်ပါ။ ကော့ညက်အနံ့ကို ရှူ၍ ဆေးပြင်းလိပ်သောက်ကြည့်ပါ ဟု ကျွန်တော်က တိုက်တွန်းသည့်တိုင်၊ သင်က လိုက်နာပါ့မလား။

ဆောင်း၌သာ တွေ့ရတတ်သော နှင်း၏ လေအေးများကို ကျွန်တော် ခံစားနေစဉ်က သင့်ကို မွေးဖွားခဲ့ခြင်း မရှိသေးဟု ကျွန်တော် ထင်ပါသည်။

***

အရှဏ်ဦးတွင် အနောက်ဘက်မှ ပျံသန်းလာသော ကျေးငှက်များနှင့်အတူ သူ၏အတွေးအခေါ်များ ကျွန်တော့်ထံသို့ ပျံသန်းလာသည်။ ခုအခါ အနောက်ဘက်အရပ်တွင် နေဝင်နေပြီလား။ ကျွန်တော် မစဉ်းစားမိပါ။ ကျွန်တော်ရှိရာတွင်မူ နေ၏ ရောင်ခြည်များသည် မြေပြင်သို့ ထိခတ်စဖြစ်သည်။ နေရောင်ခြည်များသည် ကြည်နူးဖွယ် အေးစက်နေသည်။ ကုန်လွန်ခဲ့ပြီဖြစ်သော ဆောင်းရာသီ၏ အေးရနံ့များသည် နှာခေါင်းဖျား၌ တွဲလွဲခိုနေဆဲ။ ငြီးငွေ့ဖွယ်ကောင်းသော နွေ၏ နေ့ရက်များအတွင်းက ဆူညံစွာ ဆွေးနွေးခဲ့ရသော လက်ဖက်ရည်ဆိုင် ဆွေးနွေးပွဲတွင်မူ၊ သူ၏ အတွေးအခေါ်များ မပါခဲ့။ ကိုယ်ပိုင်အတွေးအခေါ် မရှိဟု သင့်ကို တစ်ဦးဦးက ပြောလျှင် သင် နာကြည်းမည် ဖြစ်သော်လည်း ကျွန်တော် မနာပါ။ ဝေါ့လ်၊ ဝှစ်မင်း၏ ‘အိပ်မက်ထဲ၌ အိပ်မက်ခြင်း’ ကဗျာကို သင်ဖတ်ဖူးပါရဲ့လား။ ထူထဲသော အဘိဓာန်တစ်အုပ်လည်း လိုပါလိမ့်မည်။ တစ်ခုခုကို သင်နားမလည်ဘူးဆိုလျှင် ကျွန်တော် ရှင်းပြစမ်းပါရစေ။ သူ့အတွေးအခေါ်များကို သန္ဓေသားအဖြစ် လွယ်ထားရပြီးဖြစ်၍ မွေးဖွားရန်သာ ကျန်ပါသည်။ သူနှင့်ပတ်သက်၍ ကျွန်တော်သည် နားအလည်နိုင်ဆုံး။ ဤနေရာတွင် သူ့ကို ပလေတိုနှင့်ဖြစ်စေ၊ ဝေါ့လ်ဝှစ်မင်းနှင့်ဖြစ်စေ သင်က ရောထွေးမပစ်စေလိုပါ။

သူသည်သူ…။

***

သံပရာသီးဖျော်ရည်ထဲသို့ ခုန်ချကာ အဆုံးစီရင်သွားပြီ ဖြစ်သော ယင်ကောင်တစ်ကောင်နှင့် ပတ်သက်၍ သင်ဘာပြောချင်ပါသလဲ။ ထို ယင်ကောင်အကြောင်း သင်စဉ်းစားနေပါသလား။ ရှည်ကြာစွာ ပျိုးထောင်ခဲ့ရသော သင့်စိတ်ကူးထည်များကို ထိုယင်တစ်ကောင်ကြောင့် တစ်စစီ ပြိုကွဲပျက်စီး မသွားစေချင်သေးပါ။ ကျွန်တော်သာဆိုလျှင် ခရမ်းချဉ်သီးဖျော်ရည်ကို ကြိုက်မည်မထင်။ သို့သော် ယင်ကောင်တစ်ကောင်အကြောင်း၊ ကျွန်တော် မစဉ်းစားပါ။ သူ့အကြောင်းကိုသာ စဉ်းစားပါမည်။ ကျွန်တော် မကြိုက်သော ခရမ်းချဉ်သီးဖျော်ရည်ကို သူကြိုက်သဖြင့်

ကျွန်တော် ကြိုက်လိုက်ပါသည်။ ထိုကိစ္စသည် သင်နှင့်မဆိုင်ပါ။ အရပ်တစ်ပါးမှလာသော ဆွေးနွေးပွဲအကြောင်း ကျွန်တော်ကြားလိုက်ရပါသည်။ 'ဆိုဟို'တွင် သူတို့ 'အနုပညာသစ်' အကြောင်း ဝေဖန်ကြသည်။ ရှောင်ဇေလီလမ်းမပေါ်တွင် သီချင်းသစ်တစ်ပုဒ်ကို စပ်ဆိုလိုက်ကြသည်။ အပူဒဏ်ကြောင့် ပျံတက်သွားသော ရေခိုးရေငွေ့တို့နှင့်အတူ ကျွန်တော်၏ ကနဦး စိတ်ကူးခံစားချက်များ လွင့်ပါးပျောက်ပျက် သွားလေပြီ။ သူကြိုက်လှသော 'နရူးဒါး'၏ ကဗျာတစ်ပုဒ်ကို ကျွန်တော်ကြိုက်မှဖြစ်မည်။ လွင့်မျောလာသော သူ၏ရနံ့များကို အပြည့်အဝ ရှူရှိုက်ထားဖို့လိုသည်။ အသက်ရှည်ခြင်းနှင့် သူ့အကြိုက်ကို ကျွန်တော် ခံစားနိုင်ခြင်းသည် မဆိုင်ပါ။ သို့သော် သူ့အကြိုက်ကို ကျွန်တော်ခံစားရန် အသက်ရှည်ဖို့တော့ လိုသည်။ ဘုရင့်နောင်ကို ရှာရမည်။ သူ၏ ဖောင်ဖျက်နည်းကို ရအောင်မေးမှ ဖြစ်တော့မည်။

အနုပညာဆိုသည်မှာ ပွဲတော်စားစရာတစ်ခု မဟုတ်ပါ။ ဝေဖန်ရေးဆရာများတွင် အခြားအလုပ် မရှိပေဘူးလား။ မြက်သစ်ရွက်များကို အစိမ်းရောင်ဆိုးပေးမည် ဟု စိတ်ကူးလိုက်ပါသလား။ 'ဝင်ဆာနှင့် နယူတန်'ကုမ္ပဏီ ကြီးပွားတာ သူတို့ကြောင့်လား။ ဝင်သက်နှင့်အတူ ရှူရှိုက်လိုက်သော ဝေဖန်ရေးများ ထွက်သက်နှင့်အတူ ပြန်လည်ထွက်ခွာသွားကြပြီ။ ကိုယ်ပိုင် 'ဟန်'မရှိသူဟု ဝေဖန်ခံရခြင်းကို မနာကြည်းပါ။ 'ကိုယ်ပိုင်' ဆိုသော စကားလုံးကို စာလုံးပေါင်းမှန်မှန် ပေါင်းတတ်ဖို့ သင်ကြားပေးရ ပါလိမ့်မည်။ သူ၏ အနုပညာရဲတိုက်အတွင်း ကျွန်တော့်ကိုယ်ကျွန်တော် သွားရောက် အချုပ်အနှောင်ခံလိုက်ပါသည်။ ဖုန်ထူသော လှည်းလမ်းကြောင်းများ၊ ခန်းခြောက်စပြုနေသော သောက်ရေကန်များ၊ တမာသင်းနံ့များ... ဂျီနီဗာကန်ဘေးတွင် ဆောင်း၏ရနံ့များကို ရှူရှိုက်ရသကဲ့သို့ သူ၏ရဲတိုက်အတွင်း ပြောင်းလဲသွားကြပေပြီ။ သူသည် ကျွန်တော်၏မှီခိုရာ၊ အားထားရာ ခံစားချက်များကို ပရိသတ်ထံ ကူးစက်စေရမည်လား။ တော်လစတွိုင်းကို ကျွန်တော် လေးစားပါသည်။ သူ့ကိုတော့ ပို၍ လေးစားပါသည်။ သူ့အရိပ်အောက်၌ ကျွန်တော် ကြီးထွားနေခြင်းကို သင်ကပါ မနာလိုဖြစ်နေသလား။ မနာလိုခြင်းကို ကုစားရန် ဆေးမရှိသေးပါ။ သူ့နည်းလမ်းအတိုင်း ကျွန်တော်၏ အနုပညာများကို ပရိသတ်ထံ သယ်ဆောင်ပေးပို့လိုက်ပါမည်။ ကောင်းချီးသြဘာများ ဘဝင်သို့ ညံ့သွားလျှင် သင်မနာလို မဖြစ်ပါနှင့်။ သင်တို့ထံ ပေးပို့လိုက်မည့် အနုပညာပစ္စည်းမှာ ကျွန်တော် တံဆိပ်ရိုက်ထားသော သူ့ပစ္စည်း။ နည်းဗေဒနှင့်စပ်လျဉ်း၍ ကျွန်တော့်ထံ လာမဆွေးနွေးပါနှင့်။ ကျွန်တော့်တွင်လည်း သင့်မှာကဲ့သို့ မနာလိုဝန်တိုမှုများ တည်ဆောက်ထားပါသည်။ သင့်ကို ဘာမှမပြောနိုင်ပါ။ (လူပျိုပေါက် အရွယ်ကပင် မျက်လုံးအိမ်၌ ရီဝေစွာဖြင့် ယိမ်းနွဲ့ခိုစီးနေခဲ့သော မျက်ရည်စများကို ပင်စင်ယူသည့် အရွယ်ရောက်မှ နှောင်းတမြည့်မြည့်ဖြင့် ပရိသတ်ထံသို့ စီးဆင်းသွားစေခဲ့သော အန်ကယ်တင်မောင်အား သွားမေးလျှင်မူ သူက ပြောပြလိမ့်မည် ထင်ပါသည်။ ကျွန်တော်ကမူ မပြောပြနိုင်ပါ။)

နွေနှောင်း၏ နေ့တစ်နေ့တုန်းက ဖြစ်သည်။ ယောန်ပေါလ်ဆာတ်

ကွယ်လွန်သွားပြီ။ သူ့ယင်ကောင်များသည် မချစ်စုသရက်သီးပေါ်တွင် နားနေကြရှာသည်။ ခပ်လှမ်းလှမ်းတွင် တစ်စုံတစ်ယောက်က ပူဒေါဖ်ကင်ကို လှမ်းခေါ်နေသည်။ အိုင်ဇင်စတိန်းရော ဘယ်မှာလဲ။ စတင်နီလာဗ်စကီးရော အလုပ်ရသွားပြီလား။ အသံဗလံများသည် ပါးလွှာသော လေထုထဲတွင် အစီအစဉ်မကျဘဲ ရှိနေကြသည်။ Citigen Cane ကိုသာ သိသူတစ်ယောက်လည်း အော်ဟစ်နေပြန်သည်။ Citigen Cane... Citigen Cane... မကြာမီ ကူရိုးဆာဝါးနှင့် ဆတရာဂျစ်ရေးတို့ စီးချင်းထိုးကြတော့မည်။ ကြိမ်ဖန်များစွာ ရေနွေးကြမ်းအိုး ဖြည့်ပေးနေရသော လက်ဖက်ရည်ဆိုင် ပိုင်ရှင်ကိုမူ မည်သူမျှ မသနားပါ။ မကြာမီ မိုးကျတော့မည် ထင်သည်။ ပင်လယ်ပြင် တစ်ခုလုံး ငြိမ်သက်နေသေးသည်။ တောင်ပင်လယ်များဆီမှ ငါးဖမ်းလှေများ ပြန်လာကြလေပြီ။ ကူရိုးဆာဝါး တစ်ယောက် စိတ်ဓာတ်ကျသဖြင့် ဆေးစားနေရသည်။ တံငါသည်များထံမှ သီချင်းသံ ကြားရသည်။ မှိုင်းပြာမှုန်ဝေ၊ ရေလားပတ်ပျိုးတော့ ဟုတ်ဟန် မတူပါ။ ယနေ့ ကြာသပတေးဖြစ်၍ မနက်ဖြန် သောကြာဖြစ်မည်မှာ သေချာပါသည်။ ဘာလ္ဗိုင်ဇ်၏ ‘ကဝေမ၏ကလေ့စား’ တေးသွားကို အသေအချာ ကြားရပါပြီ။

***

(သူ၏ဆေးပြင်းလိပ်။ သူ၏ကော့ညက်။ သူ၏ခရမ်းချဉ်သီး ဖျော်ရည် ... စသည် စသည် အစရှိသည်တို့သည်... ယခုအခါ ကျွန်ုပ်၏... ကျွန်ုပ်၏... ကျွန်ုပ်၏များ ဖြစ်ကုန်ပြီ။) သူ၏ ခြေလက်၊ ဦးနှောက်များ အားလုံး ကျွန်တော် ရယူလိုက်ပြီ။ ကျွန်တော်၏ ကြိုးပမ်းမှု အစုစုတို့ကို ဘယ်သူမျှ မမီနိုင်။ ဟိုးအဝေး ကောင်းကင်ပြင်တစ်ခု၌ အမှန်တရားကို ဖွေရှာနေသော လင်းတတစ်ကောင် ဝဲနေသည်။ လင်းတတစ်ကောင် ပြုံးလျှင် လု မလု ဘယ်သူသိပါသနည်း။ အောင်မြင်သည် ဆိုခြင်းကိုရော သင်သိပါသလား။ အောင်မြင်ခြင်းသည် သွားကိုက်ခြင်းနှင့် အတူတူပင် ဖြစ်ပါလိမ့်မည်။ သွားမကိုက်ဖူးလျှင် သွားကိုက်သည့် အရသာကို သင်မသိနိုင်ဟု ဆိုခြင်းမှာ မှန်၏။ မှန်သည်ဆိုခြင်းမှာ ဘာလဲ၊ ကျွန်တော် မသိပါ။ အောင်မြင်ခြင်းကိုမူ သိပါသည်။ ဒီသောကြာနေ့တွင် ပေါ်ထွက်လာသော အနုပညာပစ္စည်း တစ်ခုအတွက် ကျွန်တော့်အား ဝိုင်းဝန်းချီးမြှောက် နေကြပါသလား။ ဒါကို အောင်မြင်သည်ဟု ခေါ်ပါသလား။ သင်တို့အားလုံး ဘယ်သူ့ကို ချီးမြှောက်နေကြပါသလဲ။ ထိုပစ္စည်းမှာ ကျွန်တော့်ပစ္စည်း ဖြစ်၏။ အမှန်ပင်ဖြစ်၏။ သင်တို့၏ မနာလိုမှုများသည် အခိုးအငွေ့ဘဝမှ အစိုင်အခဲဘဝသို့ ပြောင်းသွားကြောင်း ကျွန်တော် သိပါသည်။ မနာလိုမှုများဖြင့် အကြောင်းမဲ့ ကျွန်တော့်အား အထင်မသေးပါနှင့်။ သူ၏... ကျွန်တော်၏... အနုပညာပစ္စည်း။ သင်တို့ မဖန်တီးတတ်ပါ။ လမ်းမပေါ်က ဂါလင့်ကားတစ်စီးကို သင် ဘာကြောင့် မျက်မှန်းကျိုးနေပါသလဲ။ မှန်သည်။

သင်ပြောသလို သူ့အနုပညာ၊ သို့သော် ထိုအနုပညာကို ကျွန်တော် ဖန်တီးသည် မဟုတ်ပါ။ ကျွန်တော် ဖန်တီးသော ကျွန်တော့် အနုပညာ၊ လမ်းမပေါ်တွင် ခွေးလေတစ်ကောင်ကို သင် မျက်မုန်းကျိုးနေသော ဂဲလင့်ကားက တိုက်သွားသောအခါ၊ အဘယ့်ကြောင့် ထိုကားကို သင်အပြစ်မတင်ပါသလဲ။ ထိုခွေးလေတစ်ကောင်အတွက် သင်ဝမ်းမနည်းကြောင်း ကျွန်တော် သိပါသည်။ အဘယ့်ကြောင့် ကျွန်တော့်ကို သင်တို့ မနာလိုကြပါသလဲ။ ထိုအနုပညာကို ကျွန်တော် ဖန်တီးတာ အမှန်ပင်။ သင်တို့ အဘယ်ကြောင့် သူ့ကို ချီးမွမ်းနေကြပါသလဲ၊ သူ၏ နည်းလမ်းများဖြင့် ကျွန်တော်က သင်တို့ထံ ပို့ပေးသော အနုပညာပစ္စည်းတစ်ခုကို အဘယ်ကြောင့် သင်တို့က ကျွန်တော့်အား ချန်လှပ်၍ သူ့ကိုသာ ချီးမွမ်းနေကြပါသနည်း။ သင်တို့ကို ကျွန်တော် အပြစ်မဆိုတော့ပါ။ လမ်းမပေါ်တွင် မြူနီစီပယ် အလုပ်သမားများက ခွေးသေကောင်ကို အမှိုက်ကားပေါ် တင်လိုက်ကြပြီ။

သင်လည်း သူတို့နှင့် တစ်သဘောတည်း မဟုတ်ပေဘူးလား။

***

ကာလတရားသည် သူနှင့် ကျွန်တော့်အကြား ကွာခြားလှသည်။ ယခု မိုးဦးကျပြီ။ လွန်ခဲ့သော နှစ်ပေါင်းငါးဆယ်ကျော်၏ တစ်ခုသော မိုးဦးကျတုန်းက ဖြစ်သည်။ သူ ကွယ်လွန်ခဲ့သည်။ ဥတုရာသီများ ပြိုပျက်ပြောင်းလဲခဲ့သော်လည်း သူ ရှင်သန်နေဆဲ ဖြစ်သည်။ မုတ်သုံလေများ၊ ဆောင်းနှင်းများ၊ မိုးစက်များသည် သူ့ကို သယ်ဆောင်မသွားပါ။ ယခုမိုးဦးကျတွင်မူ ကျွန်တော် ကွယ်လွန်ခဲ့ကြောင်း ကျွန်တော် သိသွားပါပြီ။ သင်တို့ သိနေကြသည်မှာ ကြာပါပြီ။ အဘယ့်ကြောင့် ဖုံးအုပ်ထားကြပါသလဲ။ သင်တို့၏ စေတနာဆိုသည်ကို ကျွန်တော် နားမလည်နိုင်ပါ။ သူ့ကို ကျွန်တော် ခင်မင်တွယ်တာသည်။ ယုံကြည်သည်။ ခု အရာရာ သူ၏...သူ၏.. ဖြစ်ကုန်ပြီ။ ကျွန်တော် မပါတော့ပါ။ သူ့အတွက် ကျွန်တော်က အစစ လုပ်ဆောင်ပေးမိပါသလား၊ ဒုတိယဖိုးစိန် ဆိုတာမျိုးလား၊ ကျွန်တော် ပျောက်ကွယ်စ ပြုနေပါပြီ။ သူသည် အရာရာတွင် ပါဝင်ပတ်သက်နေပါပြီ။ သင်တို့အားလုံး သူ့ကို ချီးမွမ်းနေကြသည် မဟုတ်ပါလား။ ကျွန်တော် ဘာလုပ်လုပ် ထိုအရာများသည် သူ၏၊ သူ၏ ဖြစ်ကုန်ပြီ။ ကျွန်တော့်လက်ရာ အနုပညာပစ္စည်း ဟူသမျှမှာ သူ၏... သူ၏...... သူ၏။ ချီးမွမ်းသြဘာ လက်ခုပ်သံများသည် သူ့အဖို့ ... သူ့အဖို့... ကျွန်တော့်အတွက်ဆိုလျှင် သင်တို့ ခုလို လက်ခုပ်တီးကြမည် မဟုတ်သော်လည်း သူ့အတွက်ဖြစ်နေ၍ သင်တို့ လက်ခုပ်တီးနေကြသည် မဟုတ်ပါလား။

ကျွန်တော် သိပါပြီ။

သင်လည်း သိလောက်ပါပြီ။

***

သူသည် ယခုအခါ ကျွန်တော့်ကို...။

ယခုအခါ ကျွန်တော့်ကို သူသည်...။

ကျွန်တော့်ကို သူသည် ယခုအခါ...။

ကျွန်တော့်ကို ယခုအခါ သူသည်...။

ယခုအခါ သူသည် ကျွန်တော့်ကို...။

သူသည် ကျွန်တော့်ကို ယခုအခါ...။

... ... ။

... ... ။

■

ဆောင်းဥတု၏ ပူနွေးသောနေ့ရက်များ
(နံပါတ် ၁၄ နှင့် ၂၃)

(၁၄)

တောကိုမှီသော ဥတုရာသီများအကြောင်းကို ပြောပြလေ့ရှိသော အဝေးပြေးကားတွင် လိုက်ပါလေ့ရှိသည့် စပယ်ယာတစ်ယောက်၏ ပုံပြင်များကို သင်တို့အားလုံး ကြားဖူးခဲ့ပြီဟု ကျွန်တော် ထင်ပါသည်။ မြို့ပြ ၏ ပြက်လုံးများအတွင်း၌ ရုပ်ရှင်ကားများ၏ ကြော်ငြာများသည် စိတ်ချမ်းမြေ့ဖွယ် ကောင်းအောင် ချမ်းသာသော အပြုံးများ၌ တည်ဆဲ။ ဖြစ်ဆဲ။ ခေါင်းမာသော ပညာတတ်ကောင်ကလေး အချို့ကမူ ငတ်မွတ်ခြင်းသည် ပညာတတ်တို့၏ ဂုဏ်သိက္ခာတစ်ခုဟု မှတ်ယူရင်း၊ ဘီယာသောက်ရန် ကမ်းနားက ဟိုတယ်ဘက်ဆီသို့ ထွက်ခွာသွားသောအခါ၊ ပန်းခြံထဲတွင် ကျားကစားနေသူ နှစ်ယောက်၏ ပွဲရှည်ကြီးမှာ ပြီးဆုံးသွားခဲ့ပါပြီ။ ညတာရှည်သော ညများနှင့် နေ့တာရှည်သော နေ့များကို ပေါင်းစပ်လိုက်လျှင် နှစ်ဆယ့်လေးနာရီထက် ပိုသော နေ့ရက်များ ဖြစ်ပေါ်လာလိမ့်မလား ဟု ကျွန်တော် စဉ်းစားကြည့်မိပါသည်။ ကမ္ဘာကြီးသည် နှစ်ဆယ့်သုံး နှစ်ပိုင်းတပိုင်း စောင်းနေသည်ဟု ပြောလေ့ရှိသော ကျွန်တော့်မိတ်ဆွေ တစ်ယောက်ကမူ ကျွန်တော့်ကို တွေ့သည့်အခါများတွင် ပြုံးလေ့ရှိပါသည်။ ထိုအပြုံး၏ ချိုမှု၊ ချဉ်မှု၊ ရိုးသားမှု၊ ကောက်ကျစ်မှု အစရှိသည်တို့ကို ကျွန်တော်မသိပါ။ ခိုစာကြွေးမည့်သူ တစ်ယောက်မျှ မလာကြသေးသဖြင့်၊ ခိုများနှင့်အတူ ခိုစာရောင်းသူတို့သည် တစ်စုံတစ်ရာ သို့မဟုတ် တစ်စုံတစ်ယောက်ကို မျှော်လင့်နေကြပါသည်။ မျက်နှာကြက်ပြားများကို ဖြုတ်ပစ်လိုက်လျှင် လေထုထဲတွင် ပူခြင်းနှင့်အေးခြင်းများ ရောထွေးသွားလိမ့်မည်ဟု ထင်မိပါသည်။

တစ်စိတ်တစ်ပိုင်းသာ ပြနေသော မိုးကောင်ကင်ကြီးကို ကြည့်၍ တစ်စုံတစ်ရာကို သို့မဟုတ် တစ်စုံတစ်ယောက်ကို အပြစ်တင်မည် ဟူသော ရည်ရွယ်ချက်ဖြင့် ကျွန်တော်သည် တစ်စုံတစ်ရာ သို့မဟုတ် တစ်စုံတစ်ယောက်ကို ရှာဖွေလိုက်မိပါသည်။ သိန်းငှက်အကြည့်နှင့် တူသော အကြည့်ဟု၊ ထိုအကြည့်ကို မှတ်သားလိုက မှတ်သား ထားလိုက်နိုင်ပါသည်။ ကျွန်တော်သာ နေကာမျက်မှန်တစ်ခု တပ်မထားဘူးဟု ဆိုလျှင်၊ အစိမ်းရောင်များနှင့် ရောထွေးထားသော လောကကြီးတစ်ခုကို တွေ့လိမ့်မည် မထင်ပါ။ ငှက်ကိုစီး၍ မြစ်၏ အခြားတစ်ဘက်ကမ်းသို့ ကျွန်တော် သွားပါမည်။ မြစ်များ၏ အနောက်ဘက်ရှိ တောင်များ၊ တောင်များ၏ အနောက်ဘက်ရှိ သစ်တောများ၊ သစ်တောများ၏ အနောက်ဘက်ရှိ သမုဒ္ဒရာများ၊ သမုဒ္ဒရာများ၏

အနောက်ဘက်ရှိ မိုးကောင်းကင်ကြီး၏ အရှေ့နားတွင် နေသည် ဝင်ခဲ့ပါပြီ။ ညတစ်ခုကို စတင်တော့မည်ဟု ဆိုသောအခါ ကျွန်တော့်တွင် စဉ်းစားရန်ကိစ္စနှစ်ခု ပေါ်လာပါသည်။ ပြဿနာတစ်ရပ် မဟုတ်ဘူးဟု ဆိုနိုင်သေးသော်လည်း ပြဿနာတစ်ရပ်ဟု ဆိုခြင်လည်းဆိုပါ။ နေကာမျက်မှန်ကို ချွတ်မည်လား။ ဆီမီးခွက်ကို ထွန်းရမည်လား။ သို့မဟုတ် တစ်ပြိုင်တည်း နှစ်မျိုးစလုံး လုပ်ရမည်လား။ သို့တည်းမဟုတ် ဘာမှ မလုပ်ရဘူးလား။ မလုပ်သင့်ဘူးလား။ တစ်ပြိုင်တည်း ရည်းစားနှစ်ယောက် ထားဖူးသော ကောင်ကလေးတစ်ယောက်ကမူ ကျွန်တော့်ကိုကြည့်၍ ပြုံးပြပါသည်။ ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသွားပြီးသည်၏နောက် နှစ်ပေါင်း သုံးလေးဆယ်ခန့် အကြာတွင် ပေါ်ပေါက်လာသော ပြည်တွင်းဖြစ် အိပ်ဇစ်စတင်ရှယ်ဝါဒီ တစ်ယောက်ကမူ၊ ထမင်းကြမ်းနှင့် ပဲပြုတ်အပေါ် သစ္စာဖောက်၍ ပေါင်မုန့်ထောပတ်သုတ် စားသုံးရန် ကြိုးပမ်းနေကြောင်း ကျွန်တော် ကြားလိုက်ပါသည်။ ထိုအခါက မြို့ပြထဲတွင် ခြောက်ခန်းစပြုနေသော ပြက်လုံးများ ထပ်မံ ပေါ်ပေါက်လာပါသည်။

နေကာမျက်မှန်ကို ချွတ်လိုက်ခဲ့ပြီ ဖြစ်သော်လည်း ညသည် နေ့ကို မှောင်စေခဲ့ပြီ ဖြစ်ပါသည်။ မီးစာနှင့် ဆီမပါသော ကျွန်တော်၏ ဆီမီးခွက်ကို ထွန်းညှိလိုက်ပြီးနောက်၊ နေ့တစ်ခု၏ မှောင်နေခြင်းအတွင်း ကျွန်တော် ခရီးဆက်ထွက်ခဲ့ပါသည်။ သစ္စာတရားကို ရှာဖွေမည်ဆိုလျှင် ကျွန်တော် လွယ်လွယ်နှင့် မတွေ့နိုင်ဘူးဟု သိပါသည်။ နာဇရက်မြို့သား။ ဆော့ခရတ္တိ။ နီရှေး။ လောင်ဇူး။ ကိုစောညိန်း... အစရှိသည့်၊ အစရှိသူတို့က သစ္စာ၏ အပိုင်းအစများကို သယ်ဆောင်သွားခဲ့ကြပြီ ထင်ပါသည်။ ရှာဖွေ၍ မရတော့ဘူးဟု သိသော်လည်း အဆုံးသတ်ကာရန် အချို့ကို ကျွန်တော်ရှာဖွေ နေမိတတ်ပါသေးသည်။ ငြိမ်သက်နေခြင်းများစွာ အတွင်းမှာပင်၊ ကျွန်တော်က မီးစာမဲ့ မီးတောက်၏ အလင်းရှိန်ကို မြှင့်လိုက်မိပါသည်။ အလင်းနှင့် အမှောင်တို့၏ အကြားတွင် ခြားနားမှုတစ်စုံတစ်ရာ ရှိပါသလား။ မရှိဘူးဟုကော တစ်ယောက်ယောက်က မထင်မိဘူးလား။ မရှိဘူးဟု ထင်ရသော အကြောင်းအရာပေါင်း များစွာအနက် မရှိခြင်း၏ တည်ရှိနေမှုကို မရှိတော့ဘူးဟု ကျွန်တော်တို့ ထင်မှတ်နေမိခဲ့ခြင်း မဟုတ်ပါလား။ တစ်ယောက်ယောက်က ကျွန်တော်နှင့် တစ်သဘောတည်း ဖြစ်သည်ဟု ပြောရန်၊ ကျွန်တော်က မတောင်းပန်ချင်ပါ။ မရှိခြင်းနှင့် ရှိနေရခြင်းတို့၏ အကြားတွင် သံဆူးကြိုး ခတ်မထားဘူးဟု ဆိုလျှင် ကျွန်တော်တို့၏ လောကကြီးထက် ပို၍ ပျင်းရိဖွယ်ကောင်းသော အရပ်ကို ရှာ၍ရတော့မည် မထင်ပါ။ ကျွန်တော်ကမူ ခေါင်းကို အသာအယာငုံ့ပြီး၊ ပျင်းရိဖွယ် မကောင်းလှသော လောက ကြီး၏ အပိုင်းအစအချို့ကို ဝါးစားကြည့်မိလိုက်ပါပြီ။

လမ်းဆုံလမ်းခွတွင် ကြုံတွေ့ခဲ့ရသော အယ်ရစ်စတော်တယ်လ်၏ တပည့်တစ်ယောက်ကမူ ကျွန်တော်၏ပခုံးကို ပုတ်ရင်း၊ ခင်ဗျားစဉ်းစားပုံကဖြင့် ယုတ္တိနည်းလမ်းတကျမှ မဟုတ်ဘဲဟု ပြောလိုက်ပါသည်။ ကျွန်တော်က မပူပင်ပါ။ ဘာကိုမှ မပူပင်ဘူးဟု ပြောလျှင်တော့ ကျွန်တော်၏ ပြောကြားချက်များသည်

မှန်နိုင်လိမ့်မည် မဟုတ်ကြောင်း ကျွန်တော် သိပါသည်။ ချစ်ခြင်း၊ မုန်းခြင်း၊ သဘောတူမျှခြင်း၊ ရိုးသားခြင်း၊ သတ္တိရှိခြင်း၊ စိတ်မမှန်ခြင်း... အစရှိသည်များဖြင့် ဖွဲ့စပ်ထားသော လူ၏ အသိုက်အမြုံကြီးတွင် အနည်းဆုံး အပူတစ်ခုတော့ ရှိသင့်သည် မဟုတ်ပါလား။ ကျွန်တော်က လှေကားထစ်များ အားလုံးကို အဆင်းသက်သက်ချည်း ဖြစ်ရင် ကောင်းမှာပဲဟု တွေးမိပါသည်။ တစ်ယောက်ယောက် လှေကားများကို အဆင်းနှင့် အတက်အတွက် အသုံးပြုရန် တီထွင်ခဲ့သည်မှာ ဝမ်းသာစရာလား၊ ဝမ်းနည်းစရာလား မသိပါ။ လှေကားထစ်များကို တီထွင်ခဲ့သူများထက် အက်စပရိုဆေးပြားများ တီထွင်ထုတ်လုပ်ခဲ့သူများကို ကျွန်တော်က ပို၍ ပို၍ ချီးကျူးလိုက်စမ်းပါရစေ။ ယခုအခါ ကျွန်တော် မကြာမကြာ ခေါင်းမကိုက်တော့ပါ။ ဘာမှမမြင်ရသော နက်မှောင်နေခြင်းမှာပင်၊ အရာရာသည် ကြည့်ချင်စဖွယ် မဟုတ်ပေဘူးလား။ အကယ်၍ ဘဝဆိုသည်မှာ ယုတ္တိနည်းလမ်းတကျ တည်ဆောက်ထားသော ပုံစံထဲကအတိုင်း ဖြစ်သင့်သည်ဟု ဆိုလျှင်မူ ကျွန်တော့်တွင် ဘဝဆိုသော အသိသညာ မရှိပါဟု ဆိုရပါမည်။ သို့မဟုတ် ဘဝဆိုသည်မှာ ကျွန်တော် နားလည်နိုင်သော အရာတစ်ခု မဟုတ်ပါဟု ဆိုရပါမည်။ ကြောင်ကို ရေချိုးပေးရန် ကြံစည်သူ တစ်ယောက်ယောက်က ကြောင်ရှာ၍ မတွေ့သောကြောင့် ကြံစည်အားထုတ်ထားခဲ့သော ယုတ္တိနည်းလမ်းများမှာ မနှစ်တနှစ်က မွေးလာခဲ့သော ကောင်ကလေး၊ ကောင်မကလေးများကပင် သိပြီးဖြစ်၍ ကျွန်တော်က မသိပါဟု ပြော၍ မဖြစ်သော်လည်း၊ ကျွန်တော် မသိပါ။

...မြောက်ပြန်လေညင်း၊ ငွေနှင်းဖွေးဖွေးစို၊ တစ်ကိုယ်ရေတည်းနော့ ငြီးငွေ့သလိုလို... ဟု ကိုအံ့ကြီး၏ သီချင်းတစ်ပုဒ်ထဲက တစ်ပိုင်းတစ်စကို ဆိုကြည့်မိပါသည်။ ဥတုရာသီများစွာက တစ်ကိုယ်တည်းသော ဘဝများစွာ၏ ဖြစ်နေရခြင်းအပေါ် ပုံရိပ်ပေါ်လာရန် အထောက်အပံ့ ပေးခဲ့ပါသလားဟု ကျွန်တော် စဉ်းစားကြည့်မိပါသည်။ စဉ်းစားရင်း သီချင်းမဆိုနိုင်သောကြောင့် လှေကားထစ်များ၏ တစ်နေရာတွင် တစ်စုံတစ်ယောက်က စွန့်ပစ်ခဲ့ပြီဖြစ်သော ဥသျှစ်သီးအခွံဟောင်း တစ်ခုကို ကျွန်တော်က ခြေထောက်ဖြင့် ကန်လိုက်ပါသည်။ လှေကားထစ်ပေါင်း များစွာကို နင်း၍ ဆင်းလာခဲ့သူများသည် ကျွန်တော်၏ နောက်နားဆီမှ ဖြတ်၍ ဆင်းသွားကြောင်း ကျွန်တော် ကြားလိုက်မိသော်လည်း၊ သူတို့ပြောသွားသော မီးကြာလှည့်ပွဲ အကြောင်းကိုမူ ကျွန်တော်မသိပါ။ ကြားခဲ့ရဖူးသော်လည်း မသိရသေးသည့် အကြောင်းအရာပေါင်း များစွာအနက် ဘယ်တော့မှ သိလိမ့်မည် မဟုတ်ဟု ထင်နေခဲ့မိသော အကြောင်းမှာ ကျွန်တော့်အဖို့၊ ကျွန်တော်၏ အကြောင်းမှလွဲ၍ အခြားအကြောင်းအရာတစ်ခု မဟုတ်ဟု ကျွန်တော် ထင်ပါသည်။ နေ့ရက်ပေါင်းများစွာ၊ နှစ်လပေါင်းများစွာ ကြာမြင့်အောင် စုစည်း၍၊ စုဆောင်း သိမ်းဆည်းထားခဲ့မိသော ကျွန်တော်၏ သိမှတ်မှု စွမ်းရည်များအတွင်း တောအုပ်များ၊ မြစ်ချောင်းများ၊ လှပသော သူငယ်မတို့၏ အပြုံးများ၊ စတီရီယိုသီချင်းများ၊ အဝါရောင်နှင့် အပြာရောင်တို့ ရောစပ်ခြင်းမှ ရရှိသည့် အစိမ်းရောင်များ၊ ဘာလျှိုဇ်၏ ကဝေမများ၊ 'ပလို့'

နှင့် တိုင်မင်မကိုက်မှုများ၊ မှုးယစ်မေ့လျော့ခြင်းကို မဖြစ်ပေါ်စေနိုင်သည့် ရေ၏ အသုံးမဝင်မှုစံများ... အစရှိသည့်၊ အစရှိသည်တို့သာ ရှိကြပါသည်။ ပျောက်ဆုံးခဲ့ပြီဖြစ်သော ကျွန်တော့်ကို၊ ကျွန်တော်သည် မေ့လျော့ခဲ့ပါပြီလား။

မသိပါ။ လှေကားထစ်များ ဆုံးသွားခဲ့ပြီဆိုလျှင် ကျွန်တော် ဘာလုပ်ရမည် ဆိုသည်ကို မသိပါ။ တိမ်စိုင် တိမ်ခဲများရှိရာသို့ ကျွန်တော် ဆက်၍ တက်သွားရပါမည်လား။ သို့မဟုတ် မြစ်ဆိပ်၊ သောင်စပ်ရှိရာသို့ ဆင်းသွားရပါမည်လား။ သို့တည်းမဟုတ် လှေကားထစ်များ ကုန်ဆုံးသွားရာ နေရာနှင့် မြေနီလမ်းကလေးတစ်ခု စတင်ရာတို့၏ အကြားရှိ မြေ ကွက်လပ်ကလေးတွင် ရပ်နေရပါမည်လား။ အကယ်၍ ကျွန်တော်သည် ဤနေရာတွင်ပဲ ရပ်တန့်၍ နေတော့မည်ဆိုလျှင် ကျွန်တော်က နေကာမျက်မှန်ကို ပြန်၍ တပ်ထားလိုက်ပါမည်။ မီးဇာမဲ့ မီးတောက်ကို ငြိမ်းသတ်လိုက်ပါမည်။ အလင်းရောင်နှင့် အမှောင်တို့သည် ကျွန်တော်၏ ဖြစ်၊ ရှိနေရ ခြင်းအတွက် ဘာမျှအထောက်အကူ မပြုနိုင်ဘူး ဆိုသည်ကို ကျွန်တော် သိသင့်သည်မှာ ကာလပေါင်းများစွာ ကြာခဲ့ပြီ မဟုတ်ပါလား။ သိမှတ်နိုင်မှု ဉာဏ်ရည်နည်းသည်ဟု ကျွန်တော့်အပေါ် ယိုးစွပ်ကြလျှင်လည်း ဝမ်းနည်းလိမ့်မည် မဟုတ်သော ကျွန်တော်က ဝမ်းနည်းလိမ့်မည် မဟုတ်ပါ။ သို့သော်လည်း မဟုတ်ဘူးဟု ကျွန်တော်က ဤနေရာတွင် မငြင်းသဖြင့်၊ ဟုတ်သည်... ဟူ၍လည်း မှတ်မထားစေချင်ပါ။ ကျွန်တော် ပျောက်ဆုံးနေခဲ့သည်မှာ ဟုတ်သည်နှင့် မဟုတ်ဘူး အကြားတွင် ဖြစ်ခဲ့သည်ဆိုလျှင် ကျွန်တော်သိသော အကြောင်းအရာများမှာ တစ်စုံတစ်ရာမျှ မရှိခြင်းသာ ဖြစ်ပါတော့မည်။ သို့သော်လည်း တစ်သက်တာ ကာလပတ်လုံးတွင် ကျွန်တော်သည် ကျွန်တော်မှအပဖြစ်သော နေရာများစွာ၌ ဖြစ်ခဲ့၊ တည်ခဲ့၊ မြဲခဲ့ပါပြီ။ ချစ်ခြင်းကိုလည်း ခံရဖူး၍ လွမ်းချင်သူတို့ကလည်း လွမ်းမည်ဆိုလျှင် လွမ်းခဲ့ဖူးပါပြီ။ မုန်းတီးခြင်းများကိုလည်း ခံခဲ့ရပြီးဖြစ်၍ ဒေါသများစွာ ပေါ်ပေါက်စေလိုသူတို့ ထံတွင်လည်း ဒေါသများ ပွားစေခဲ့ပါပြီ။ ယခုအခါတွင် အလုံးစုံ၏ စပ်ကြားတွင်ဖြစ်သော မြေကွက်လပ်ကလေး တစ်ခုတွင် ရပ်တန့်လိုက်ရင်း အလင်းနှင့် အမှောင်တို့ မဆုံစည်းနိုင်သေးသော အာကာသ၏ တစ်စုံတစ်ခုသော အစိတ်အပိုင်းများကို ရှာကြည့်မိပါသည်။

ခေါင်းမာသော ပညာတတ်ကောင်ကလေး အချို့၏ အော်ဟစ်ခေါ်လိုက်သံ များစွာကို၊ ကျွန်တော်သည် ယခုအခါတွင် ကျယ်လောင်စွာ ကြားလိုက်ရပါပြီ။

***

ခမည်းတော်ချောင်က ဆရာကြီးဒေါ်ပညာ ချက်ကျွေးသော လက်ပံခေါင်းချဉ်ရည်ဟင်းကို ကျွန်တော် အလွန်ကြိုက်လှပါသည်။ ဆရာကြီးကမူ ကျွန်တော့်ကိုကြည့်၍ ဝမ်းသာဝမ်းနည်း ဖြစ်နေခဲ့ပြီ ထင်ပါသည်။ လေလာရာကို ကျောပေးပြီး လွင့်ချင်ရာလွင့်၊ မျောချင်ရာ မျောနေခဲ့တာ ကြာပြီပဲ။ ဒါဟာ ဘဝပဲဆိုရင်တော့ ဆရာကြီး မသိဘူးပေါ့ကွယ်။ ကိုယ့်ဒကာက ခေတ်ပညာတတ် ဆိုတော့လည်း ကိုယ်က ဘာမှတော့ မပြောနိုင်ပေဘူးပေါ့။ သို့သော်လည်းလေ ဒီနေရာဖြင့် ရပ်ရမယ်၊ ဒီနေရာကလေးတော့ဖြင့် သွားရမယ် ဆိုတာကလေးကိုတော့ သတိကလေးထားဖို့ ဆရာကြီး မှာလိုက်ချင်ပါတယ်... အစရှိသဖြင့် ဆရာကြီး ဒေါ်ပညာက ပြောနေသော် လည်း၊ သူ၏ လက်ပံခေါင်းချဉ်ရည်က ပို၍ ကျွန်တော့်အတွက် ခံတွင်းတွေ့သည်မှာ အမှန်ပါ။

ကျွန်တော်သည် မြစ်၏ အခြားတစ်ဖက်ကမ်းနှင့်သာ ထိုက်တန်ပါသည်။ ထမင်းဝသွားပြီ ဆိုသောအခါ တစ်ဖက်ကမ်းသို့ ပြန်ရန် စိတ်ကူးရခဲ့ပါပြီ။ ကျွန်တော်နှင့် စပ်လျဉ်းသည့် အတ္တ၏ မှားယွင်းနေမှုများကို ဖော်မပြရဲသော မှန်လို ဝေဖန်ရေးသတ္တိမျိုးကို ချီးကျူးရမှာလား၊ ပြန်လည် သုံးသပ်ကြည့်ရမှာလား ဟု စဉ်းစားမိလိုက်သော်လည်း မစဉ်းစားချင်လှပါ။ ကဲ့ရဲ့အပြစ်တင်ရန် စဉ်းစားမည်ဆိုလျှင် စဉ်းစားနိုင်သော်လည်း ယခုအခါ ကျွန်တော် ဗိုက်ဝခဲ့ပါပြီ။ သံသရာ၏ ကျယ်ဝန်းမှုကို ကျွန်တော် မသိချင်လှပါ။ “ခေမာသောင်ကမ်းကို ခေမာသောင်ကမ်းကို...” ဟု တစာစာ အော်ခေါ်နေသော ကားပေါ်တက်၍ မစီးနိုင်သေးပါ။ နောက်ထပ်လာမည့် ကားတစ်စင်းစင်းကို စောင့်၍ မြစ်၏ အခြားတစ်ဖက်ကိုသာ ပြန်ချင် ပါသည်။

အကယ်၍ မြစ်၏ အခြားတစ်ဖက်ကမ်းသို့ သွားမည့် အဝေးပြေး ကားတစ်စင်းစင်း လာခဲ့လျှင် သင်တို့ထဲက တစ်ယောက်ယောက်က ကျွန်တော့်ကို မနှိုးနိုင်ဘူးလား။

■

မုန့်ကွဲတစ်ချပ်နှင့် ခြောက်သွေ့သောပြက်လုံး

ဘိုလီမီယံ ဆန့်လိုက်တာဟယ်... ဟု သူငယ်ချင်းမတစ်ယောက်က သူ့ကို ကောက်ချက်ချသောအခါ ကျွန်တော်က အံ့သြသင့်ရပါမည်လား။ သူ့ကို ကျွန်တော့်သူငယ်ချင်းမက ဝေဖန်လိုက်သလိုဖြင့် သူက မဟုတ်ပေဘူးလား။ မဟုတ်ဘူး... မဟုတ်ဘူး... မဟုတ်ဘူး... စသည်ဖြင့် မဟုတ်ဘူးပေါင်း များစွာကို သုံးနှုန်းကာ 'ခါလီ'၏ နောက်လိုက်များ ဖြေသလို ကျွန်တော်က သူ့ကိုယ်စား ဖြေရပါမည်လား။ တစ်ခုခုတော့ ကျွန်တော်က ပြန်ပြောလိုက်ဖို့ ကောင်းကြောင်း ကျွန်တော့်ဘာသာ သိလိုက်မိသော်လည်း မည်သူ့ကိုမျှ ကျွန်တော်က ပြန်၍မပြောပြခဲ့မိပါ။ ပြောပြချင်သော စကားလုံးပေါင်း များစွာကို သုတ်သင်သတ်ဖြတ်ပြီးသည့် အခါတွင်မူ ရည်ရွယ်ရင်း အကြောင်းတစ်စုံတစ်ရာမျှ မရှိဘဲ သီချင်းတစ်ပုဒ်ကို လေချွန်လိုက်မိပါသည်။

ကစဉ့်ကလျား ဖြစ်နေလေ့ရှိသည်ဟု ဆိုသော ကမ္ဘာကြီးသည် အရင့်အရင်ကလိုပင် မဟုတ်ပေဘူးလား။

***

အတူတကွ ကြီးပြင်းလာခဲ့ရသော နေ့ရက်များမှာ ကုန်ဆုံးသွားခဲ့ပြီ ဖြစ်သော်လည်း ပပျောက်ကုန်ဆုံး၍ မသွားနိုင်သေးပါ။ ကလေးဘဝ၏ နေ့ရက်များအတွင်းက ငါးမျှားသွားခဲ့ကြသည့် ချောင်းကမ်းပါးကလေးတွင် ထိုင်ကြရင်း ကျွန်တော်တို့ စကားပြောဖြစ်ခဲ့ကြသည့် အခါတိုင်းတွင် ရပ်တန့်နေလေ့ မရှိသော ကာလတရားကြီးကို ဂရုပြုမိတတ်ကြပါသည်။ မိုးဦးကျတွင် ရေစ်တတ်ကြသော ငါးများကို သတိမရတော့ပါ။ ချောင်း၏ အခြားတစ်ဖက်ရှိ တောစပ်ထဲတွင် ဖမ်းသူမဲ့နေသော တောကြက်များ ခုန်ပေါက်ကစား နေကြသော်လည်း၊ ကျွန်တော်တို့ စိတ်မပါလှတော့ပါ။ နေသာ လေသာသောနေ့ တစ်ရက်ရက်တွင် လေတံခွန်လွှတ်ရန်လည်း စိတ်ကူးကလေးများ မရကြတော့ပါ။

ခင်တန်းကလေးထဲက သစ်ပင်အစုံစုံတို့၏ မတူညီသော အစိမ်းရောင်များ၏ အကြောင်းကို သူက စိတ်ဝင်တစား ပြောပြနေသောအခါ ကျွန်တော်က ငြိမ်သက်တတ်သော အရောင်များ၏ ထုံထိုင်းစေမှု ဖြစ်စဉ်များကို စဉ်းစားကြည့်နေမိပါသည်။ သူသည် ကျွန်တော်ဆွဲသော ရိုးပြတ်တောများ၊ မြက်ရိုင်းပင်များကို စိတ်မဝင်စားတော့ဘူးဟု ကျွန်တော်က ယတိပြတ်

မပြောနိုင်သော်လည်း အင်ဒရူးဝိုင်းယက်၏ ကားများကို ကြည့်ကာ ချီးမွမ်းခန်းထုတ်လေ့ရှိတတ်ပါသည်။ အကယ်၍နှင့်၊ အကယ်၍သာလျှင် သူသည် ကျွန်တော်ဆွဲသော ကားများကို ကြည့်ကာ စိတ်မဝင်စားတော့ဘူး ဆိုခဲ့ပါလျှင်မူ၊ သူ့တွင် ပြည့်စုံလုံလောက်သော အကြောင်းအရာ အနည်းဆုံး တစ်ခုမျှ ရှိနေမည် ဆိုသည်ကိုမူ ကျွန်တော် တွေးမိပါသည်။ ကျွန်တော် နားလည်သလိုပင် အားလုံးက နားလည်ထားလိုက်ကြ စေချင်ပါသည်။

နေတောက်တောက်ပူသော အညာအရပ်က ပန်းချီဆရာများ ခံစားတတ်သော အစိမ်းရောင်မျိုးကို သူ စိတ်ဝင်တစားနှင့် ခံစားကြည့်လေ့ ရှိပါသည်။ ထန်းပင်နှင့် ခြောက်သွေ့နေသော မြေနီများ၊ ဆူးချုံပင်များနှင့် ဆူးအခက်များ။ အစိမ်းရောင် စဉ်းငယ်မျှမပါသည့် ချောင်းရေမှများနှင့် ပိန်လှီသော နွားများ... အစရှိသည့် အစရှိသည်တို့ ဖြင့် သူ ရှုမြင်လာပုံမှာ အရင့်အရင် ကာလများစွာက သူနှင့် ကျွန်တော်တို့ တစ်ထပ်တည်းကျခဲ့သော အမြင်များမှ သူသည် ခွဲခွာထွက်စ ပြုနေပြီဖြစ်ကြောင်း ကျွန်တော် သတိထားမိပါသည်။ စိုစိုစိမ်းစိမ်းနှင့် ရှုခင်းများကို ကျွန်တော် သဘောကျနေဆဲ...။ ချစ်ဖွယ်ကောင်းသော အငြိမ့်သမတို့၏ အက၊ အလှကို ကျွန်တော် သဘောကျနေဆဲ...။ ဈေးကွက်ကောင်းသော ပန်းချီကားများကို ကျွန်တော် စိတ်ဝင်စားနေဆဲတွင် သူသည် ကာလတရားအသစ်များ အတွင်းသို့ တိုးဝှေ့၍ ဝင်ရောက်သွားခဲ့ပါပြီ။

အနောက်ဘက်မှလာသော လေညင်းများကို ခံစားရှုရှိုက်ရင်း သူသည် ဘဝကို ကျေနပ်စပြုခဲ့ပါပြီ။

ဝမ်းသာဖွယ် ကောင်းသေးသော အကြောင်းတစ်ခုမှာ ကျွန်တော်၏ ပန်းချီကားများကို ကြည့်၍ သူသည် ခေါင်းခါရုံမျှသာခါ၍ ပါးစပ်မှ တစ်စုံတစ်ရာ မပြောသေးခြင်းပင် ဖြစ်ပါသည်။

သူမပျော်ဘူးဆိုလျှင်မူ ကျွန်တော့်တွင် ဝမ်းနည်းစရာ မရှိလှပါ။

***

နေ့မှာ မအိပ်ရဘူးလို့ ဘယ်သူက ပြောသလဲ...၊ ညကြီးသန်းခေါင်မှာ ထပြီး ပန်းချီမဆွဲရဘူးလို့ ဘယ်သူပြောလဲ...၊ မိုးလင်းတိုင်း မျက်နှာသစ်ရမယ်လို့ ဘယ်သူက ပြောသလဲ...၊ နေစောင်းမှ အရက်သောက်ရမယ်လို့ ဘယ်သူက ပြောသလဲ...၊ ဆံပင်ကို မှန်မှန်ဖြီးရမယ်လို့ ဘယ်သူက ပြောသလဲ...၊ သူမြင်သလို၊ ကျွန်တော် မမြင်နိုင်သည့်အတွက် တစ်ယောက်ယောက်က ကျွန်တော့်ကို ခွင့်လွှတ်စေချင်ပါသည်။

တကယ့်ဘဝကြီးကို သူသည် မေ့လျော့စ ပြုပါပြီလား၊ သို့မဟုတ် တကယ့်ဘဝကြီးထဲက သူသည် မေ့လျော့စ ပြုပါပြီလား၊ သို့မဟုတ် တကယ့်ဘဝကြီးထဲက သူသည် ထွက်ခွာစ ပြုနေပါပြီလား၊ သို့တည်းမဟုတ် ကျေနပ်ပျော်ရွှင်ဖွယ် ကောင်းသော လောကကြီးတစ်ခုကို သူ၏ ပုဂ္ဂိုလ်ဘဝ ဖြစ်နေခြင်းထဲတွင် တည်ဆောက်နေပါပြီလား ဆိုသည်ကို ကျွန်တော် ပြောမပြနိုင်ပါ။ အခင်အမင် မပျက်ကြသေးသော သူနှင့် ကျွန်တော်တို့၏ အကြားတွင် သူက ယခုတိုင် အုတ်နံရံတစ်ချပ် မကာသေးသည်မှာ အံ့ဩစရာမကောင်းပါလား။

စင်စစ် အံ့ဩစရာ မကောင်းလှပါ။

သူနှင့် ကျွန်တော်၏ ခင်ပုံမင်ပုံမျိုးကို သူနှင့်ကျွန်တော်သာ သိနိုင်ပါသည်။ အဘယ့်ကြောင့် ကစဉ့်ကလျား ဖြစ်နေလေ့ရှိသော လောကကြီး၏ ဖြစ်ပျက်များအတွင်း ကျွန်တော်တို့ အခင်အမင် မပျက်နိုင်ကြသည်ကိုမူ ကျွန်တော်တို့ကိုယ်တိုင်လည်း မသိသဖြင့် သင်တို့လည်း ဘယ်တော့မှ သိနိုင်ကြလိမ့်မည် မထင်ပါ။ ငယ်ငယ်ကတည်းက မင်းနဲ့ငါ မခင်ခဲ့၊ မမင်ခဲ့ကြရင် အကောင်းသားဟု သူရော ကျွန်တော်ပါ မကြာမကြာ ပြောဖြစ်ခဲ့ကြသော်လည်း တစ်ခါကမျှ မုန်းတီးပစ်ကြရန် မပြော၊ မဆို၊ မကြံ၊ မစည်ခဲ့ကြပါ။

မုန်းတီးခြင်းတရားများမှာ သူနှင့်ကျွန်တော်၏ အကြားတွင် တွေ့ရခက်ခဲလှပါသည်။ ဒေါသသံပါလှသော အကြောင်းအရာပေါင်း များစွာမှာ သူနှင့်ကျွန်တော်၏ အကြား၌ ဖြစ်တည်ခဲ့ဖူးသည်မှာ မှန်သော်လည်း အနိစ္စတရားက အမြန်ဆုံး ဖြတ်တောက် သယ်ဆောင်သွားနိုင်ခဲ့သည့် အတွက် ရှည်ကြာစွာ မမြဲခဲ့ပါ။ တစ်ခုတည်းသော ပြဿနာမှာ သူယုံသကဲ့သို့ လောကကြီးသည် ကစဉ့်ကလျား ဖြစ်ပေါ်နေပါသည်ဟု ဆိုခြင်းအပေါ် ကျွန်တော်က သံသယ ရှိနေတတ်ခြင်းပင် ဖြစ်ပါသည်။

အရာရာကို သံသယဖြင့် စတင်ရမည်ဟုဆိုသော 'ဒေးက' တစ်ယောက်တော့ ကျွန်တော့်ဘက်တွင် ရှိလိမ့်မည် ထင်ပါသည်။ မနက်ဖန် မိုးလင်းလျှင် အရှေ့ဘက်က နေတစ်လုံး ထွက်မလာဘူးဟု ဘယ်သူကမှ မပြောကြဘူး မဟုတ်လား။

***

'ဝါရာနီးကား' ကို မကြိုက်သူတွေ အပုံကြီးရှိပါသည် ဟူသော သတင်းတစ်ပုဒ်ကို ဖတ်ရသောအခါက ကျွန်တော်သည် အလွန်ပင် ကျေနပ်ဝမ်းသာ သွားမိပါသည်။ သူ့ကိုလည်း ဖတ်ကြည့်စေချင်ပါသည်။ သူက... လောကကြီးမတော့ မင့်လိုလူမျိုးတွေ အပုံကြီးပါကွာ။ ဝမ်းသာစရာ မကောင်းပေဘူးလားဟု ပြောသောအခါ ကျွန်တော်သည်

ဝမ်းသာသလိုနှင့် ဝမ်းနည်းမိလိုက်ပါသည်။

ဝမ်းနည်းခြင်းကို ကင်းပစေနိုင်သည့် နည်းလမ်းများ မရှိဘူးလား။ အကယ်၍ တစ်ယောက်ယောက်က ဝမ်းနည်းခြင်းများကို ကင်းပစေနိုင်သည့်၊ သို့မဟုတ် ရပ်တန့်စေနိုင်သည့်၊ သို့တည်းမဟုတ် ပေါ်ပေါက်မလာစေနိုင်သည့် နည်းလမ်းများ ရှာဖွေတွေ့ရှိခဲ့ပြီဟု ဆိုလျှင် ရောက်ရာအရပ်မှ ကျွန်တော့်ထံ အကြောင်းကြားလိုက်စေချင်ပါသည်။ ဆွီဒင်ပြည့်ရှင်မင်းကြီး ထံကိုလည်း နိုဗယ်ဆု ရွေးချယ်ရေးအဖွဲ့က ထည့်သွင်းစဉ်းစားနိုင်ရန် အကြောင်းကြားစာ တစ်စောင်လောက်လည်း ရေးလိုက်ကြစေချင်ပါသည်။

ဤနေရာတွင် ကျွန်တော်နှင့် သဘောထားခြင်း မတူမျှနိုင်သည့် အကြောင်းတစ်ခု ရှိနေပါသည်။ ရွှေပန်းထိမ်က ရွှေကို အပူပေးလိုက်၊ ရေနှင့်လောင်းလိုက်၊ ဥပေက္ခာပြုထားလိုက်... စသဖြင့် လုပ်သလို၊ စိတ်ကိုလည်း ထားသင့်ကြောင်း ယောအတွင်းဝန်မင်း၏ ဥပမာပေးပုံမှာ သဘောကျစရာ ကောင်းသော်လည်း ကျွန်တော်က သဘောမတူနိုင်ပါ။ ကျွန်တော်သည် ရွှေပန်းထိမ်သည် မဟုတ်ပါ။ ပန်းချီဆရာမှ ပန်းချီဆရာ။ ပန်းချီဆရာမှ အနုပညာသည် ပန်းချီဆရာ။ အနုပညာသည် ပန်းချီဆရာနှင့် ပန်းချီဆရာတို့ မည်သို့မည်ပုံ ကွာခြားပါသလဲဟု ကျွန်တော့်ကို မေးလျှင် ကျွန်တော်က ယတိပြတ် အဖြေတစ်စုံတစ်ရာကို ပေးနိုင်လိမ့်မည် မဟုတ်သော်လည်း ကျွန်တော့်ကိုယ် ကျွန်တော်က အနုပညာသည် ပန်းချီဆရာဟု မှတ်ယူထားသည်မှာ အမှန်ပါ။

သူ့လိုလူများက ‘ဝါရာနီးကား’ ကို ကြိုက်သည်ဟု ဆိုလျှင်လည်း နေရာဒေသ၊ ကာလ အာကာသမရွေး ကျွန်တော် ကြိုက်ပြနိုင်ပါသည်။ ဝစ်တလာ၏ ‘ဝက်စမင်နစ်စတာတဲလား’ ကို ကျွန်တော့် အမြင်ထဲတွင် ရှာမတွေ့နိုင်သော်လည်း သူ့လိုပင် တွေ့အောင် ကြည့်နိုင်ပါသည် တကယ်တမ်းပြောရမည် ဆိုလျှင် ဂေါဂင်၏ တောင်သမုဒ္ဒရာထဲက ကျွန်းသူမများထက် တင်လုဝင်းရေးသော ကောင်မလေး လုလုကလေးများကို ကျွန်တော်က ပို၍ သဘောကျမိတတ်ပါသည်။ ရံဖန်ရံခါ ‘အနဋ္ဌာရုံကို မနှစ်မြို့သူများ မလာရ' ဟု ကျွန်တော်၏ အခန်းဝတွင် ရေးထားလိုက်ချင်ပါသည်။

သို့သော်လည်း ကျွန်တော် မရေးဖြစ်ပါ။

သူ့ကို အားနာသောကြောင့် မရေးဖြစ်တာလား၊ ကိုယ့်ဘာသာကိုယ် မရေးရဲသောကြောင့် မရေးဖြစ်တာလား ဆိုသည်ကို ကျွန်တော် မသိပါ။

***

မကြာခင်ကမူ ကျွန်တော့်ကို သူက ထိုးစစ်ဆင်ပါသည်။ ကျွန်တော်သည် အလွန်ပျော့ညံ့သော ပန်းချီဆရာသက်သက်သာ ဖြစ်သည်ဟု သူ ထင်ကြောင်း ပြောသောအခါ ကျွန်တော် အလွန်ပင် ဒေါသထွက်မိပါသည်။ ဒေါသ၏ လမ်းကြောင်းများ လွှဲပြောင်းသွားရန် ရည်ရွယ်၍ ကျွန်တော်သည် အနီးတွင်ရှိသော စုတ်တံအဟောင်း တစ်ချောင်းကိုယူ၍ ပါးစပ်ဖြင့် ကိုက် လိုက်ပါသည်။ သူကမူ ကျွန်တော့်ကို... မင်းက ဒေါသတွေကို လမ်းလွှဲပစ်ဖို့ စုတ်တံကို ကိုက်တာတောင် အဟောင်းမှ ရွေးကိုက်ရတယ်လို့ကွာ...၊ အသစ်ကိုက်တော့ကော ဘာဖြစ်မှာမို့လဲဟု ဆက်၍ သရော်လိုက်ပြန်ပါသည်။

တစ်ခုသော သန်းခေါင်ယံကာလကလည်း ကျွန်တော့်ကို အိပ်ရာက နှိုး၍၊ သူ၏ ဆွဲလက်စ ပန်းချီကားတစ်ချပ်ကို ပြပါသည်။ ညသည် သူ့လို အိပ်မပျော်တတ်သူတို့အဖို့ ချစ်စရာလား၊ မုန်းစရာလား မသိသော်လည်း၊ ကျွန်တော့်အဖို့မှာ ညကို အိပ်စက်အနားယူရန် ကာလတစ်ခုထက် ပို၍ တန်ဖိုးမထားနိုင်ပါ။ လေးဆယ်အားမီးသီး၏ အလင်းရောင်ဖြင့် ကြည့်လျှင် ပို၍ အရသာပေါ်လွင်သည်ဟု ဆိုသော သူ၏ ပန်းချီကားသည် ကျွန်တော်၏ အိပ်မှုန်စုံမွှားမျက်စိများအား ဖြားယောင်း သွေးဆောင်နိုင်ခြင်း မရှိသည်မှာမူ အမှန်ပင်။ လမ်းသစ်ပေါ်တွင် ရဲရဲတင်းတင်း လျှောက်နေသော သူ၏ ပန်းချီကားများကို ကျွန်တော်က မည်သည့်ပေတံများနှင့် တိုင်းထွာရပါမည်လဲ။ သူ့ကို တန်ဖိုးမဖြတ်နိုင်သဖြင့် ကျွန်တော့်ကို လူညံ့တစ်ယောက် ဟူ၍တော့ သဘောမထားကြပါနှင့်။

ကာလနဲ့ အာကာသတရား နှစ်ပါးရဲ့ ဘောင်ခတ်ထားခြင်းထဲမှာ သာယာနေသရွေ့တော့ မင်းဟာ အနုပညာသည် မဟုတ်ပါဘူးကွာ...၊ အနုပညာနဲ့ စီးပွားရှာစားတဲ့ လူပါ။ မင်းဟာ မင်းကိုယ်မင်း ရဲရဲတင်းတင်း ဝန်ခံလိုက်စမ်းပါ... ဟု သူက ကျွန်တော့်ကို ပြောသောအခါတွင်မူ ကျွန်တော်သည် အလွန်ပင် နာကြည်းမိပါသည်။ သူပြောသလိုကော မဟုတ်ပေဘူးလား ဟု တစ်ယောက်ယောက်က ကျွန်တော့်ကို မေးလျှင် ကျွန်တော်က "ဟုတ်ပါတယ်" ဟု ဖြေမည့်အစား "ဟုတ်တော့ဟုတ်ပါတယ်" ဟု ဖြေစမ်းပါရစေ။

"ဟုတ်တယ်"၊ "မဟုတ်ဘူး" နှင့် "ဟုတ်တော့ဟုတ်ပါတယ်" ဟူသော အသုံးအနှုန်းများ အကြားရှိ တန်ဖိုးကွာခြားမှုနှင့် ပတ်သက်၍ ကျွန်တော့်ကို တစ်စုံတစ်ရာ မမေးကြပါနှင့်။ 'ဘာသာစကားအရာမှာ ငါဆရာ' ဟု ကြွေးကြော်လေ့ရှိကြသည့် ကောလိပ်ကျောင်းထဲက တုတ်ကောက်ကလေး တရမ်းရမ်းနှင့် လမ်းလျှောက်လေ့ ရှိတတ်ကြကုန်သော နိုင်ငံခြားပြန် ဆရာကလေးများကိုသာ သွား၍ မေးကြပါတော့။

ကနဦးကပင် ရှိခဲ့မိသော သူ့အပေါ် မကျေနပ်မှု အချိုးနှင့်အတူ သူက ထပ်မံဖန်တီးလိုက်သော အကြောင်းအရာ အချို့တို့သည် ယခုအခါတွင် ပေါင်းစည်းမိသွားပါပြီ။ အကယ်၍နှင့် အကယ်၍သာလျှင် ကျွန်တော်သည် သူ့လို

အနုပညာသည်စစ်စစ် မဖြစ်နိုင်ခဲ့ဘူးဟု ဆိုလျှင် ထိုအဆိုသည် သူ့၌ တည်ခဲ့ပြီဟု ကျွန်တော်က ဆိုချင်ပါသည်။

သူ၏ ရှိနေခြင်းနှင့် ကျွန်တော်၏ မဖြစ်နိုင်ခြင်းများတွင် တစ်စုံတစ်ရာ ဆက်နွယ်မှုရှိကြောင်း ကျွန်တော်နားလည်သလို အားလုံးကလည်း နားလည်လိုက်ကြစေချင်ပါသည်။

***

မျဉ်းတစ်ပြေးတည်းပေါ်တွင် တည်၍မနေခဲ့သော ကာလတရားကို သူက ခုခံ၍မရတော့ဘူး ဟု ဆိုသည်ကို ကျွန်တော် သိပါသည်။

အနောက်ဘက်မှလာသော လေအသစ်များကို သူသည် ရှူရှိုက်ရင်း မောပန်းစပြုလာသော်လည်း၊ လေများမှာ ကုန်ဆုံး၍ မသွားခဲ့ကြပါ။ သူ၏ ပတ်ဝန်းကျင်မှာမူ အိပ်မောကျနေကြဆဲ။ ခါတောင်အင်္ကျီနှင့် ရင်ကွဲထဘီကို ရိုးရာဝါဒ၏ သင်္ကေတအမြင်ဟု မှတ်ယူသူများ၊ လက်တစ်ကမ်းအကွာမှ စကားပြောနေကြသော မောင်မယ်များ၊ ဆားပုတ်ပြက်သိကာမျှဖြင့် ရောစပ်ထားသော ရိုးရာလေပုတ်ချဆေးကို စားသုံးနေကြသော ပညာတတ်များ… စသည်တို့ဖြင့် ပြည့်လျှံနေပါသည်။ သူက မျှော်လင့်အားကိုးခဲ့ခြင်း မရှိသော ပရိသတ်များကမူ သူ့ကို အသိအမှတ် မပြုကြပါ။ အနုပညာပစ္စည်းများကို တန်ဖိုးဖြတ်မှုနှုန်းစံမှာ ဂန္ထဝင်ခေတ်ကာလကို ကျော်လွန်ခဲ့ပြီးသည့်နောက် တစ်ပုံစံတည်းသာ ဖြစ်ပေါ်ခဲ့တော့ကြောင်းကိုလည်း သူမေ့ခဲ့ပါပြီ။ ဆိုဟိုမှာ ဝတ်၍သေခဲ့သူတွေ၏ သတင်းကိုမူ သူ ကြားလိုက်ရပြီဖြစ်ကြောင်း ကျွန်တော် သိလိုက်ရပါသည်။ အနုပညာသစ်များ၏ ဖြစ်ပေါ်မှုတွင် တိုး၍တိုး၍ ဖြစ်ပေါ်ခြင်း၊ တိုး၍တိုး၍ ပျောက်ဆုံးသွားခြင်းများမှာ ရောထွေးခဲ့ပါပြီ။ တိုး၍ ဖြစ်ပေါ်မှုများ၏ အခြေခံကို နိစ္စထာဝရတရား ဟု မှတ်ယူထား၍ မဖြစ်တော့ပါ။ ယခုအခါ သူ့၌ စပ်ကြားမျိုးဆက်သစ်များတွင် ဖြစ်ပေါ်လေ့ရှိသော ရင်ကျပ်ပန်းနာ ရောဂါတစ်မျိုး ရရှိခဲ့ပါပြီ၊ အမှန်ပင် သူ့တွင် အသက်ကို ဝဝရှူရန်ကိစ္စမှာ ခက်ခဲလာခဲ့ပါပြီ။ ကျွန်တော်ကမူ မျှော်လင့်စောင့်စားခဲ့သော ကာလတရား၏ ပင့်ကူအိမ်အတွင်း တိုးဝင်လိုက်ရန် အချိန်ရောက်လာပြီ ဖြစ်ကြောင်း သိလိုက်ပါသည်။ အနုပညာပြောင်းမြောက်ခြင်းနှင့် ဝတ်မွတ်ခြင်းတို့ကို ရောထွေးမြင်တတ်သော သူ့ကို တစ်စုံတစ်ရာ သင်ပြဖို့ အချိန်သည် ရောက်ရှိလာခဲ့ပြီ မဟုတ်ပါလား။

အသုံးဝင်မှု၊ အသုံးကျမှု စံများနှင့် ကန့်သတ်ထားသော ကိုယ်ကျင့်တရားစံများကို မေ့လျော့ပစ်ရင်း၊ သူ့ကို ကျွန်တော်က သတ်ဖြတ်ပစ်ရန် ဆုံးဖြတ်လိုက်ပါပြီ။ သူ့ကို သတ်ဖြတ်ပစ်နိုင်ခဲ့ပြီ ဆိုလျှင် ကျွန်တော့်ကို ကဲ့ရဲ့ပြစ်တင်မည့်သူ တစ်စုံတစ်ယောက်မျှ

ရှိတော့မည် မဟုတ်၍ အနုပညာနှင့် အနုပညာ၏ 'စံ'များ ရောထွေးသွားပါလိမ့်မည်။ အကောင်းဘက်ကသာ ဝေဖန်မည့် လောကကြီးတွင် ကျွန်တော်သည် ကောင်းကင်မှ တိမ်စိုင်တိမ်ခဲများ ပြေးလွှားနေပုံကို ကြည့်ကာ ပျော်ရွှင်ချမ်းမြေ့စွာ နေပါတော့မည်။

တင်ကူး၍ပြောရန် အကြောင်းတစ်ခုသာ ရှိပါတော့သည်။

နောက်တစ်နေ့ မိုးလင်းသောအခါ ကျွန်တော်၏ နာရေးသတင်း ကြားရသူများအဖို့ တစ်စုံတစ်ရာမျှ တွေဝေရောထွေး၍ မသွားကြစေချင်ပါ။ သူ့ကို ကျွန်တော်သည် ယနေ့ညဥ့်ပင် သုတ်သင်သတ်ဖြတ်ခဲ့ပြီ ဖြစ်ပါသည်။ ဤကိစ္စနှင့် စပ်လျဉ်း၍ မေ့လျော့မထားကြပါနှင့်။ လောကကြီးကမူ အမြဲတစေလိုပင် ကစဉ့်ကလျား ဖြစ်နေခဲ့သည်ကို သင်တို့အားလုံးလည်း သိပြီးသားပါ ...။

■

ဒီဟာ နင့်အတွက်

ကောင်မကလေးနှင့် သူသည် သမီးရည်းစားများ မဟုတ်ကြပါ။ သို့သော်လည်း သူတို့ချင်း ချစ်ကြပါသည်။ သူတို့ချစ်ကြပုံမှာ ခွေးကလေး၊ ကြောင်ကလေးများကို ချစ်သလိုလား ဟူ၍လည်း ပြောမပြနိုင်ပါ။ 'ချစ်ခဲ့ကြသည်'ဟု ဆိုရသည်မှာလည်း၊ ယခုအခါတွင် သူတို့သည် ထိုစဉ်ကကဲ့သို့ မချစ်ကြတော့သဖြင့် ဖြစ်ပါသည်။ 'မချစ်ကြတော့'...ဟု ဆိုသော်လည်း သူတို့သည် ယခုအခါတွင် မုန်းတီးနေကြသည် မဟုတ်ပါ။ မည်သို့ပင်ဆိုစေ၊ သူတို့နှစ်ယောက်သည် တစ်ခါက ချစ်ခဲ့ကြသည်မှာ အမှန်ပါ။

ကောင်မကလေးတို့မိသားစု တစ်နယ်တကျေးသို့ ပြောင်းကြတော့မည် ဆိုသောအခါ ကောင်မကလေးက သူ့ကို ဖလံနယ်စကလေးဖြင့် စပ်၍ချုပ်ကာ လဲမှို့များ ထည့်ထားသည့် အရုပ်ကလေးတစ်ရုပ် ပေးပါသည်။ ထိုအရုပ်ကလေးကို ကောင်မကလေးကိုယ်တိုင် ချုပ်၍ပေးခြင်း ဖြစ်ပါသည်။ အရုပ်ကလေး၏ မျက်လုံးနေရာတွင် ကော်ကြယ်သီး အမဲကလေးနှစ်လုံး ထည့်ထားပြီး၊ နှာခေါင်းနေရာတွင် ကော်ကြယ်သီး အဖြူကလေးတစ်လုံး ထည့်ထားပါသည်။ အရုပ်ကလေးမှာ လဲမှို့များဖြင့် ဖြည့်ထားသော်လည်း ကျစ်ကျစ်လျစ်လျစ် မရှိလှပါ။ လက်များ၊ ခြေများမှာ ခပ်ပျော့ပျော့၊ ခပ်တွဲတွဲ ဖြစ်နေသဖြင့် အရုပ်ကလေးကို မတ်တပ်ထောင်ထား၍ မရပါ။ ထိုစဉ်က ကောင်မကလေးသည် အရုပ်ကလေးကို သမာဓိသတင်းစာက ကုန်စျေးနှုန်းသတင်းပါသော စာရွက်ဖြင့် ထုတ်၍လာပါသည်။

ဒီဟာ နင့်အတွက်...၊ ဒီဟာ နင့်ရုပ်ပုံပဲ...၊ နင့်အတွက် ငါချုပ်လာတဲ့ အရုပ်ကလေးပဲ...။ တကယ်တော့ ဒါဟာ နင်ပဲ...၊ ကောင်မကလေးက အရုပ်ကလေးအား သူ့လက်ထဲထည့်ရင်း ပြောလိုက်သောအခါ သူသည် အရုပ်ကလေးကို သေသေချာချာ ကြည့်မိလိုက်ပါသည်။ အရုပ်ကလေးတွင် သူနှင့်တူသော အကြောင်းအရာ အချက်အလက် တစ်ခုမျှ မပါဟု သူထင်မိပါသည်။ အရုပ်ကလေးနှင့် သူ၏အကြားတွင် တူညီမှုတသော အရည်အသွေး တစ်စုံတစ်ရာ ရှိပါသလားဟူ၍လည်း သူ စဉ်းစားကြည့်လိုက် မိပါသည်။ သို့သော်လည်း ကောင်မကလေးက ဒါနင်ပဲ... ဟု ပြောသဖြင့် အရုပ်ကလေးမှာ သူ ဖြစ်သွားပါသည်။

အရုပ်ကလေး၏ ပျော့ပျော့တွဲတွဲ ဖြစ်နေရခြင်းကို သေသေချာချာ ကြည့်မိတိုင်း ဘဝ၏ သေကောင်ပေါင်းလဲ ဖြစ်နေရမှုများကို သတိရ၍သာ နေရတော့သည်။ အရုပ်ကလေးကဲ့သို့ ခပ်ပျော့ပျော့ ခပ်တွဲတွဲ ဖြစ်နေရသော ဘဝမှာ သူ မတ်တပ်ရပ်နေခဲ့ရသည်မှာလည်း ကြာလှပါပြီ။ ထိုသို့ ဖြင့် သူသည် ကောင်မကလေး ပေးရစ်ခဲ့သော အရုပ်ကလေးကို ထိန်းသိမ်း စောင့်ရှောက်ရတော့မည်သာ ဖြစ်တော့သည်။ ထိန်းသိမ်းစောင့်ရှောက်ရင်းဖြင့် သူသည် သူ၏ လူ့အသိုက်အမြုံအတွင်းမှ

ထီးထီးကျန်ဘဝကို အဖော်ပြုရပေတော့မည်။ လူ့ အသိုက်အမြုံအတွင်းမှ ဘဝ၏ ထီးထီးကျန်နေမှုကို ခိုင်မာစွာ ကာကွယ်စောင့်ရှောက်နိုင်ရန် အတွက်၊ သူသည် အရုပ်ကလေးကို အဖော်ပြုရပေတော့မည်။

တစ်ခုရှိပါသည်။ ကောင်မကလေးက အဘယ်ကြောင့် အရုပ်ကလေးတစ်ရုပ် ချုပ်၍ သူ့ကို ပေးရာတွင် ဒါနင်ပဲ…၊ ဒါနင့်အတွက်… ဟု ပြောခဲ့သည်မှာ စဉ်းစားစရာ ဖြစ်ပါသည်။ စင်စစ် ကောင်မကလေးက သူမချုပ်သော အရုပ်ကလေးကို သူ့ကိုပေးရာတွင် ဒါငါပဲ… ဟု ပြောရန် မကောင်းပါလား။ ကောင်းသည်မှန်သော်လည်း ဤနေရာတွင် ကောင်းခြင်းနှင့် ရည်ရွယ်ရင်းတရားတို့ အကြားတွင် တစ်ရာသီမက ခြားနေပါသေးသည်။ ကောင်မကလေးနှင့် သူသည် သမီးရည်းစားများ မဟုတ်ကြသည့် အကြောင်းကို အများက သိပြီးသား မဟုတ်ပါလား။ သို့အတွက် ထိုအရုပ်ကလေးကို ကြည့်မြင်ရလေတိုင်း သူသည် ကောင်မကလေးကို သတိရနေရန် ရည်ရွယ်၍၊ ကောင်မကလေးက အရုပ်ကလေးတစ်ရုပ် ချုပ်၍ သူ့ကို ပေးခဲ့ သည်ဟု တွေးကြည့်ရန်မှာ မခိုင်လုံသော အကြောင်းတစ်ရပ်သာ ဖြစ်ခဲ့ပါသည်။ ထို့ကြောင့် ဤနေရာတွင် ကောင်မကလေးက ပြောသင့်သော စကားကို ပြောခဲ့သည်ဟု ယာယီလက်ခံထားရုံမှအပ အခြားမှတ်ချက် တစ်စုံတစ်ရာ ချနိုင်လိမ့်မည်မဟုတ်ပါ။

ကာလနှင့်ဒေသပေါင်း မြောက်မြားစွာ ပြောင်းလဲခဲ့မှုများ အတွင်း၌ သူသည် အရုပ်ကလေးကို နေရာတစ်မျိုးတည်းတွင်သာ နေရာပေးနိုင်ခဲ့လေသည်။ အမြဲတစေလိုပင် အရုပ်ကလေးကို သူ၏စာအုပ်စင် အပေါ်ဆုံးထပ် ထောင့်ကလေးတွင် ထားလေ့ရှိခဲ့သည်။ ယခု စာအုပ်စင်မှာမူ အဆင့်ကိုးဆင့်ပါ၍ အလွန်မြင့်သော စာအုပ်စင် ဖြစ်သောကြောင့် အရုပ်ကလေးကို အပေါ်ဆုံးအဆင့်တွင် သပ်သပ် နေရာပေးနိုင်ခဲ့သည်။ ထို အဆင့်တွင် သူက စာအုပ်များ မထားခဲ့ပါ။ အရုပ်ကလေးမှာမူ၊ ယခင်ကနှင့် ယခင့်ယခင်ကအတိုင်း ပျော့အိပျော့တွဲနှင့် သူထားသလိုပင် နေခဲ့ပေပြီ။ အရုပ်ကလေးကို သတိတရ ကြည့်လိုက်မိတိုင်း အရုပ်ကလေးကဲ့သို့ သူလည်း စာအုပ်ထူထူကြီးများ အကြား၌ ပျော့အိပျဉ်းတွဲစွာဖြင့် ဖြစ်ခဲ့တည်ခဲ့ ရှိခဲ့ရပုံများကို ပြန်လည်သတိတရ ဖြစ်နေမိတတ်ပေပြီ၊ အရုပ်ကလေးသည် သူ့ကို မေ့လျော့ခြင်းများစွာ အတွင်းမှ သူ့ကို မကြာမကြာ နိုးထစေခဲ့သည်။

နှစ်ကာလပေါင်း များစွာအတွင်း သူနှင့်အရုပ်ကလေးတို့ အကြည့်ချင်း ဆုံခဲ့ကြသည်မှာ အကြိမ်ကြိမ်၊ ရံဖန်ရံခါ သူ၏စိတ်ကူးပုံစံများ အတွင်းသို့ အရုပ်ကလေးသည် ဝင်ရောက်ကာ ဆော့ကစားနေပါသလား ဟူ၍ပင် တွေးမိလေသည်။ အရုပ်ကလေးနှင့် ပတ်သက်၍ သူစဉ်းစား၍ မရသော၊ သို့မဟုတ် အဖြေရှာမရသော မေးခွန်းပေါင်းများစွာမှာ များ၍များ၍သာ လာခဲ့ပါသည်။ တကယ့်ဘဝကြီး၏ နေ့စဉ်ဖြစ်ပျက်တရားများ အတွင်း အဖြေရှာမရသော ကိစ္စများ များလာသောအခါ သူသည် ထိုကိစ္စအတွက် ဝမ်းမနည်းလှတော့ပါ။ တစ်ခါကမူ သူသည် အရုပ်ကလေးကို

အမှိုက်ပုံးထဲ ထည့်ပစ်ရန် စိတ်ကူးခဲ့ဖူးပါသည်။ ထိုစိတ်ကူးအတွက်မူ သူသည် ယခုတိုင် ဝမ်းနည်းနေတတ်သည်။ ဤသို့ဆိုလျှင် သူသည် အရုပ်ကလေးကို ဖျက်ဆီးမပစ်ရက်သည်မှာ သေချာနေပါသည်။ သို့မဟုတ် သေချာသွားပါသည်ဟု ဆိုရပါမည်။ ဆိုရပါမည်... ဟူသော အသုံးအနှုန်းကိုပင် သုံးနှုန်းရန် မဖြစ်တော့ပါ။ သူသည် အရုပ်ကလေးကို မဖျက်ဆီးရက်ပါ... ဟု ယတိပြတ် ပြောရပါတော့မည်။

အရုပ်ကလေးကို သူ မဖျက်ဆီးရက်ပါဟု ပြောရသည့်တိုင် ဒီအရုပ်ကလေးကို ငါ လွှင့်ပစ်လိုက်ရင် ကောင်းသားဟု သူ့စိတ်ထဲတွင် ရံဖန်ရံခါ ပေါ်ပေါက်လာလေ့ ရှိပါသေးသည်။ ယခုအခါတွင်မူ သူသည် အသက်အရွယ်အားဖြင့်လည်း ကြီးရင့်ခဲ့ပြီ။ အချိန်စေ့သောကြောင့် ကောလိပ်ကျောင်းကြီးများက သနားသဖြင့် ထုတ်ပေးလိုက်သော ပညာတတ်ကြောင်း အာမခံလက်မှတ်များလည်း ရခဲ့ပြီဖြစ်၍ ကောင်ကလေးမှာ ကိုယ့်ကိုကိုယ် ပြန်လည် ဆန်းစစ်ကြည့်နိုင်သော၊ သို့မဟုတ် ကြည့်ရဲသောကောင်ကြီး တစ်ယောက် ဖြစ်ခဲ့ပါပြီ။ သို့အတွက်လည်း ရံဖန်ရံခါ သူ့ဘာသာ ပြန်လည်သုံးသပ် ကြည့်တိုင်း (ဤနေရာတွင် အထူးသဖြင့် အရုပ်ကလေးနှင့် ပတ်သက်၍ သုံးသပ်ကြည့်သည့် အခါတိုင်း) တွင် သူ့ဘာသာ ကောက်ချက်တစ်ခု ချလေ့ရှိပါသည်။ ...လူဆိုတာ ဒီလိုပဲကိုး ဟူသော ကောက်ချက်သာ ဖြစ်ပါသည်။

ကောင်ကလေး၊ ကောင်မကလေးနှင့် အရုပ်ကလေးတို့၏ ဖြစ်ပျက်တရားများ အကြားတွင် များစွာ ပြောင်းလဲခဲ့ခြင်း မရှိခဲ့သည်မှာ အရုပ်ကလေးသာ ဖြစ်ပါသည်။ အရုပ်ကလေးကို ချုပ်လုပ်ထားသော ဖလံနယ်စအချို့မှာ အနည်းငယ် ညစ်ထပ်ထပ် ဖြစ်လာသည်မှအပ ကောင်ကလေးနှင့် ကောင်မကလေးကဲ့သို့ အသက်အရွယ်များ ကြီးရင့်လာခြင်း၊ အတွေ့အကြုံများ တိုးပွားလာခြင်း စသည်များ မဖြစ်ပေါ်ခဲ့ပါ။ သူနှင့် ကောင်မကလေးတို့ မတွေ့မကြုံခဲ့သည်မှာလည်း အရုပ်ကလေးနှင့် ကောင်မကလေးတို့ မတွေ့ခဲ့ကြသကဲ့သို့ ကြာလှပါပြီ။ ကောင်မကလေး၏ အကြောင်းများ၊ သတင်းများကို သူက အခွင့်အခါသင့်တိုင်း နားစွင့်နေတတ်ခဲ့သော်လည်း ကောင်မကလေးက သူ၏အကြောင်းများ၊ သတင်းများကို နားစွင့်နေခဲ့ပါသလား ဆိုသည်ကိုမူ ကျွန်တော်က ပြောပြနိုင်လိမ့်မည် မဟုတ်ပါ။ နားစွင့်နေပေလိမ့်မည် ဟု ပြောလိုက ပြောနိုင်ပါသော်လည်း ထိုပြောဆိုချက်မှာ မှန်းဆတွေးထင်ချက်ပေါ် အခြေခံသဖြင့် များစွာ ခိုင်မာလိမ့်မည် မထင်ပါ။ ကောင်ကလေး၏ဘက်မှ အချက်အလက်များကိုသာ ကျွန်တော်တို့ ခိုင်ခိုင်မာမာ ပြောပြနိုင်ကြသည် မဟုတ်ပါလား။

သို့သော်လည်း တစ်နေ့သောအခါက သူနှင့် ကောင်မကလေးတို့ ခရီးသွားဟန်လွဲ ပြန်လည် ဆုံစည်းခဲ့ကြပါသည်။ ကျွန်တော်တို့ အားလုံးကလည်း သူတို့ကို အနည်းဆုံး တစ်ကြိမ်ခန့် ပြန်လည် ဆုံစည်းခဲ့ကြစေချင်သည် မဟုတ်ပါလား။ သူတို့သည် ထိုစဉ်က ကိုယ့်ခရီးကိုယ် ထွက်လာကြရင်း အမှတ်မထင် ဆုံခဲ့ကြခြင်းသာ ဖြစ်ပါသည်။ သူတို့နှစ်ယောက်စလုံး၏ မျက်နှာများမှာ နှစ်ယောက်စလုံး၏ အာရုံသိများအတွင်းမှ

ဖျောက်ဖျက်ထား၍ ရနိုင်သည့် မျက်နှာမျိုးများ မဟုတ်ခဲ့ကြ၍ ချက်ချင်းလိုပင် မှတ်မိလိုက်ကြပါသည်။ ထိုစဉ်က မျှော်လင့်ခြင်း တစ်စုံတစ်ရာကို မှီ၍ တောက်ပြောင်လာခဲ့သော သူတို့၏ မျက်လုံးများအကြောင်းကို စကားပြောတတ်လျှင် ချမ်းမြသာစည်က သက်သေခံနိုင်ပါလိမ့်မည်။ ထိုခဏအတွင်းက သူတို့နှစ်ယောက်၏ အကြား၌ ပေါ်ပေါက်ခဲ့သော သာယာစဖွယ် ရှိလှသည့် လောကကြီး၏ အကြောင်းကိုမူ ကျွန်တော့်အဖို့ ဘာသာစကား တစ်စုံတစ်ရာကို ကြားခံဆက်သွယ်မှုပြုကာ ပြောပြရန်မှာ မဖြစ်နိုင်ပါ။ ကျွန်တော့်အဖို့ သင့်တင့်လျောက်ပတ်သော စကားလုံး၊ သို့မဟုတ် စာလုံးရှာ၍မရပါ။ ရှာ၍မရခဲ့ပါ။ ရှာ၍ရနိုင်လိမ့်မည် ဟူ၍လည်း မထင်လှပါ။

ကောင်မကလေးနှင့် သူတို့ပြောဆိုကြသော စကားများတွင်မူ ချစ်ကြောင်း၊ ခင်ကြောင်း၊ လွမ်းဆွေးကြောင်း၊ ပိုင်ဆိုင်လိုကြောင်း စသဖြင့် ဒြပ်မဲ့သော အနှစ်သာရ စကားလုံးများ မပါခဲ့ပါ။ သံယောဇဉ်တရား၏ ကလူကြည်စယ်ခန်း။ ကံတရား၏ ရက်စက်ယုတ်မာမှုများ။ ကာလတရား၏ ခန္တီပါရမီ နည်းပါးမှုများ... စသည့် အကြောင်းများသာ ပါသည်။ ငါတို့ နောက်ထပ် တွေ့ချင်မှ တွေ့ကြတော့မှာ။ နင်လည်း နင့်အလုပ်နဲ့နင်၊ ငါလည်း ငါ့အလုပ်နဲ့ ငါ။ ငါ့မှာ သားသမီးတွေလို ဖြစ်နေတဲ့ မိဘမဲ့ကလေးတွေ အများကြီးပဲ။ သူတို့နဲ့အတူ တောင်တန်းဒေသက လူတွေကို ဘုရားသခင်ရဲ့ မေတ္တာတော်ရစေချင်တယ်... စသဖြင့် ကောင်မကလေးက မဟာကရုဏာတော်၏ လွမ်းမောဖွယ် တေးတစ်ပုဒ်ကို ဆိုပြရင်း စကားစ သိမ်းလိုက်ရင်း လေယာဉ်ဘက်ဆီသို့ သွားရန် ဟန်ပြင်လိုက်ပါသည်။ ကောင်ကလေးကမူ ခေါင်းသာညိတ်၍ နေပါတော့သည်။ ထိုအခါမှ ကောင်မလေးက သူ့ကို သေချာကြည့်ကာ ဘုရားသခင် နင့်ကို စောင့်ရှောက်ပါစေ... ဟု ပြောလိုက်ရာ၊ ကောင်ကလေးက ပြုံး၍၊ ...ငါ့မှာ အရုပ်ကလေးရှိသားပဲ... ဟု ပြောလိုက်လေသည်။ ကောင်မကလေးက တစ်စုံတစ်ရာ ပြန်မပြောသော်လည်း ငါသိသားပဲဟူသော အကြည့်ဖြင့် အတန်ကြာအောင် သူ့အား ကြည့်ပြီးနောက် လေယာဉ်ဘက်ဆီသို့ ထွက်ခွာသွားပါတော့သည်။ ထို့နောက် သူနှင့် ကောင်မကလေးတို့ တစ်ကြိမ်မျှ ပြန်၍ မတွေ့ကြတော့ပါ။

ဤမှာပင် ကောင်ကလေးနှင့် ကောင်မကလေးတို့ ဇာတ်လမ်းမှာ ပြီးဆုံးခဲ့ရပါသည်။ ကောင်ကလေးနှင့် ပျော့အိပျော့တွဲ ဖြစ်နေသော အရုပ်ကလေးတို့သာ စာအုပ်ပုံကြီးများအတွင်း ငြင်းဆို၍ မရနိုင်သော ဘဝ၏ဖြစ်တည်နေမှုအတွင်း ခရီးဆက်ခဲ့ကြပါသည်။ ကျွန်တော့်အဖို့မှာမူ တစ်ခုသာ ပြောပြနိုင်ပါတော့သည်။ ကောင်ကလေး၊ ကောင်မလေးနှင့် အရုပ်ကလေးတို့၏ အကြားတွင် မျှော်လင့်ခြင်းကင်းပသည့် တွယ်တာမှုသည် အမှန်တကယ် တည်ရှိနေခဲ့ပြီ သာမက၊ လွမ်းဆွတ်သတိရဖွယ် ဖြစ်နေရခြင်း အဖြစ်သည် ပျော်ရွှင်မြူးထူးစွာဖြင့် သူတို့နှင့်အတူ သူတို့၏ နောက်ဆုံးနေ့ရက်များအထိ အတူတကွ နေထိုင်သွားတော့မည် ဆိုသည့် အကြောင်းတစ်ရပ်သာ ဖြစ်ပါသည်။

ဒင်ကြီးနှင့် ငှက်ခါးတို့၏ အစာရှာထွက်ခဲ့ကြခြင်း အကြောင်းများ

အကျွန်ုပ်တို့ကို ကိုယ်တော်ထံ ပြန်လာခွင့်ပြုတော်မူပါ။ ပြန်လာကြပါမည်။

(ပရိဒေဝဂီတကျမ်း ၅း၂၁)

ရွက်ကြမ်းရေကျိုမျှသာ ဖြစ်သော မြို့ပြ၏ ပြက်လုံးများအား မြည်းစမ်းကြည့်ရန် ကျွန်တော်တို့ စဉ်းစားကြည့်မိကြပါသည်။ ကွန်ကရစ် အဆောက်အအုံများ အကြားမှ ပေါ်ပေါက်လာတတ်သော မြို့ပြယဉ်ကျေးမှုများမှာမူ နှစ်ဆယ်ရာစု ကာလဦးမှစ၍ ရပ်တန့်မနေခဲ့တော့ပါ။ မိုဟန်ဂျိုဒါရိုနှင့် ဟာရပ္ပမှ ပေါ်ပေါက်ခဲ့သော ယဉ်ကျေးခြင်း၏ အရင်းအမြစ်များကို ဆွေးနွေးရန် မေ့လျော့ခဲ့ကြပြီလား။ စင်စစ် ထိုကိစ္စမှာ ကျွန်တော်တို့ များစွာကျွမ်းကျင်လှသော ကိစ္စတစ်ရပ် မဟုတ်။ သို့အတွက် ကျွန်တော်က မငြင်းဆိုနိုင်ပါ။ ငြင်းဆို၍ ငြင်းဆိုခြင်းနှင့် ငြင်းဆို၍ လက်ခံခြင်း အကြောင်းများကိုမူ ခေတ်သစ်ယုတ္တိဗေဒသမား တစ်ယောက်ယောက်ကသာ ရှင်းပြနိုင်လိမ့်မည် ထင်ပါသည်။

ကျွန်တော်ကမူ လောကကြီး၏ ပျော်ရွှင်ဖွယ်ကောင်းသည့် အကြောင်းများကိုသာ တွေးကြည့်နေချင်ပါသည်။ လောကကြီးသည် အမြဲတစေ ပျော်စရာကောင်းခဲ့လျှင် ပျော်စရာကောင်း၍သာ နေပေမည်ဟု တွေးပါသည်။ သူကမူ အကယ်၍သာ လောကကြီးသည် အမြဲတစေ ပျော်စရာကောင်းနေခဲ့ပါလျှင် ပျင်းစရာကောင်းလာပေမည် ဟု ပြောပါသည်။ ‘တစ်စုံတစ်ရာ’ နှင့် ‘အလုံးစုံ’ တို့ကို ဘာသာစကား အခြေပြု၍ ညှိကြည့်နိုင်ကြရန် ကျွန်တော်တို့ လမ်းလေးဝတွင် ရပ်လိုက်မိကြပါတော့သည်။

ထိုအခါကမူ လောကကြီး၏ စနစ်တကျ မရှိလှပုံအကြောင်းများကို ကွမ်းတစ်ငုံမျှ ကြာအောင်ပင် ကျွန်တော်တို့ အချိန်ယူ၍ မစဉ်းစားခဲ့ကြပါ။

***

…ထိုသို့ စဉ်းငယ်မျှ စနစ်တကျ မရှိလှသော လောက၏ ရင်ပြင် တခုတွင် လှည့်ပတ်၍ ဖွေရှာစားသောက် နေထိုင်ကြရန်အတွက် ကျွန်တော်တို့ ခရီးထွက်ခဲ့ကြပါတော့သည်။ ခရီး၏အစ၌ပင် လမ်းဆုံ၊ လမ်းထောင့် တစ်နေရာတွင်

ခရီးတစ်ထောက် နားခဲ့ကြပါသည်။ လောက၏ သာယာစဖွယ်ရှိသည် ဆိုခြင်းများမှာ ထိုအခါက ထိုနေရာတွင် မရှိခဲ့ပေ။ လောက၏ သာယာဖွယ်ရှိ နေခြင်းများအား ရှာကြံ၍ သာယာတတ်ရန် နည်းလမ်းရှာတွေ့လိမ့်မည် ဟု တွေးမိသော် ကျွန်တော်တို့၏ အမှားများသာ ဖြစ်လိမ့်မည် ဆိုသည်ကို ထိုစဉ်က မတွေး၊ မထင်၊ မမြင်၊ မဆင်ခြင်မိခဲ့ကြ။

မျှော်လင့်ခြင်းများစွာတို့သည် ထိုစဉ်က ဦးတည်ရာတစ်ရပ် ဖြစ်ခဲ့ကြပါသည်။ စင်စစ် ကျွန်တော်တို့သည် ဆင်ခြင်တုံတရားကို စနစ်တကျ မသုံးခဲ့ကြဘူးလားဟု ယခုအခါတွင် ပြန်လည် စဉ်းစားကြည့်မိပါသည်။ စနစ်တကျ ဆင်ခြင်ခြင်းများ ဘယ်မှာပါလဲ...။ ဒေးက၊ စပင်နိုစာ၊ လိုက်ဘနေ့(ဇ) တို့၏ နေ့ရက်များအတွင်းက လူများသာ ဆင်ခြင်ခြင်းကို စနစ်တကျ သုံးတတ်သည်ဟု ပညာတတ် တစ်ယောက်ယောက်ကသာ ကျွန်တော့်ကို (ထိုစဉ်က) ပြောပြခဲ့ပါက ကျွန်တော့်အဖို့ အတိတ်များကို အနာဂတ်အဖြစ်သာ မျှော်လင့်ရပါတော့မည်။ ဆင်ခြင်ခြင်းကို လိုအပ်သမျှသာ ထုတ်၍သုံးသင့်သည် ဟု သူက ခိုင်ခိုင်မာမာ ပြောလိုက်ရင်း ကျွန်တော်တို့နှင့်အတူ လမ်းထောင့်တစ်နေရာတွင် ရပ်လိုက်ကာ ခရီးတစ်ထောက် နားလိုက်ကြပါသည်။

သူသည် လုပ်သင့်သော အလုပ်တစ်ခုကို လုပ်ခဲ့ပါသလား...၊ မလုပ်သင့်သော အလုပ်တစ်ခုကို လုပ်ခဲ့ပါသလား...၊ သို့မဟုတ် လုပ်သင့်သော အလုပ်တစ်ခုကို မလုပ်ခဲ့ဘူးလား၊ သို့တည်းမဟုတ် မလုပ်သင့်သော အလုပ်တစ်ခုကို မလုပ်ခဲ့ပေဘူးလား... ဆိုသည်များကိုမူ ကျွန်တော်က သူမဟုတ်၍ သူ၏ကိုယ်စား အဖြေတစ်စုံတစ်ရာ ပေးနိုင်လိမ့်မည် မဟုတ်ပါ။ သူနှင့်ပတ်သက်၍ ကျွန်တော် ပြောပြနိုင်သော အကြောင်းများလည်း ရှိပါသည်။ သူသည် စပ်ကြားလူ့အဖွဲ့အစည်းကြီး အတွင်း နှစ်လိုဖွယ်ရှိခြင်း၊ မုန်းတီးဖွယ်ရှိခြင်း စသည်တို့အပေါ် ဥပေက္ခာထားနိုင်သည် သာမက ကြက်ပေါင်စေးဖြင့် ပြုလုပ်ထားသော ပေတံတစ်ချောင်းကိုပါ တီထွင်ထားနိုင်ခဲ့ခြင်းပင် ဖြစ်လေသည်။ ကျွန်တော် မှတ်မိနေပါသေးသည်။ တစ်ခါက ခေါင်းမာသော ပညာတတ်ကောင်ကလေး တစ်ယောက်သည် တစ်ပေတွင် ဆယ့်တစ်လက်မသာ ရှိကြောင်း အကြောက်အကန် ငြင်းဆိုသောအခါ သူသည် ကျွန်တော်တို့ဘက်သို့ လှည့်၍ “တစ်လက်မလောက်တော့ ဖြတ်ပေးလိုက်ကြ တာပေါ့ဗျာ”...ဟု ဆိုကာ၊ တစ်စုံတစ်ရာ အကြောက်အကန် ပြန်လည်ငြင်းဆိုခြင်း မပြုတော့ဘဲ၊ ပေတံမှ တစ်လက်မ ဖြတ်ပေးလိုက်ခဲ့ကြပါသည်။ (ထိုပေတံကိုမူ ကျွန်တော်တို့ တစ်ခါမျှ မသုံးခဲ့ကြပါ။)

ရံဖန်ရံခါ ဖရေဇာလမ်းပေါ်က ထွန်းသန်း စတိုးတွင် တက်ထရွန်အင်္ကျီ တစ်ထည် ခုနစ်ကျပ်ခွဲနှင့် ဝယ်၍ ရခဲ့သည့်အကြောင်း၊ ရွှေမြ စတိုးဆိုင်တွင် တူတံဆိပ် ထောပတ်တစ်ဘူး သုံးကျပ်ခွဲ ပေးရကြောင်းများအား သူက ပြောပြသည့်အခါ ဟသ်ာပုံနှင့် ဆယ့်ငါးပြားတန် တံဆိပ်ခေါင်းကိုမျှ မမြင်ဖူးခဲ့သော ကျောင်းသားတစ်ယောက်က သူ့အား

အဆန်းတကြယ် ကြည့်နေခဲ့သည်ကို တွေ့ခဲ့ရဖူးပါသည်။ ကျွန်တော်တို့ကမူ သူ၏နောက်ကွယ်တွင် သာသာပြုံးခဲ့ကြပါသည်။ အေးငြိမ်းမှုကို သူက ရှာဖွေတွေ့တတ်ပါသည်။ ကျွန်တော်တို့ကမူ အေးငြိမ်းမှု ရှာဖွေရာတွင် စိတ်ဝင်စားစရာဖြစ်ရန် အလို့ငှာ မောဟကို နေ့စဉ် မိုးလင်း၍ မျက်နှာသစ်ပြီးတိုင်း တစ်မတ်သားခန့် စားသုံးခဲ့ကြပါသည်။

သူနှင့် ကျွန်တော်တို့၏ သီးခြားစွာ ဖြစ်တည်နေခဲ့ကြသော ဘဝ၏ ဖြစ်နေခြင်းအတွင်း ကျွန်တော်တို့ တစ်ခါကမျှ တစ်ယောက်ကို တစ်ယောက် အပြစ်မတင်ဖြစ်ခဲ့ကြပါ။

***

အမှတ်သညာများ ကင်းမဲ့စွာဖြင့် အမှားပေါင်းများစွာ ကျူးလွန်ခဲ့ဖူးသော ကျွန်တော်၏ အမှားပေါင်းများစွာအနက် သူနှင့်စပ်လျဉ်းခဲ့သော အမှားတစ်ခုအကြောင်း ပြောပြစမ်းပါရစေ။

အမှတ်အသားများက မမှားခဲ့ဘူးဟုဆိုလျှင် ထိုအခါက ကျွန်တော်တို့သည် တက္ကသိုလ်လေ့သင်း၏ ဓားလွယ်ခုတ်ရှိ ဘူးသီးကြော်ဆိုင်တွင် ထိုင်ကာ အင်းလျားကန်၏ ရေမျက်နှာပြင်ပေါ်တွင် ပြောင်းရွှေ့နေခဲ့သော အလင်းရောင်များ အကြောင်းကို သာယာစွာ ငြင်းခုံခဲ့ကြပါသည်။ ကျွန်တော် က သူ့ကို ဂျီအီးမိုး၏ အဝါရောင်နယ်မြေအတွင်း ဆွဲခေါ်သွားခဲ့ပါသည်။ သူကမူ ရေကန်စပ်၌ ဒင်ကြီးငှက်များ၏ စနစ်တကျ အစာရှာတတ်ပုံကို ကြည့်ကာ ဝင်စားလျက်ရှိပါသည်။ ဆောင်းနှင့်လည်း ဝေးသေးသဖြင့် ထိုအခါက အင်းလျားကန်စပ်တွင် ငါးရှာနေကြသော ဒင်ကြီးငှက်ကို ကျွန်တော်တို့ မျက်မြင်တွေ့ခဲ့ကြပါသည်။

ကျွန်တော်၏ အလျော်ကောင်းမှုကြောင့် ဂျီအီးမိုး၏ အဝါရောင် နယ်မြေထဲသို့ သူက လိုက်ပါလာခဲ့သော်လည်း ကနဦး ရှိရင်းစွဲ သံသယများအား သူနှင့်အတူ သယ်ဆောင်လာခဲ့သည် ဟု ကျွန်တော်က ထင်မိသော်လည်း မမြင်မိ။ အပြစ်တင်ချင်ကြသည်ဟု ဆိုလျှင် 'စတက်ဘင်' ကို တိုက်ပုံအင်္ကျီအတွင်း သူ ထည့်ယူလာခဲ့သည်ကို မရိပ်မိခဲ့သော ကျွန်တော့်ကိုသာ အပြစ်တင်ကြပါတော့။ 'မိုး' ၏ အဝါရောင်နယ်မြေအတွင်း သာယာနေခဲ့မိသော ကျွန်တော့်ကိုသာ အပြစ်တင်ကြပါတော့။ သူကမူ ဝိစိကိစ္ဆာနည်းလှကုန်သော ဒင်ကြီးငှက်များ အစာရှာနေကြပုံကို ကြည့်၍ လောက၏ သာယာစဖွယ်ရှိနေခြင်း အကြောင်းကိုသာ ပြောဆိုနေခဲ့ပါသည်။ ထွက်ပေါက်မတွေ့ သော အခါတွင်မူ ကျွန်တော်သည် အဘယ့်ကြောင့် ဂျီအီးမိုးက ကျွန်တော့်အတွက် တံခါးပေါက်တစ်ပေါက် ဖောက်မထားခဲ့ကြောင်း

စဉ်းစားကြည့်မိပါတော့သည်။ ထိုစဉ်က အဖြေရှာမရခဲ့သော ပြဿနာတစ်ခုမှာ ယခုတိုင် အဖြေမရသေးသော်လည်း နောင်တွင်လည်း အဖြေတစ်စုံတစ်ရာ ရလိမ့်မည်ဟု ကျွန်တော် အာမမခံနိုင်ပါ။

သူက ရွှေသွားများပေါ်အောင် ပြုံးရင်း ကျွန်တော်၏ ပြဿနာအတွက် ဆင်ခြင်နိုင်ရန် လမ်းစတစ်ခု ထုတ်ပေးပါသည်။ ကျွန်တော်တို့မှာ ရွေးချယ်ခဲ့ကြသူများ မဟုတ်ကြဘဲ ပစ်ချထားခြင်း ခံခဲ့ရသူများသာ ဖြစ်ကြောင်း ကျွန်တော်တို့ ကာလရှည်ကြာစွာ မေ့လျော့ခဲ့ကြသည် မဟုတ်ပါလား။ သို့ကြောင့် ကျွန်တော့်တွင် အမှန်တကယ် လိုအပ်နေခဲ့သည်မှာ ပြဒါးမပြယ်သေးသော မှန်တစ်ချပ်သာလျှင် ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ သို့အတွက် မိုးရုံသို့တက်ကာ တိမ်ညွန့်များစားရန် ရည်သန်ခဲ့သော ကျွန်တော်၏ စိတ်ကူးထည်များအား အမှိုက်ပုံးထဲသို့ လွှင့်ပစ်လိုက်ရင်း တကယ့်ဘဝကြီးအတွင်း ခုန်ဆင်းကြည့်ရန် စဉ်းစားကြည့်မိလိုက် ပါတော့သည်။

ထိုအခါ၌ ပညာတတ်တို့၏ မြို့တော်ကြီးတွင် ပညာတတ်ကောင်ကလေး အချို့တို့သည် ဆန်းကြယ်လှကုန်သော တက္ကဗေဒအစုံစုံကို အခြေခံ၍ စစ်တုရင်ပွဲတစ်ပွဲ ကျင်းပလျက်ရှိကြောင်း ကြားလိုက်ရပါသည်။ ဥဇဘက်ပြည်ပြန် ကောင်ကလေးတစ်ယောက်ကမူ ‘အရင်းကျမ်း’ကို ဘာသာပြန်၍ ‘တောင်ဇဗ္ဗူပိုင်’ အလိုက်အတိုင်း သီဆိုနိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ စဉ်းငယ်မျှ စနစ်မကျလှသော ကျွန်တော်တို့၏ လောကကြီးကို ခြူး ဆေးပေါ့လိပ်၏ မီးခိုးငွေ့များ အတွင်းမှ ကြည့်ရင်း ဘဝ၏အဓိပ္ပာယ်နှင့် ဘဝ၏သစ္စာကို ရှာဖွေတွေ့ရှိခဲ့သူ တစ်ယောက်ကမူ မိုးကောင်းကင်ကြီးကို ကြည့်ကာ မိုးနတ်အား “ရှာလိုရှာလော့”...ဟု ဆိုနေကြောင်း ကြားလိုက်ရပါသည်။ အနာဂတ်ကြို သရုပ်မှန်ဝါဒ၏ အရှင်သခင်ကြီးမှာလည်း ရုပ်ရှင်ရုံများဘက်ဆီသို့ ထွက်ခွာသွားပါပြီ။ အာရုံသစ်များကမူ ကျွန်တော့်အား နှိုးဆော်လှုပ်ရှားနေဆဲ။ နံပါတ်ရှစ်ကားစပယ်ယာက “အင်းစိန်ကို... အင်းစိန်ကို...” ဟု ဆိုသောအခါ သူသည် ထော့ကျိုး၊ ထော့ကျိုးဖြင့် ဘတ်စကားမီရန် ပြေးပါတော့သည်။ သူသည် စမ်းချောင်းကလေး၏ နဘေးတွင် ဘဝ၏ကျေနပ်စဖွယ် ဖြစ်ရခြင်း၌ မြဲခဲ့ပြီ၊ သာယာခဲ့ပြီဟု မှန်းဆကြည့်မိပါသည်။

ထိုအမှန်းအဆကား စနစ်တစ်စုံတစ်ရာ၌ အခြေမခံခဲ့သော်လည်း မှန်ကန်ပါစေလေ။

***

ညစ်နွမ်းစပြုသော ကမ္ဘာလေထုကြီးကို သန့်စင်စေရန် လည်းကောင်း၊ မီးခိုးထွက်ခြင်း မရှိသော နွားများကို ကြည့်ရှုလေ့လာကာ မော်တော်ကားများအား

မြက်ကျွေးသင့်၊ မသင့် ဆိုသည်ကို လည်းကောင်း၊ ညောင်ဦးကမ်းပါး ပြိုခြင်းနှင့် စမ္မနွဂိရိမှ နွားမ ပေါင်ကျိုးရခြင်း အကြား၌ တွေ့ရှိခဲ့ရသော ယုတ္တိဗေဒ တစ်စုံတစ်ရာအား လက်ခံရန်ကို လည်းကောင်း၊ သို့မဟုတ် ငြင်းဆိုရန်ကို လည်းကောင်း... ကျွန်တော်တို့သည် ပညာတတ်တို့၏ မာနများစွာကို အခြေခံရင်း လက်ဖက်ရည်ခွက် မြောက်မြားစွာအတွင်း မုန်တိုင်းဆင်ခဲ့ကြပါသည်။ အေဂျီယာန်ပင်လယ် တစ်ကြောမှ စတင်လိုက်သော တွေးခေါ်ခြင်းစံနစ်များ၊ တွေးခေါ်ခြင်းပုံစံများသည် အဘယ့်ကြောင့် လှိုင်မြစ်ထဲအထိ မျောပါလာခဲ့သည်ကို ကျွန်တော် စဉ်းစားမိခဲ့သော်လည်း အဖြေမပေါ်။ ကျွန်တော်တို့တွင် အတွေးအခေါ် တစ်စုံတစ်ရာကို ဖော်ထုတ်နိုင်စွမ်း မရှိသော ခေါင်းများဖြင့် မွေးဖွားခဲ့ကြပါသလား။ ပုစွန်နံ့ သင်းနေသော အတွေးအခေါ်ပုံစံများဖြင့် အဘယ်ကြောင့် မတွေးချင်၊ မခေါ်ချင်ပါသလဲ။ သို့မဟုတ် မတွေးရဲ၊ မခေါ်ရဲ ဖြစ်ခဲ့ကြပါသလား။ သို့တည်းမဟုတ်၊ ပုစွန်နံ့ နံမည်ကို ရှက်စရာဟု ထင်ခဲ့မိကြပါသလား။ ကျွန်တော့်တွင် အဖြေမရှိပါ။

ဆင်ခြင်ခြင်းပုံစံများ မတူညီခဲ့ကြသော်လည်း ကျွန်တော်တို့သည် ပညာတတ်များပီသစွာ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်ရေးကိုမူ လက်ခံထားခဲ့ကြပါသည်။ နေ့တစ်နေ့ ကုန်ဆုံးရန် နီးကပ်လာပြီဟု ဆိုသောအခါတွင်မူ ကျွန်တော်တို့၏ ဆင်ခြင်ခြင်း နည်းလမ်းများကို လွှင့်ပစ်လိုက်ကြပါသည်။ အသင်းတော်ကြီးတွင် ကပြမည့်သူ၏ ပြဇာတ်တွင် ဇာတ်သိမ်းခန်းအကြောင်း သူက ဆွေးနွေးပါသည်။ ကက်စတီဗင်၏ အဖေနှင့်သားအကြောင်း ကျွန်တော်က ဆိုပါသည်။ သူက ဘဝ၏ငြိမ်းအေးရာ ငြိမ်းအေးကြောင်းများ ပြောသောအခါ ကျွန်တော်က ဘဝ၏ ပျင်းရိဖွယ်နေ့ရက်များ သာယာဖွယ်အကြောင်းကို ဆိုမိပါသည်။

ထိုအခါ၌ အင်းလျားကန် ရေမျက်နှာပြင်တွင် နေက လိမ္မော်ရောင်ကို ခြယ်သထားခဲ့ပါသည်။ ရေစပ်တွင် တွေ့ရသော ငှက်အချို့အား ကြည့်ကာ သူက မြင်သလား၊ ဟိုမှာ ဒင်ကြီးငှက်တွေဗျာ... ဟု ပြောသောအခါ ကျွန်တော်က ငှက်ခါးတွေ ထင်ပါရဲ့ဗျာဟု ပြောမိလိုက်ပါသည်။ သူက ငါးသလောက်ပြုံး ပြုံးရင်း... ခင်ဗျား၊ ငှက်ခါးကို နီးနီးကပ်ကပ် ဘယ်မှာ မြင်ဖူးလို့တုံး... ဟု မေးပါသည်။ တံဆိပ်ခေါင်းထဲမှာပေါ့ဗျာ... ဟု ကျွန်တော်က ဆိုသောအခါ သူသည် သူ၏အပြုံးများကို ရပ်တန့်၍ အသံထွက်အောင် ရယ်ပါတော့သည်။ ထို့နောက် ကျွန်တော်တို့သည် ပြန်လည် အသုံးမပြုနိုင်တော့သော နေ့တစ်ခုကို ကျေနပ်သာယာစွာဖြင့် အသာအယာ လုံးချေလိုက်ပြီး အမှိုက်ပုံးထဲသို့ လွှင့်ပစ်လိုက်ခဲ့ကြ ပါတော့သည်။

ပညာတတ်တို့၏ မြို့တော်မှ ကျွန်တော်တို့ စွန့်ခွာခဲ့ကြသည်မှာ ကြာပါပြီ။

စပ်ကြားလူ့အဖွဲ့အစည်း အတွင်းမှ ဂီတသံများ လွင့်လာသောအခါ၌၊ ကျွန်တော်တို့သည် ဆုံးပါးသွားခဲ့သော ကာလတရား၏ အသုဘအခမ်းအနားသို့ တက်ရောက်ရန်အတွက် မျက်နှာပိုး သတ်လိုက်ကြပါသည်။ 'အီမာန် နျူအလ်ကန့်' သည်

အဘယ့်ကြောင့် ကာလတရားကို သတ်ဖြတ်ရန် နည်းလမ်းများ မထားရစ်ခဲ့သည်ကို ကျွန်တော် စဉ်းစားမိလိုက်၍ စိတ်ပူစပြုလာပါသည်။ ကာလနှင့် အာကာသတို့ ဆက်နွယ်နေပုံမှာ အလျားလိုက်လား၊ ဒေါင်လိုက်လား ဟူသည်မှာ စဉ်းစားစရာ ဖြစ်လာပါတော့သည်။

ရှိမန်တစ်ဝါဒကို ဘာသာပြန်၍ ထူထောင်ရန် ကြိုးပမ်းခဲ့ကြသော ကျောင်းသားအိုတို့က မြကျွန်းသာဟု ဆိုခဲ့သော အရပ်သည် ယခုတိုင် လှပဆဲ၊ သာယာဆဲဟု ကြားသိရပါ၏။ ယခုအခါ အင်းလျားကန်စောင်းသို့ ဆောင်းဥတု ရောက်ရှိခဲ့ပြီလား မသိပါ။ ဒင်ကြီးငှက်များကို မတွေ့ရတော့ဘူး ဆိုလျှင် ဆောင်းသို့ ရောက်ခဲ့ပြီဟု ဆိုရပါလိမ့်မည်။ တစ်ယောက်ယောက်က (ဤနေရာတွင် ပညာတတ်ကောင်ကလေး တစ်ကောင်ကောင်က) ဆောင်းဥတုသို့ ရောက်ခဲ့ပြီးဖြစ်၍ ဒင်ကြီးငှက်များကို မတွေ့ရတော့ဘူးဟု ဆိုလျှင် ကျွန်တော်က အကြောက်အကန် မငြင်းလိုသော်လည်း၊ ကျွန်တော့်အဖို့မှာမူ ဒင်ကြီးငှက်များကို မတွေ့ရတော့၍သာ ဆောင်းသို့ ရောက်ခဲ့ရပါပြီဟု မှတ်သားထားလိုက် ပါတော့မည်။ သူကမူ အမြဲတစေ ကောင်းမွန်နေသော နှလုံးသားအား စဉ်းငယ်မျှ ပျက်စီးမသွားစေခြင်းငှာ သင့်တင့် လျောက်ပတ်ရာတွင် ကောင်းမြတ်သော ကာလတစ်ခု၌ ရပ်တန့်ပစ်ခဲ့ပေပြီ။

ဆောင်းဥတုများစွာ ကုန်ဆုံးသွားသည့် အခါတိုင်းတွင်မူ အင်းလျားကန်စပ်သို့ ပျံသန်းလာကြသော ငှက်များစွာတို့အနက် ဒင်ကြီးနှင့် ငှက်ခါး တစ်ကောင် နှစ်ကောင်လည်း ပါလာကြလိမ့်မည် ထင်ပါသည်။

■

နိဒါန်း၌ပင် မှားခဲ့သော အတွေ့အကြုံရှေ့အဆိုဝါဒီ၏ ဆင်ခြေ

(က)

အသိပညာ နုန့်နဲ့ပုံရသော လူတစ်ယောက်က ရည်ရွယ်ရင်းအကြောင်း တစ်စုံတစ်ရာမရှိဘဲ ကျောက်လမ်းနံဘေးရှိ ဓာတ်မီးတိုင်ကိုမှီရင်း မိုးကောင်းကင်ကြီးအား ကြည့်နေမိသည့် ကျွန်တော့်ကို “ဘာလုပ်နေတုံး... ကိုယ့်လူ” ဟု ဆိုပါသည်။ ဘယ်အချိန်ကတည်းက ကျွန်တော်သည် သူ၏ အသိခံအရာ ဖြစ်နေခဲ့သည်ကို ကျွန်တော် မသိခဲ့ပါ။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း မည်မျှကြာအောင် ဓာတ်မီးတိုင်မှီရင်း မိုးကောင်းကင်ကို ကြည့်နေခဲ့မိသည်မသိ။

ကျွန်တော် သိသည်မှာ မိုးကောင်းကင်ကြီး၏ မည်းမှောင်နေခြင်း၊ ထိုမိုးကောင်းကင်ကြီး၌ ကြယ်များနှင့် လကို မတွေ့ရခြင်း၊ ညသည် ငြိမ်းချမ်းစွာ ငြိမ်သက်လျက်ရှိခြင်း၊ ခပ်လှမ်းလှမ်းတွင် ရှိနေသော မြစ်၏ မျက်နှာပြင်ကို ဖြတ်သန်းခဲ့ပြီးနောက် ကျွန်တော့်ကိုပါ ခလုတ်တိုက်သွားခဲ့သော မြစ်၏ အခြားတစ်ဖက်ကမ်းမှ လေတို့၏ သစ်လွင်နေခြင်းနှင့် မှတ်မှတ်ရရ မဟုတ်သော်လည်း ကျွန်တော်သည် လေတချို့တို့ကို ရှူသွင်းပြီးတိုင်း ပြန်လည်၍ ရှူထုတ်လိုက်ခြင်းဖြင့် လေများစွာတို့ကို ဖြုန်းတီးနေခဲ့ခြင်း စသည်တို့ ဖြစ်ပါသည်။

ရှူထုတ်လိုက်သော လေနှင့် ရှူသွင်းလိုက်သော လေ၏ မတူညီကြပုံများကို သိချင်လျှင် နောင် တွေ့ကြသည့်အခါတွင် ကျွန်တော် ရှင်းပြပါမည်။ ယခုသော် ကြယ်များနှင့်လ ကင်းပလျက်ရှိသော ကောင်းကင်ကြီးနှင့် အစရှိသည်တို့ အကြောင်းကို သင့်အား ပြောပြစမ်းပါရစေ။

သူ့ကို ကျွန်တော်က မည်သို့ ရှင်းပြရပါမည်လဲ။ “ကျုပ်ဘာသာကျုပ် ဘာလုပ်လုပ် ခင်ဗျားအပူလား” ဟု ပြောသင့်ပါသလား။ အကယ်၍ သူက “ကျုပ်အပူတော့ မဟုတ်ပေဘူး။ သို့ပေတဲ့ သိချင်လို့ပါ” ဟုဆိုလျှင် ကျွန်တော်က မည်သို့မည်ပုံ စကားဆက်ကြရပါမည်လဲ။ “သိချင်လို့ပါ”ဟု ဆိုသော သူ့ဆန္ဒကို ကျွန်တော်က တားဆီးသင့်ပါသလား။ သင်က မည်သို့ ထင်ပါသလဲ။

သူသိချင်သည်ကို ကျွန်တော်က တားမြစ်လိုက်ခြင်းဖြင့် သင့်အဖို့ ကျွန်တော့်အား မြို့ပြလူ့အဖွဲ့အစည်း၏ သို့မဟုတ် မြို့ကြီးသားတို့၏ ရိုင်းစိုင်းမှု မျိုးတူစုအတွင်း ထည့်ထားလိုက်ရန် အခွင့်အရေးတစ်ရပ် ရလိုခဲ့သည် မဟုတ်ပါလား။ ကျွန်တော်သည် ထိုမျှ အသိပညာအရာတွင် နုံနဲ့လှသည် မဟုတ်လှပါ။ ကျွန်တော်တို့သည် သူကဲ့သို့

အသိပညာအရာတွင် ညံ့ဖျင်းခဲ့ကြသည်မဟုတ် ဆိုခြင်းကိုမူ သင်ကပါ သဘောတူသည် မဟုတ်ပါလား။ ဤနေရာတွင် ကျွန်တော်တို့အကြား သဘောတူညီချက် တစ်စုံတစ်ရာ ရရှိခဲ့သည်ဟု ယာယီလက်ခံထားကြပါစို့။

သို့ ဖြစ်လျှင်… ကျွန်တော်က "ကျွန်တော်သည် ကျောက်လမ်းဘေးက ဓာတ်မီးတိုင်ကိုမှီကာ မိုးကောင်းကင်ကြီးကို ကြည့်နေပါသည်" ဟု ဖြေလိုက်ပါမည်။ ဤသည်ကို အဖြေဟု ခေါ်ပါသည်။ ကျွန်တော်၏အဖြေမှာ သင်၏ ကျေနပ်မှုနှင့်သော် လည်းကောင်း၊ သဘောထားချင်း တိုက်ဆိုင်မှုနှင့်သော် လည်းကောင်း မသက်ဆိုင်သကဲ့သို့ သူ၏ ကျေနပ်မှုနှင့်သော် လည်းကောင်း၊ သဘောထားချင်း တိုက်ဆိုင်မှုနှင့်သော် လည်းကောင်း ဆိုင်လိမ့်မည် မဟုတ်လှပါ။

မိုးကောင်းကင်ကြီးတွင် ကြယ်များနှင့်လ,တို့ မရှိကြပါ။ ဓာတ်မီးတိုင်တွင် မီးလုံးမရှိပါ။ ခပ်လှမ်းလှမ်းတွင် မြစ်၏ ရှိနေခြင်းကို သိရပါသည်။ အလုံးစုံမှာ အမှောင်မည်းနေသဖြင့် မြင်ရသည် မဟုတ်ပါ။ မြင်၍သိရသည် မဟုတ်ပါ။ သိရှိထားခဲ့၍ သိရှိနေခြင်းသာ ဖြစ်သည်။ မြစ်၏ အခြားတစ်ဖက်ကမ်းက တောင်ရိုးပေါ်တွင်မူ သူတော်စင်များ နေကြပါသည်။ မြစ်ဘက်မှ လေအချို့တို့က တိုက်ခိုက်လေတိုင်း စေတီတို့မှ ဆွဲလည်းတို့၏ နာချင့်စဖွယ် သာယာသံတို့ကို ကြားရတတ်ပါသည်။ လေပြင်းပြင်း တိုက်ခတ်လိုက်သည့် အခါတိုင်း ရင်ပြင်ပေါ်တွင် ကျကြွေနေခဲ့သော ဥသျှစ်သီးများ လှုပ်သွားတတ်သည်ကို မြင်ရ၍ မဟုတ်သော်လည်း တွေ့ခဲ့ရဖူး၍ အမှတ်ရနေမိပါသည်။ ယခုလောလောဆယ်တွင်မူ ပြုတ်ကျနေခဲ့သော ဥသျှစ်သီးများ ရင်ပြင်ပေါ်တွင် ရှိ,မရှိ ဆိုခြင်းကို ကျွန်တော်က ပြောပြနိုင်လိမ့်မည် မထင်ပါ။

ကျွန်တော့်အနေဖြင့် ပြောပြနိုင်မည်ဖြစ်သော အကြောင်းအရာတစ်ခုမှာ မှောင်သောညတစ်ခုအတွင်း ပစ်ချထားခြင်း ခံထားရသော ကျွန်တော်သည် မီးလုံးမရှိသော ဓာတ်မီးတိုင်ကိုမှီရင်း ကြယ်များနှင့်လ,တို့ မရှိသည့် ကောင်းကင်ယံကို ကြည့်ကာ ငြင်းပယ်ရန် မဖြစ်နိုင်သည့် ဖြစ်နေခြင်းတစ်ခုအတွင်း တည်ရှိနေခြင်းသာ ဖြစ်ပါသည်။ မြစ်နှင့် တောင်ရိုးတို့ အကြောင်းကို တိတိပပ မပြောနိုင်သည့် အကြောင်းမှာ အမှောင်ထု ခြားနားထားသဖြင့် ကျွန်တော့်အနေဖြင့် သိရုံသာ သိနိုင်ပြီး မျက်မြင် တွေ့ကြုံခံစားနိုင်ခြင်း မရှိ၍ ဖြစ်ပါသည်။

ညမှာမူ မှောင်၍သာ ရှိပါသည်။

ယခုအခါ ကျွန်တော်၏အလှည့်ကို ရောက်ခဲ့ပါပြီ။ ကျွန်တော်က သူ့ကို မေးရပါလိမ့်မည်။ "ခင်ဗျားကော အချိန်မတော်ကြီး ဒီမှာ ဘာလုပ်နေသတုံး"။ ကျွန်တော့်တွင် အဖြေတစ်စုံတစ်ရာကို ဖြေနိုင်သည့် အခွင့်အရေး ရှိသည်သာမက အမေးတစ်စုံတစ်ရာကိုလည်း လုပ်နိုင်ခွင့်ရှိသည် မဟုတ်ပါလား။ ထိုအခါ အသိပညာအရာတွင် နုံနဲ့ပုံရသော ထိုလူက "အိပ်မပျော်တာနဲ့ပဲ ကျုပ်လည်း

လမ်းထွက်လျှောက်တာပါ” ဟု ဆိုပါသည်။

ထို့နောက် သူ၏ အခွင့်အရေးတစ်ရပ်ကို သုံးစွဲရင်း ကျွန်တော့်အား “ဒါထက်... ခင်ဗျားပြောတဲ့ အချိန်မတော်ဆိုတာ ဘာတုန်း။ အချိန်ဆိုတာကို ခင်ဗျားက ဆုံးဖြတ်လို့ ရသတဲ့လား။ ခင်ဗျားက ကာလတရား အတွင်းထဲမှာ နေတာလား။ ကာလတရားက ခင်ဗျားလုပ်တာ ခံရသတဲ့လား” ဟု မေးပါသည်။

သင်းတို့ကဲ့သို့ ဉာဏ်ပညာအရာတွင် နုန့်နဲ့သူများတွင် အမြဲတစေ ဆင်ခြေတစ်ခုခု ရှိတတ်သည်ကို ကျွန်တော် သိပြီးသား။ ကျွန်တော့်အနေဖြင့် တစ်စုံတစ်ရာ ပြန်ရှင်းပြရမှာလား။ ကျွန်တော်က ရှင်းပြသော်လည်း သင်းကဲ့သို့ အတွေးအခေါ်ကို စနစ်တကျ မတည်ဆောက်နိုင်သူ တစ်ယောက်အဖို့ မည်သို့ နားလည်ပါမည်လဲ။ အကယ်၍ သူက နားလည်လိမ့်မည် ဖြစ်သည့်တိုင် ကျွန်တော်က သူ့ကို နားလည်လောက်မည့် သူတစ်ယောက် မဟုတ်ဟု သတ်မှတ်ခဲ့ပြီဖြစ်၍ သင်ကလည်း ကျွန်တော်နှင့် တစ်သဘောတည်းဖြစ်ရန် လိုပါသည်။ သင်ကော ကျွန်တော်နှင့် တစ်သဘောတည်း မဟုတ်ပေဘူးလား။

ကျွန်တော်တို့အကြားတွင် ဘာသာစကား တစ်စုံတစ်ရာအားဖြင့် ဆက်သွယ်ခဲ့ကြခြင်း မရှိဘဲ စက္ကန့်နှင့် မိနစ်အချို့ကို စားသုံးလိုက်ကြပါသည်။ ထို့နောက် သူက “လာပါဗျာ။ ကျုပ်တို့ ပန်းခြံထဲ သွားထိုင်ကြရအောင်” ဟု ဆိုပါသည်။ ယခုကာလမှာ ညတစ်ခု ဖြစ်နေခဲ့သည်ကို အားလုံးက အမှတ်ရနေစေချင်သည်။ ညမှ သာမန်ညတစ်ခုမဟုတ်။ ကြယ်များနှင့် လ,တို့ မလင်းသည့်ည။ မှောင်၍မည်းသော၏။ ထိုသို့ ည၏ ဖြစ်ရှိနေသော ကာလနှင့် အာကာသအတွင်း ကျွန်တော်တို့သည် ပန်းခြံအတွင်း သွားရောက်ထိုင်ကြခြင်းဖြင့် ပန်းခြံ၏ တင့်တယ်စွာရှိနေခြင်းကို လည်းကောင်း၊ မျိုးတူစု ကွဲပြားကြလျက် ရှိကုန်သော်လည်း မက်မောစဖွယ် ပွင့်နေကြသည့် ပန်းအသီးသီးတို့၏ ရှိနေခြင်းကို လည်းကောင်း တစ်စုံတစ်ရာ ကျွန်တော်တို့ ခံစားနိုင်ကြမည်ဟု သင် ထင်ပါသလား။ ပန်းခြံ၏ သာယာတင့်တယ် မက်မောစဖွယ် ရှိနေခြင်းကို ကျွန်တော်တို့သည် အမြင်တစ်စုံတစ်ရာအားဖြင့် ခံစားနိုင်ခြင်း မရှိပါဘဲလျက်နှင့် အဘယ်ကြောင့် ယခုကဲ့သို့ ညအမှောင်အတွင်း ပန်းခြံထဲသွားကာ ထိုင်ချင်ရပါမည်နည်း။ သူ့ကို မေးကြည့်ရလိမ့်မည်။

“ညအချိန်မတော်ကြီးဗျာ။ ပန်းခြံထဲ သွားထိုင်လို့ ခင်ဗျားဟာ အဓိပ္ပာယ်ရှိပါ့မလား” ဟု ကျွန်တော်က မေးမိပါသည်။ ထိုအခါက သူက “ဘာတဲ့၊ ခင်ဗျားရဲ့ အချိန်မတော်ဆိုတာ” ဟု သူက ဆိုပါသည်။

“အချိန်၏ တော်၏မတော်၏ လို့ ခင်ဗျားက ပြောလို့ရသတဲ့လား။ ကာလတရားကို ခင်ဗျားလို လူတစ်ယောက်က ဆုံးဖြတ်လို့ ရသတဲ့လား။ ခင်ဗျားလို ဓာတ်မီးတိုင်မှီပြီး ငေးချင်ရာငေးနေတဲ့ လူတစ်ယောက်က ကာလတရားကို

ဆုံးဖြတ်နိုင်သတဲ့လား။ ကာလတရားကို တကယ်တမ်း အသုံးချတတ်တဲ့ သူများမှသာ ကာလတရားကို တော်၏သင့်၏လို့ တန်ဖိုးဖြတ်နိုင်တာ မဟုတ်လား” ဟု သူက မေးခွန်းများထုတ်ကာ ဆက်၍ ပြောပါသည်။

သူ၏မေးခွန်းများကို ကျွန်တော်က မဖြေတော့ပါ။ သူ့မေးခွန်းများကို ကျွန်တော်က မဖြေနိုင်၍ မဖြေသည်လား၊ သို့မဟုတ် မဖြေချင်၍ မဖြေသည်လား ဆိုသည်ကို နောင် သင်နှင့် အေးအေးဆေးဆေး တွေ့သည့်အခါမှ ရှင်းပြပါမည်။ ယခုသော် အကျယ်အကျယ် မငြိမ်းဖွယ်မဖြစ်ရန် ရည်၍ ကျွန်တော်သည် သူနှင့် ပန်းခြံအတွင်းသို့ လိုက်သွားပါဦးမည်။ သင်ကော လိုက်ခဲ့ပါလား။

(ခ)

ပန်းခြံကို သူရော ကျွန်တော်ပါ မကြာမကြာ ရောက်လေ့ရှိပါသည်။ သို့မဟုတ် ရောက်လေ့ရှိခဲ့ပုံ ရပါသည်။ ပန်းခြံအနီးသို့ရောက်သော် ပန်းတို့၏ ရနံ့အချို့ကို ရလိုက်မိပါသည်။ မြစ်ဘက်မှ တိုက်ခတ်လာသော လေအတွင်း၌ ဒိုက်အနံ၊ နွံအနံ့ စသည်တို့နှင့်အတူ ပန်း၏ရနံ့များ ပါလာပါသည်။ ဆောင်းဦးကို ကျော်ခဲ့ပြီဖြစ်၍ ပန်းများစွာတို့ ပွင့်ခဲ့ပြီး ဖြစ်သည်ကို သိရှိထားခဲ့သည့်အတွက် ထူးခြားစွာ ပါနေသည့်ရနံ့တို့ကို ကျွန်တော်က ပန်းရနံ့ဟု ဆိုရခြင်းသာ ဖြစ်ပါသည်။ ပန်းများ၏ အမှန်တကယ် ရှိနေခြင်းကို လည်းကောင်း၊ ပွင့်နေခြင်းကို လည်းကောင်း ကျွန်တော်က သိရှိထားခဲ့သည် မဟုတ်ဆိုခြင်းကိုမူ တင်ကူး၍ ဝန်ခံထားစမ်းပါရစေ။

အိပ်မှုန်စုံမွှားဖြင့် ထ,လာသော ပန်းခြံအစောင့်သည် ကျွန်တော်တို့ကို အထူးအဆန်းသဖွယ် ကြည့်လိုက်ပါသည်။ ထို့နောက် “ကိုယ့်ဆရာ ညကြီးမင်းကြီး တစ်ယောက်တည်း ဘယ်လိုဖြစ်လာတာတုန်း။ ပန်းခြံထဲ ထိုင်ချင်လို့လား” ဟု ဆိုရင်း အမှောင်ထဲ ကြည့်နေသည်ကို ကျွန်တော် သတိထားလိုက်မိပါသည်။

ပန်းခြံအစောင့်သည် သူ၏ခါးတွင် ချိတ်ထားသော သော့ကို ဖြုတ်ကာ ပန်းခြံ၏ ဂိတ်တံခါးကိုဖွင့်ရင်း “မိုးကလေး တစ်ပြိုက်နှစ်ပြိုက်လောက် ရခဲ့ရင် ပန်းတွေ ခုထက်ပိုလှမယ်ဗျ” ဟု ဆိုပါသည်။

သူသည် ပန်းခြံအစောင့် စကားအဆုံးတွင် ခပ်တိုးတိုး ရယ်လိုက်ကြောင်း ကျွန်တော်က ဂရုတစိုက် နားမထောင်နေသည့်တိုင် ထင်ထင်ရှားရှား ကြားလိုက်ရပါသည်။ ပန်းခြံအစောင့်ကမူ သတိထားမိလိုက်ပုံ မပေါ်ပါ။ ရယ်ခြင်းရယ်လျှင် ကျွန်တော်ကသာ ရယ်သင့်သည် ထင်ပါသည်။ သင်လည်း စဉ်းစားကြည့်စမ်းပါ။ သင်းတို့ နှစ်ယောက်စလုံးမှာ ဉာဏ်ပညာ နှံ့နဲ့ကြရာတွင် တူလှသည် မဟုတ်ပါလား။

ကျွန်တော် ရှင်းပြစမ်းပါရစေ။ ခုနက ပန်းခြံအစောင့် ပြောခဲ့သော စကားကို ပြန်၍ စဉ်းစားကြည့်စမ်းပါ။ "မိုးကလေး တစ်ပြိုက်နှစ်ပြိုက်လောက် ရခဲ့ရင် ပန်းတွေ ခုထက် ပိုလှမယ်ဗျ" ဟု ဆိုခဲ့သည် မဟုတ်ပါလား။ မည်မျှ ဆီလျော်ဆက်စပ်မှု မရှိသော စကားဖြစ်သည်ကို စနစ်တကျ အတွေးအခေါ် ဖြစ်ပေါ်ခြင်းနှင့် ပတ်သက်၍ ပြက်သိကာမျှ သိသူများပင် သိကြပါလိမ့်မည်။ မိုးရွာခြင်းနှင့် ပန်းများလှပခြင်းများ အကြားတွင် ခရီး တစ်သောင်းမက ဝေးကွာနေခဲ့ကြောင်း သင်လည်း သိသည် မဟုတ်ပါလား။ မိုးရွာခြင်းမှာ မိုးရွာခြင်းသာ ဖြစ်ပြီး မိုးရွာခြင်းမှာ လှပခြင်း၏ ဖန်ဆင်းရှင် မဟုတ်သည်ကို သင်းသိဖို့ ကောင်းပါသည်။

ပန်းခြံအစောင့်ကိုမူ ကျွန်တော်က အပြစ်များစွာ မတင်ချင်လှပါ။ သူသည် ပန်းခြံအစောင့်သာ ဖြစ်ပြီး ဥယျာဉ်မှူးမဟုတ်ပါ။ သူသည် သူပြောချင်သည်ကိုသာ ပြော၍ လူ့အထင်ကြီးရန် မေးခွန်းထုတ်တတ်သူမျိုး မဟုတ်ပါ။

"ခင်ဗျားအနေနဲ့ ပြောဖို့ကောင်းတာက မိုးရွာရင် အပင်တွေ သန်လိမ့်မယ်လို့ ဖြစ်သင့်တယ် မဟုတ်လား" ဟု ကျွန်တော်က ပြောလိုက်သောအခါ ပန်းခြံအစောင့်သည် ကျွန်တော့်ကို အထူးအဆန်းသဖွယ် ကြည့်နေကြောင်း ကျွန်တော် သတိထားမိလိုက်ပါသည်။ ထိုအခါ ကျွန်တော်နှင့် ပါလာသော (ထို) လူက "ခင်ဗျားအလုပ်လား။ မိုးရွာလို့ အပင်ပဲသန်သန်၊ ပန်းပဲလှလှ ခင်ဗျားနဲ့ ဘာဆိုင်သလဲ" ဟု ဆိုရင်း ကျွန်တော့်ရှေ့ကို ကျော်တက်ကာ ပန်းခြံထဲသို့ ဝင်သွားပါတော့သည်။

ကျွန်တော့်အနေဖြင့် တစ်စုံတစ်ရာမျှ ပန်းခြံအစောင့်အား မပြောတော့ဘဲ သူ လျှောက်သွားရာဘက်ဆီသို့ လျှောက်လိုက်ခဲ့မိပါသည်။ သူ့ကို မီလာသောအခါတွင်မူ "ခင်ဗျားတို့တစ်တွေဟာ အတူတူချည်းပဲ။ အင်မတန် ခက်တဲ့လူတွေ" ဟု ကျွန်တော်က ပြောလိုက်မိပါသည်။ သူသည် လှေကားထစ်များသဖွယ် ဖြစ်နေသော အုတ်ကွက်များပေါ်တွင် ထိုင်လိုက်ရင်း "ဘာတဲ့... ခင်ဗျားရဲ့ ခက်တယ်ဆိုတာ။ ခက်တာနဲ့ လွယ်တာရဲ့ အကြားမှာ စည်းရိုးမရှိဘူးဆိုတာ ခင်ဗျား မသိဘူးလား" ဟု ကျွန်တော့်ကို မေးပါတော့သည်။ ယခုအခါတွင်မူ နှောင်းခဲ့ပြီဖြစ်သော အသိတရားအသစ် တစ်စုံတစ်ရာ ကျွန်တော့်၌ ဖြစ်ပေါ်ခဲ့ပါပြီ။

အကယ်၍နှင့် အကယ်၍သာလျှင် ကျွန်တော်သည် ထိုအသိပညာအရာတွင် နှံ့နှံ့ပုံပုံရသူနှင့် လိုက်ပါမလာခဲ့ဘဲ ရည်ရွယ်ရင်း အကြောင်းတစ်စုံတစ်ရာ မရှိဘဲ ကျောက်လမ်းနံဘေးက ဓာတ်မီးတိုင်ကိုမှီရင်း မိုးကောင်းကင်ကြီးအား ကြည့်နေခဲ့ပါက ယခုကဲ့သို့ စိတ်အနှောင့်အယှက် တစ်စုံတစ်ရာနှင့်မျှ ကြုံတွေ့ ရလိမ့်မည် မဟုတ်ပါ။ သို့ရာတွင် ကျွန်တော်သည် 'ဖြစ်သင့်ခြင်း' နှင့် 'ဖြစ်နေခြင်း' တို့ကို ရောယှက်ကာ စားသုံးမိခဲ့ပြီဖြစ်၍ ယခုအခါတွင် အသိတရား၏ ဝမ်းပျက်ခြင်း ဝေဒနာကို ခံစားနေရပါပြီ။

သို့အတွက် သူ၏နံဘေးတွင် အသာထိုင်ချလိုက်ရင်း ဝေဒနာ၏ ဖြစ်ခြင်းနှင့်

တည်နေခြင်းကို မှတ်ယူခံစား နေလိုက်မိပါသည်။ ပန်းခြံ၏ လှပစဖွယ် ရှိနေလိမ့်မည်ဟူသော အသိတရားမှာ ည၏ အမှောင်အောက်တွင် အသိတရား တစ်စုံတစ်ရာအား သိရှိနေခြင်းထက် မပိုတော့ပါ။

အချိန်အတော်ကြာ သူနှင့် ကျွန်တော်တို့ အကြား၌ ဘာသာစကား တစ်စုံတစ်ရာအားဖြင့် ဆက်သွယ်ခဲ့ကြခြင်း မရှိခဲ့ကြပြီးနောက် သူက "ကျုပ်တို့ မြစ်ဘက် လျှောက်ကြရအောင်လား" ဟု ဆိုပါသည်။ ယခုအခါတွင်မူ ကျွန်တော့်တွင် အသိတရားနှင့် သတိတရားတို့ ရှိခဲ့ပါပြီ။

ထို့ကြောင့် ကျွန်တော်က သူ့ကို "မြစ်ရှိနေတာကို ခင်ဗျားရော ကျုပ်ပါ သိပြီးသားပဲ။ မြစ်ဘက်ကိုလည်း ရောက်ဖူး၊ တွေ့ဖူးပြီးသားပဲ။ ခုလို ညမှောင်မှောင်ကြီးထဲမှာ မြစ်ဘက်သွားလို့ ဘာအကျိုးတရား ဖြစ်ထွန်းမှာလဲ။ ခင်ဗျားမှာ ပြည့်စုံလုံလောက်တဲ့ ဆင်ခြေရှိလို့လား" ဟု မေးလိုက်မိပါတော့သည်။

သူသည် အတော်ကြာအောင် တစ်စုံတစ်ရာကိုမျှ မဆိုဘဲ ကျွန်တော့်ကို စူးစူးဝါးဝါး ကြည့်နေပုံမှာ သားကောင်တွေ့သော ကျားသစ်တစ်ကောင်၏ မျက်လုံးများနှင့် တူလှပါသည်။ အတန်ကြာမှ ည၏ ငြိမ်သက်လျက် ရှိနေခြင်းကို ဖောက်ခွဲလိုက်ရင်း သူက ဤသို့ဆိုပါသည်။

"ဘာဆင်ခြေလဲ။ ဆင်ခြင် နည်းလမ်းတကျနဲ့ တည်ဆောက်ထားတဲ့ ဆင်ခြေတွေလား။ အရာရာဟာ ဆင်ခြေတစ်စုံတစ်ရာနဲ့ တည်ဆောက်ထားတယ်လို့များ ထင်လို့လား။ ဒီမှာ ကိုယ့်လူ၊ လောကကြီးဟာ စနစ်တကျ တည်ဆောက်ထားတာ ဖြစ်ချင်ဖြစ်မယ်။ ကစဉ့်ကလျား တည်ဆောက်ထားတာ ဖြစ်ချင်ဖြစ်မယ်။ ဒါပေတဲ့ ဘဝရဲ့ ဖြစ်နေခြင်းဟာ ဆင်ခြင်နည်းလမ်းတကျ ဆင်ခြေပုံစံများနဲ့ တည်ဆောက်ထားတာ လို့များတော့ မထင်လေနဲ့ ကိုယ့်လူ"

သူ့အသံထဲတွင် မာနသံ မပါတော့ပါ။ ကျွန်တော်နှင့် ပြောဆိုဆက်ဆံရသည်ကို သူ ငြီးငွေ့စပြုခဲ့ပြီ ထင်၏။ အသိပညာအရာတွင် သူနှင့် ကျွန်တော် မည်သူသာသည်ကို သူက စဉ်းစား၍ နေပေပြီလားဟူ၍ကား ကျွန်တော်က တွေးလိုက်မိပါသည်။

သူက "ခင်ဗျားဟာ စာအုပ်ထဲက လူပဲ။ ဘဝကို သီဝရီတွေနဲ့ တည်ဆောက်ချင်တဲ့ လူပေပဲ။ တစ်ပတ်ရစ် အတွေးအခေါ်တွေကို ဘာဖြစ်လို့ ပြန်ပြီး မြေတောင်မြှောက်ချင် နေရတာလဲ။ နောင် ခင်ဗျားနဲ့ ကျုပ် တွေ့ကြတဲ့အခါမတော့ ခင်ဗျားကို ကျုပ် တကယ့်ဘဝထဲမှာ တွေ့ချင်တယ်ဗျာ။ တကယ့်ဘဝထဲ ခုန်ထွက်ခဲ့စမ်းပါ" ဟု ပြောရင်း ကျွန်တော့်ပခုံးအား ပုတ်လိုက်သည်ကို ကျွန်တော် သတိထားမိလိုက်ပါသည်။

ထို့နောက် သူနှင့် ကျွန်တော်တို့အကြား ဆက်သွယ်မှု ပြတ်တောက်

သွားခဲ့ပါသည်။

(၈)

ကောင်းကင်ကြီးတွင် အလင်းရောင်၏ အခန်းကဏ္ဍ ကျယ်ပြန့်လာသည်ကို ကြည့်နေရင်း များမကြာမီ မိုးလင်းတော့မည် ဟူသော အသိကို ရရှိလိုက်ပါသည်။ မည်မျှကြာအောင် ကျွန်တော်သည် မှောင်သော၊ မည်းသော ညတစ်ခု၏ အတွင်း၌ ရည်ရွယ်ရင်းအကြောင်း တစ်စုံတစ်ရာ မရှိပါဘဲ ပန်းခြံတစ်ခု၏ အတွင်းတွင်ထိုင်ရင်း မိုးကောင်းကင်ကြီးအား ကြည့်နေခဲ့မိသည် မသိ။ အသိပညာတွင် နုန်နဲ့ပုံရသော (ထို) လူမှာ မည်သည့်အခါက ကျွန်တော့်နားမှ ထ,သွားခဲ့သည်ကိုပင် မသိ။ အလင်းရောင် အတော်အတန် ရရှိလာသောအခါ ကျွန်တော်၏ ပတ်ပတ်လည်သို့ လှည့်ကြည့်လိုက်သော်လည်း သူ့ကို မတွေ့ရ။ အသိတရားထဲတွင်မူ သူသည် ကျွန်တော့်ကို တစ်နေရာရာမှ စောင့်ကြည့်နေပေမည်ဟု သိရှိခံစားမိသဖြင့် ဘဝင်မကျမိသော်လည်း ကျွန်တော့်အတွေးထဲတွင် ပိုမိုကောင်းမွန်သော စိတ်ကူးများ ပေါ်မလာတော့ချေ။

အလင်းရောင် အားကောင်းလာသောအခါ ခပ်လှမ်းလှမ်း၌ နှင်းဆီပန်းတစ်ခင်းကို ထင်လင်းစွာ မြင်တွေ့လာရတော့သည်။ အခြားအခြားသော ပန်းအသီးသီးတို့၏ အရောင်စုံနေခြင်း အဖြစ်သည် သိရှိထားသဖြင့် သိရသော အဖြစ်ကို ကျော်လွန်ကာ အတွေ့အကြုံ၏ ပံ့ပိုးပေးခြင်းကိုပါ ရရှိခဲ့ပေပြီ။ မြစ်၏ရေပြင်ကို မြင်ရတွေ့ရသည် သာမက မြစ်၏ အခြားတစ်ဖက်မှ တောင်ရိုးကို လည်းကောင်း၊ တောင်ရိုးပေါ်ရှိ စေတီဖြူဖြူကလေးများကို လည်းကောင်း တွေ့ရမြင်ရပေပြီ။

ညမှာ ပြိုပျက်စပြုခဲ့ပြီ။ ည၏ ဖြစ်ခဲ့ရှိခဲ့ခြင်းများမှာ များမကြာမီ အတိတ်ကာလတစ်ခုအဖြစ် ပြောင်းသွားတော့မည် ဖြစ်သော်လည်း ၎င်း၏ ရှိခဲ့ခြင်းများကိုမူ မငြင်းဆိုနိုင်။ ညတစ်ခုအတွင်း၌ ပစ်ချထားခြင်း ခံခဲ့ရသော ကျွန်တော်သည် ယခုအခါ နေ့ကာလတစ်ခုအတွင်း ပစ်ချထားခြင်း ခံရရန် ဖြစ်လာခဲ့ပါပြီ။

ကာလတရား၏ ပြောင်းလဲခြင်းအတွင်း၌ ကျွန်တော်သည် ကျွန်တော်သာ ဖြစ်ခဲ့ပါပြီ။ ပန်းခြံအစောင့်သည်ပင် ပန်းခြံဂိတ်တံခါးများကို ဖွင့်နေသည်ကို တွေ့ရသောအခါ ကျွန်တော် အိမ်ပြန်ရန် သင့်ပြီ ဆိုသည်ကို ရိပ်စားမိလိုက်ပါပြီ။ ကျွန်တော် အိမ်သို့ ပြန်ပါတော့မည်။ (ထို) အသိပညာအရာတွင် နုံနဲ့ပုံရသော လူတစ်ယောက်က ပြောခဲ့သလို ကျွန်တော်၏ အိမ်မှာ စာအုပ်ကြီးများအထဲမှာသာ ဖြစ်ခဲ့လျှင် ယခု ကျွန်တော် အိမ်ပြန်၍ အိပ်တော့မည်ဆိုခြင်းနှင့် ပတ်သက်၍ အချင်းများဖွယ် တစ်စုံတစ်ရာ ရှိလိမ့်မည်မထင်ပါ။

သင့်ကို ပြောပြမည်ဟု ဝန်ခံခဲ့သော ကြယ်များနှင့် လ,တို့ ကင်းပလျက်ရှိသော ကောင်းကင်ကြီး၏ အကြောင်းမှာ ယခုအခါတွင် အတိတ်ကာလ၌ တည်ခဲ့ပါပြီ။ သင် နားထောင်ချင်သေးသည်ဟု ဆိုလျှင် ကျွန်တော်က ပစ္စုပ္ပန်ထဲမှ ရပ်၍ ပြောရပါလိမ့်မည်။ သင်ကမူ မိုးလင်းခဲ့ပြီဖြစ်၍ မအိပ်ရတော့ဘူးဟု ယုတ္တိဗေဒ တစ်စုံတစ်ရာ အားကိုးဖြင့် တစ်ခုခု ပြောချင်ပါသေးသလား။

■